


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်

| | | |
|---|---|---|
| ကွန်ပျူတာစာစီ | - | ခင်ပြုံးဝင်း |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၀၄၀၅)<br>ရွှေပဒေသာစာပေတိုက်<br>အမှတ်(၃၃)၊ ကျိုက်တော်လမ်း<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၀၂၄၀)<br>'ရွှေပဒေသာအော့ဖ်ဆက်'<br>အမှတ်(၃၃)၊ ကျိုက်တော်လမ်း<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်။ |
| ဖြန့်ချေး | - | ၁၆၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)

အချစ်ပြင်းပြင်း အမုန်းရှရှ
မိုးစက်ပွင့်
ရွှေပဒေသာစာပေ၊ ၂၀၁၆၊ ရန်ကုန်။
၂၃၂ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) အချစ်ပြင်းပြင်း အမုန်းရှရှ




# အချစ်ပြင်းပြင်း အမုန်းရှရှ

## မိုးစက်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"အဖေ"

"........"

"အဖေရေ…အီး…ဟီး…ဟီး"

ဝမ်းခေါင်းသံပါအောင် အော်ပြီး ဖခင်ကို တမ်းတငိုကြွေးနေတဲ့ ကလေးမလေးရဲ့အသက်က ဆယ်နှစ်သာ ရှိသေးသည်တဲ့။ အရွယ်နဲ့ မလိုက်အောင် လောကဓံရဲ့ထုထောင်းရိုက်ပုတ်မှုဒဏ်ကို ခံရတာ အခု မိဘမဲ့ဘဝကို ရောက်ရပြီလေ။ အမေကလည်း သူမကို မွေးပြီးကတည်းက ဆုံးသွားသည်တဲ့။ ဖခင်ရဲ့မေတ္တာရိပ်အောက်မှာ ဆယ်နှစ်တာ ကြီးပြင်းလာရတဲ့ ကောင်မလေး။

အခု…

ဖခင်ဆိုတဲ့ အရိပ်တစ်ခုကပါ ပြိုလဲသွားပြန်ပြီ။ ဘယ်မှာလဲ အားကိုးစရာ။ လူလားမမြောက်သေးတဲ့အရွယ် ဖြစ်သည့်အပြင်





မိန်းကလေးကလည်း ဖြစ်နေပြန်တော့ ရှေ့ရေးကိုတွေးပြီး ရင်လေးစရာပါ။ ဒါ ကိုယ့်အချစ်ဆုံးသူငယ်ချင်းရဲ့သမီးလေးမို့ ဦးကောင်း ကိုယ့်မှာ တာဝန်မကင်းဘူးလို့ ထင်မိ၏။

ဘာပဲဖြစ်ဖြစ်…

ကိုယ့်အချစ်ဆုံးသူငယ်ချင်းရဲ့သမီးလေးက ကိုယ့်သမီးလေးပဲပေါ့။ ကိုယ်[illegible]လည်း မွေးထားတာ ရှားရှားပါးပါး သားတစ်ယောက်တည်းရယ်။ ဒီသားတစ်ယောက်မွေးဖို့တောင် မိန်းမက မနည်းပြောရတာလေ။

"ဒူဝေ…ဝေ…ဝေ…ဝေ"

"အဖေ…သမီးကို မထားခဲ့ပါနဲ့ အဖေရယ်။ အဖေမရှိရင် သမီးက ဘယ်သူ့ကို အားကိုးရမှာလဲ အဖေရဲ့။ သမီးကိုပါ ခေါ်သွားပါ…သမီးကိုပါ ခေါ်သွားပါ…အဖေ့…ဟီး…ဟီး"

"သမီး"

"ပြောတော့ သမီးကို စိတ်မချဘူးဆို…အခုတော့ စိတ်ချသွားပြီလား အဖေရယ်…အဖေမရှိရင် သမီး ဘယ်လိုနေရမှာလဲ အဖေရဲ့"

"သမီး…လင်းဆစ်နွယ်"

"အဖေရေ…"

အလောင်းကို သင်္ချိုင်းမှာ မြေမြှုပ်ဖို့ သယ်ဆောင်သွားကြပြီမို့ ကလေးမလေး လိုက်သွားဖို့ပြင်လေလျှင် ဦးကောင်းကင် ပခုံးကနေ ဖက်ပြီး ချုပ်ထားရလေ၏။

"မလိုက်ပါနဲ့ သမီးရယ်…သမီး လိုက်သွားလို့ မဖြစ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မလိုက်ပါနဲ့"

"ဟင့်အင်း…လိုက်မယ်…သမီး လိုက်ပါရစေ"

"သမီး"

"သမီး လိုက်ပါရစေ ဦးဦးရယ်…အဖေ"

"သမီး…ဦးဦးစကားကို နားထောင်စမ်း…သမီးလိုက်လို့ မဖြစ်ဘူး"

"ဟင့်အင်း…လိုက်မယ်"

လိုက်ချင်စိတ်ပြင်းပြနေသူက တတ်နိုင်သလောက်ခွန်အားနှင့် ရုန်းထွက်နေတာ ဦးကောင်းကင် မနည်းချုပ်နေရ၏။ လိုက်သွားလို့က တော့ သင်္ချိုင်းရောက်ရင် မြေမြှုပ်တဲ့အခါ ကလေးမလေး ပိုပြီး ခံစား ရမှာပေါ့။

"အီး…ဟီး…ဟီး"

"သမီး"

"လွှတ်ပေးလိုက် ဖေဖေရာ…စေတနာကို စေတနာမှန်းမသိ၊ ဖေဖေမို့လို့ သားကတော့ လုံးဝကို စိတ်မရှည်တာ"

"သား"

နှစ်သိမ့်ပေးလိုသော လက်အစုံက ကလေးမလေးကို လွှတ်မပေး နိုင်ဘဲရှိကာ သားကိုလှည့်ကြည့်ပြီး မျက်ခုံးနှစ်ဖက် ကျုံ့သွားလေ၏။ စိတ်မရှည်တတ်တာကိုသိပေမယ့် တစ်ဖက်ကလည်း ခံစားနေရတာ မရှုမလှပဲလေ။ မခံစားဖူးတော့ ကိုယ်ချင်းမစာတတ်တာကို နားလည် ပေးနိုင်ခြင်းနှင့်အတူ…





"ဘယ်လိုပြောလိုက်တာလဲ သားရယ်…သူ့ခမျာ မိဘမဲ့ဘဝ ကို ရောက်ရတဲ့အတွက် ဘယ်လောက်ဝမ်းနည်းခံစားနေရမလဲ။ သားက ဘယ်လိုအမှုမှ မကြုံခဲ့ရဖူးသေးတော့ ကိုယ်ချင်းမစာတတ်ဘူး ပေါ့။ ကိုယ်နဲ့မဆိုင်ဘူးဆိုပြီး ဥပေက္ခာပြုတတ်တဲ့စိတ် မမွေးပါနဲ့ သားရယ်…သူ့နေရာ ခဏဝင်ကြည့်ပြီး ငါဆိုရင်လို့ တွေးကြည့်လိုက် စမ်းပါ"

"အခု မိဘမဲ့ဖြစ်သွားပေမယ့် သူ့ကို ဖေဖေ မွေးစားဖို့ပြောထား တယ်မဟုတ်လား။ ဘာအားငယ်စရာရှိတော့လို့လဲ…ကံကောင်းတယ် လို့တောင် ပြောရဦးမှာ။ မတောင့်မတ မကြောင့်မကျဘဝနဲ့ နေရမှာကို များ မျက်ရည်က ကုန်ပဲမကုန်နိုင်ဘူး"

"မင်း ကလေးအတွေးနဲ့ အဲဒီလို ပေါ့ပေါ့ပြောတာ ဖေဖေ မကြိုက်ဘူး သား…ဒီကလေးမလေးရဲ့ခံစားချက်မျိုး မင်းကိုယ်တိုင် ကြုံလာတဲ့အခါ သိလိမ့်မယ်။ ဘယ်သူပဲဖြစ်ဖြစ် ရွှေဘုံပေါ်မှာ စံစား ရမယ်ဆိုရင်တောင် မိဘမေတ္တာရိပ်နဲ့ မလဲနိုင်ကြဘူးကွ"

ဖေဖေ့လေသံက နည်းနည်းမာသလိုရှိတာမို့ အဓိက ကောင်မလေး ကိုပဲ ဆင်ကြည့်ကြည့်ပစ်လိုက်၏။ ငိုပဲငိုနိုင်လွန်းလို့လေ။ သူက ကိုယ် ချင်းမစာတတ်တာ မဟုတ်ပါဘူး။ ကလေးဖြစ်ပြီး လူကြီးတွေထက် ပိုခံစားတတ်နေလို့ ကြည့်မရတာ။

ပုံစံကိုလည်း ကြည့်ဦး…

မျက်ရည်တွေ ရွှဲနစ်နေရတဲ့အထဲ နှပ်ချေးတွေက ထွက်လိုက် သေး။ ရွံစရာကောင်းသူပီပီ အဓိက နှာခေါင်းရှုံ့ပြီး အန်ချင်စိတ်ပင်ပေါက်သွား

www.burmeseclassic.com



၏။ ကလေးက ကလေးလို ဘောင်းဘီ၊ စကတ် မဝတ်ပါဘဲ ဝတ်ထားတာက ထဘီအနက်ခံပေါ်မှာ အနီရောင်အဝိုင်းလေးတွေနှင့်လေ။ အင်္ကျီက အဖြူကနေ ဝါကျင်ကျင်အရောက်ပေါက်နေပြီ။ ဆံပင်တွေက ကျောလောက်ရှိပြီး ဖိုးရိုးဖားရားနှင့်ဆိုတော့ အရူးမနဲ့တောင် တူနေသေးရဲ့။

ကလေးပဲ…

ဆံပင်အရှည်ထားစရာလိုသေးလို့လား။ မထိန်းတတ်မသိမ်းတတ် မပြုပြင်တတ်တဲ့အရွယ်မှာ ညှပ်ပစ်လိုက်ပေါ့။

ခုတော့…

"သမီး"

ဦးကောင်းကင်ခေါ်တော့ မော့ကြည့်တဲ့မျက်ဝန်းတွေမှာ မျက်ရည်တို့က မခြောက်နိုင်။

"သမီး ဘာမှအားမငယ်နဲ့နော်…သမီးဖေဖေ မရှိတော့ပေမယ့် ဦးက သမီးဖေဖေရဲ့သူငယ်ချင်းပဲဥစ္စာ…ဦးကို သမီးရဲ့ဖေဖေလို့ သဘောထားပါကွယ်။ သမီးက ဦးရဲ့သမီး ဖြစ်သွားပြီ…ဘာမှအားမငယ်နဲ့နော်"

"ဟုတ်"

"ဒါမျိုးကျ 'ဟုတ်'တဲ့၊ မပြောလိုက်ချင်ဘူး"

"သား"

"………"

"မင်း ဘယ်လိုဖြစ်နေတာလဲ…ဖေဖေ စကားပြောနေရင် မင်း





ဝင်မပြောနဲ့လေကွာ"

"ပြောစရာဖြစ်နေလို့ ပြောမိတာ"

"လင်းဆစ်နွယ်က ကလေးပဲရှိသေးတာ။ မင်းက အသက် ၂၀ ပဲဖြစ်နေပြီ။ ကလေးတစ်ယောက်အပေါ်မှာ တကယ်ဆို မင်းက သနားကရုဏာထားတတ်ရမှာ မဟုတ်ဘူးလား"

ကလေးနဲ့လူကြီး ခွဲခြားပြီး ကိုင်ပေါက်လိုက်တော့မှ အမိကငြိမ်သက်သွား၏။ အမိက,က လင်းဆစ်နွယ်ကို ကြည့်မရသလို လင်းဆစ်နွယ်ကလည်း စကားပြောမာရေကြောရေနိုင်လွန်းလှတဲ့ အမိကကို ကလေးအတွေးနှင့်ပဲ ကြည့်မရစွာ မုန်းတီးစိတ်တွေ ဖြစ်တည်သွားမိ၏။

"ကဲ…သမီး"

"ရှင်"

"မျက်ရည်တွေ သုတ်လိုက်နော်။ သမီးမှာ အဖေမရှိတော့ပေမယ့် ဦးရှိပါတယ် သမီးရယ်"

ဦးကောင်းကင် ကိုယ့်သူငယ်ချင်းရဲ့သမီးလေးကို ကိုယ့်သမီးလေးလိုပဲ ရင်မှာသဘောထား၍ မျက်ရည်တွေကို ကိုယ်တိုင်ပဲ သုတ်ပေးလိုက်၏။

သူ့မှာ အမိကဆိုတဲ့ သားတစ်ယောက်မှလွဲ၍ နောက်ထပ် သားသမီး ဆိုတာ ရှိမှရှိမလာနိုင်တော့ပဲလေ။

ဒါကြောင့်…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဘာ…ဒီကလေးကို မွေးစားဖို့ခေါ်လာတာ…ဟုတ်လား"

မျက်ဝန်းကို ကြည့်စရာမလို၊ စိတ်ကို ခန့်မှန်းနေစရာမလိုဘဲ အသံကြားရုံနဲ့ သိသာလွန်းတာက မလိုလားမှုများစွာ။ လိုလားပါ့မလား။ သူမကိုယ်တိုင်ကတောင် အမိကဆိုတဲ့ သားတစ်ယောက်ကို မိခင်ဆိုပြီး ဂရုစိုက်ခဲ့တာမှ မရှိတာ။ သူများကလေးကို သည်းခံဖို့ဆိုတာ ဝေလာဝေးစွပေါ့။

သားကိုမွေးဖို့တောင်…

ကောင်းကင်ဆိုတဲ့ကောင် ချော့လိုက်ကြမ်းလိုက်နဲ့ မနည်းပြောခဲ့ရတာလေ။ မွေးလာတော့လည်း သားကို နို့တိုက်ရင် အလှပျက်မှာစိုးလို့ဆိုပြီး နို့မှုံ့သာ တိုက်ခဲ့တဲ့မိခင်။ တိုက်တော့တိုက်ခဲ့ပါသေးတယ်။





မိခင်နို့ကို ငါးလပဲ တိုက်ခဲ့တာလေ။ အဲဒီငါးလကာလမှာ နို့မတိုက်ချင်လို့ လင်မယားချင်း ရန်ဖြစ်ရတာ ခဏခဏပဲမဟုတ်လား။ မိခင်ရယ်လို့ ကလေး ကရိုကထကိုလည်း ဘာမှမခံနိုင်သဖြင့် ဦးကောင်းကင်ဝဲ တာဝန်ယူကာ ပြုစုခဲ့တာမို့ သားကလည်း မအေကို ဖုတ်လေသည့်ငါးပိ ရှိသည်လို့တောင် မမှတ်ခဲ့တာ။

"ပြောစမ်းပါဦး ကိုကောင်းကင်ရဲ့…သူများကလေးကို ရှင်က ဘာကိစ္စနဲ့ မွေးစားဖို့ ဆုံးဖြတ်ရတာလဲ"

"ဘာကိစ္စနဲ့မှ မဟုတ်ဘူး။ ငါ့သူငယ်ချင်းရဲ့သမီးလေးမို့ ငါ ဥပေက္ခာ ပြုမထားနိုင်တာ"

"ရှင့်သူငယ်ချင်းသမီးမကလို့ ရှင်နဲ့ရတဲ့ ရှင့်သမီးပဲဖြစ်ဖြစ် ကျွန်မ လက်မခံနိုင်ဘူး"

"ဘာ…ပဏ္ဍမြားခင်"

ခေါ်လိုက်တဲ့အသံနဲ့ ပြန်ကြည့်တဲ့မျက်လုံးအစုံကြောင့် လင်းဆစ်တိုယ်လေးကျုံ့သွားလေ၏။ ကိုယ့်ကြောင့် သူများလင်မယား ရန်ဖြစ်ကြတယ်ဆိုရင် မကောင်းဘူးလေ။ ဖြစ်နိုင်ရင် ချက်ချင်းပြန်ပြေးပြီး ကိုယ့်အိမ်စုတ်ကလေးထဲမှာပဲနေချင်တာ။

ဒါပေမယ့်…

အိမ်မှာက လင်းဆစ်အတွက် အားကိုးစရာ အဖေက မရှိတော့ဘူးလေ။

"မင်း မိန်းမတစ်ယောက်ဖြစ်ပြီး ဘာလို့ မိခင်စိတ် မမွေးနိုင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက သူ့အမေမှ မဟုတ်တာ။ ရှင်ပြောတဲ့ မိခင်စိတ် မမွေးနိုင်ပါဘူး။ ခုခေတ်ထဲမှာ လူတစ်ယောက်ရဲ့စရိုက်ဆိုတာ တာဝန်ယူရတာနည်းသလား"

"ယုံပါတယ်…မင်းမှာ မိခင်စိတ်မရှိတာကို ငါ ယုံပါတယ်။ ကိုယ့်သားအရင်းအပေါ်တောင် ကြင်နာယုယမှုတွေ မပေးနိုင်ဘဲ မိခင်စိတ်မမွေးနိုင်တဲ့မိန်းမပဲဥစ္စာ"

ဒီလောက် ပြောလိုက်တာပဲ ကျေးဇူးတင်ဖို့ကောင်းသေးတယ်။ ဟုတ်တာမှန်တာတွေသာပြောရရင် ကိုယ်နှားကျနေတာ လူသိဦးမယ်လေ။

"ရှင် သိတယ်မဟုတ်လား…ပြီးတာပဲ"

"မင်းလည်း ကိုယ့်ကိုယ်ကိုယ်သိပေါ့"

"ရှင်က ဒီကလေးကို မွေးကိုမွေးစားမယ်ပေါ့…ဟုတ်လား"

"ဟုတ်တယ်"

"ဘာလဲ…မွေးပြီးစားဖို့လား"

"ဝုန်း"

"အမေ့"

ဦးကောင်းကင် စားပွဲကို လက်ဝါးနှင့်ရိုက်ပြီး ဆတ်ကနဲ ထရပ်လိုက်တာကြောင့် လင်းဆစ်ကိုယ်လေး တွန့်သွားပြီး ဘယ်ကိုပြေးပုန်းချင်မှန်းပင် မသိတော့ပေ။ ဒေါ်ပဒ္မာမြားခင်၏စကားအဓိပ္ပာယ်ကို နားမလည်တတ်သေးတဲ့ လင်းဆစ်ကတော့ ဦးကောင်းကင် ဘာကိုဒေါသထွက်မှန်းမသိရှာပေ။





ဆိုဖာပေါ်မှာ ဆောင့်ကြောင့်လေးထိုင်ပြီး ဒူးနှစ်လုံးကို ကျစ်နေအောင် ဖက်ထားမိ၏။ ဒီလိုဖြစ်တာ ကိုယ့်ကြောင့်ဆိုတဲ့အသိစိတ်နဲ့ ဒေါ်ပဒ္မာမြားခင်ကို စိတ်မလုံစွာနှင့်ကြည့်မိတော့ ကိုယ့်ကိုကြည့်လိုက်၊ ဦးကောင်းကင်ကိုကြည့်လိုက်ဖြစ်နေသော မျက်လုံးတွေက ကျားများလို ခုန်အုပ်တော့မည့်ပမာ။

ကြောက်လွန်းလို့ ဒူးလေးတွေ ဆတ်ဆတ်တုန်လာပြီး ငိုလည်း မငိုရဲဘဲရှိကာ ခေါင်းကို ငုံ့ထားရင်း ရင်ထဲမှာ မွန်းကျပ်နေသလိုပါပဲ။

"ရှင် ဘာပြောချင်လဲ…ပြောလေ…ပြောစမ်းပါ"

"ပြောရရင် ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်သွားလိမ့်မယ် ပဒ္မာမြားခင်…သူများကို မင်းစိတ်နဲ့နှိုင်းရင် ရှိုင်းသွားမှာပေါ့။ မင်းဘာတွေလုပ်နေလဲ ငါ မသိဘူးလို့ထင်နေလား။ မသိတာမဟုတ်ဘူး သိတယ်ကွ…သိတယ်။ ငါ့သားမျက်နှာကိုထောက်ထားပြီး မသိချင်ယောင်ဆောင်နေခဲ့တာ။ သားသိရင် ရှက်မှာစိုးလို့ မျက်နှာငယ်မှာစိုးလို့ ရေငုံနှုတ်ပိတ်နေခဲ့ပေမယ့် မင်းကို မသတီလို့ ငါ အခန်းခွဲအိပ်ခဲ့တာ ကြာပြီပဲ။ အဲဒီအတွက် မင်း ကျေနပ်နေခဲ့တာမဟုတ်လား"

"ကျေနပ်တယ်…သိပ်ကျေနပ်တာပေါ့။ အဲဒီအတွက် ရှင် ဘာဖြစ်ချင်လဲ…ကျွန်မနဲ့ ကွာရှင်းချင်လား"

ဒေါ်ပဒ္မာမြားခင် စိန်ခေါ်သလို မျက်နှာကိုမော့ပြီး ပြောလိုက်တော့ ဦးကောင်းကင် ရှေ့တိုးလာပြီး မျက်နှာကို သေသေချာချာ စေ့စေ့စပ်စပ် ကြည့်နေတာ ရွံရှာစက်ဆုပ်စွာ။ နဂိုကတည်းကမှ ပေါ့ပျက်ပျက်နိုင်တဲ့ မိန်းမကို အခု ငယ်ရည်းစားနဲ့ ပြန်တွေ့ပြီး အိမ်ထောင်ရေး



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန်နေတာလေ။

ကိုယ်ကလည်း…

အစကတည်းက ဒီမိန်းမကိုချစ်လို့ယူခဲ့တာမှ မဟုတ်တာ။ မိဘ စကားနားထောင်တဲ့ သားလိမ္မာလုပ်ခဲ့တာကိုက ကိုယ်မှားတာလေ။ ကိုယ့်ချစ်သူအပေါ်မှာကျတော့ မချစ်လို့မဟုတ်တဲ့ စိမ်းကားပစ်ခွာထား ရစ်ခဲ့ရတာ။ ကိုယ့်ရင်ထဲမှာ အခုထိ ချစ်သူက တည်မြဲကိန်းဝပ်နေဆဲ ပေမယ့် သားချက်နှာကို ထောက်ထားပြီး ဖခင်ပီသစွာနဲ့ ကိုယ်က တော့ ကိုယ့်အိမ်ထောင်ရေးအပေါ် သစ္စာကြီးခဲ့သူ။

"ငါ မင်းကို ဘယ်တော့မှ ကွာမပေးဘူး ပတ္တမြားခင်။ အဲဒါ မင်းကို ချစ်လွန်းလို့တော့ မဟုတ်ဘူး"

"ဘာ"

ဦးကောင်းကင် ပြောလိုက်တာက အံကြိတ်သံနှင့်ပါ။

"ငါ ကွာပေးလိုက်တာနဲ့ မင်း ဖြစ်ချင်တိုင်းဖြစ်ရင် ငါ့သား သိက္ခာတျမှာစိုးလို့…နားလည်လား"

"ရှင်…သူများကို အပြစ်ပုံချပြီး ကိုယ့်အပြစ်ကို မဖုံးစမ်းပါနဲ့။ ရှင်ကရော ငယ်ရည်းစားကို အိမ်ပေါ်ခေါ်တင်ထားတာပဲမဟုတ်လား"

"ဟ…ငါက ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းနဲ့ လူမှုရေးအရ ကူညီထားတာကွ…မင်းလို မဖောက်ပြန်ဘူး"

"မဖောက်ပြန်ဘူး…ဟုတ်လား"

"ဟုတ်တယ်…တို့က သန့်သန့်ရှင်းရှင်းပဲ၊ သူငယ်ချင်းမိတ်ဆွေ လို ကင်းကင်းရှင်းရှင်းနဲ့နေကြတာ"





"အပွန်း"

မဲ့ပြုံးတစ်ချက်က ဘယ်လောက်အစွမ်းထက်သလဲဆိုရင် ဦးကောင်းကင် ရင်ဘတ်ကို နက်ဝင်သွားစေပြီး အောင့်သက်သက် ဖြစ်သွားစေ၏။

"ကျွန်မက ရှင်တို့ကို အမြဲတမ်း မျက်လုံးဒေါက်ထောက်ကြည့် နေနိုင်တာမှ မဟုတ်တာ။ ကျွန်မကွယ်ရာမှာ ရှင်တို့ ဖောက်ပြန်နေ တော့ရော ကျွန်မ သိမှာမှမဟုတ်တာ။ ကိုယ့်လက်ခုပ်ထဲရောက်နေတဲ့ ရေကိုမှ မသောက်ရင် ရှင် သောက်ရှူးလား"

"မင်း…တောက်"

"ဖေဖေ"

ကိုယ်မဟုတ်ဘဲနဲ့ပြောတာကျ မခံနိုင်ဖြစ်ကာ လက်တစ်ဖက် မြောက်တက်သွားပေမယ့် လေထဲမှာတင်ပဲ ရပ်တန့်သွားခဲ့သည်လေ။ သူ့လက်ကို ဝင်ပြီးဆုပ်ကိုင်ထားသူက သားပါ။

"သား"

သူတို့ပြောတာတွေကို သားများကြားသွားပြီလားဆိုတဲ့ စိုးရိမ် စိတ်က တဆွေသရဲတွေ မြောက်လှန့်တာခံလိုက်ရသည့်နှယ်။

"သား…မင်း"

"ဘယ်သူပဲ မယုံသည်ရှိစေ ဖေဖေ့စာရိတ္တကို သား ယုံပါ တယ်"

"ဩော်…မင်းပြောပုံက ငါ့ကိုတော့ မယုံဘူးဆိုတဲ့သဘော လား"



www.burmeseclassic.com

www.burmeseclassic.com



အမိက မိခင်ဘက်သို့ လှည့်လိုက်ကာ…

"သားက ဖေဖေ့ကို ယုံတယ်လို့ပဲ ပြောတာပါ။ မေမေ့ကို မယုံဘူးလို့ တစ်ခွန်းမှမပြောမိဘူး"

"မပြောပေမယ့် ပြောနေသလိုပဲ မင်းစကားက"

"အဲဒါ… မင်း မလုံတဲ့အိုး တုတ်ထိုးပေါက်နေတာလေ။ ကလေးကို ဘာမှပြောစရာမလိုဘူး"

"ရှင် အသံကောင်းဟစ်မနေပါနဲ့။ အမိကက ရှင်ပိုင်သလို ကျွန်မနဲ့လည်းဆိုင်တယ်"

"ဒါတော့ မင်း သိသေးသားပဲ"

မဲ့ပြီး ဒေါ်ပဗ္ဗမြားခင်၏အကြည့်က လင်းဆစ်ဆီသို့ ရောက်သွားပြန်၏။ မနှစ်သက်ဘဲ မွေးခဲ့ရသည့်တိုင် ကိုယ်မွေးထားတဲ့သားကိုတော့ သားမှန်းမသိရအောင် သူမက တိရစ္ဆာန်မှမဟုတ်တာ။ အခု မသိနိုင်တာက ဒီကောင်မလေးအပေါ်လေ။ ကိုယ့်သားသမီးမဟုတ်တဲ့ သူများသားသမီးကို အမြင်ရှုပ်လို့ အိမ်ပေါ်ခေါ်တင်ထားစရာလား။

ငယ်ရည်းစားကို အိမ်မှာခေါ်ပြီး အလုပ်ပေးထားသည်အထိ သူမ သဘောထားကြီးခဲ့ပြီးပြီပဲဥစ္စာ။ အဲဒီသဘောထားကလည်း ကြီးချင်လို့ ကြီးပေးခဲ့တာတော့ မဟုတ်ဘူးပေါ့။ ကိုယ်ကလည်း ငယ်ရည်းစားကို အခုထိ အချစ်မပြယ်နိုင်ဗျာ ဆက်သွယ်ပတ်သက်နေမိသည်ဆိုတော့ ကိုယ့်အပြစ်ကို သူ့အပြစ်နဲ့ ချေပစ်ချင်တဲ့သဘောပါပဲ။

"အဲဒါတွေထားပါ…ဒီကောင်မလေးကို မွေးစားဖို့ကိစ္စ ကျွန်မ လက်မခံနိုင်ဘူး"





"ငါက မင်းဆန္ဒကို မေးနေလို့လား။ ဆုံးဖြတ်ပြီးသားကိစ္စ ငါ ဘယ်တော့မှမပြင်ဘူး"

"ဪ…ရှင်က ဒီလိုလား"

"ဟုတ်တယ်"

"ကောင်းပြီလေ…ထားချင်သပါ့ဆိုလည်း ဒီအိမ်မှာထားပေါ့။ နောက်မှတော့ ကျွန်မ ဆိုးတယ်လို့မပြောနဲ့၊ ဟဲ့…ကောင်မလေး"

"အင်"

ကြောက်လို့ ဒူးနှစ်ဖက်ကို ဖက်ထားတဲ့လက်တွေက ခေါ်သံကြောင့် လန့်ဖျပ်ပြီး လွတ်ထွက်သွား၏။

"ခေါ်နေတာကြားလား"

"ဟုတ်…ကြား…ကြားပါတယ်"

"ကြားရင် ငါ့မျက်နှာကို ကြည့်စမ်း…ငါပြောတာကို သေသေချာချာ နားထောင်"

"ဟုတ်"

ကြည့်ဆိုတော့ ကြောက်ကြောက်နှင့်ပဲ ကြည့်လိုက်ရသည်။

"ဒီအိမ်မှာနေရင် ဒီအိမ်ရဲ့စည်းကမ်းကို လိုက်နာရမယ်။ သူဌေးအိမ်မှာနေရတယ်ဆိုပြီး သူဌေးလိုတော့ မနေချင်နဲ့။ အိမ်အလုပ်တွေ ဝိုင်းကူလုပ်ရမယ်…ကြားလား"

"ဟုတ်ကဲ့…သမီး လုပ်ပါ့မယ်"

"ဘာသမီးလဲ…နင်က တို့သမီးမှ မဟုတ်တာ။ စကားပြောရင် သမီး…သမီးနဲ့ ထည့်မပြောစမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း…အဲဒီလို မကြုပ်နဲ့လေကွာ"

"ဒီကောင်မလေးကို ဒီအိမ်မှာထားချင်တယ်ဆိုရင် ရှင် ဝင်မပါပါနဲ့"

ဦးကောင်းကင် မတတ်သာစွာနှင့် ပါးစပ်ပိတ်လိုက်ရ၏။ ကြောက်လို့တော့ မဟုတ်ဘူးလေ။ သူ့မှာအပြစ်ရှိတာကို မပြောတာက သားမျက်နှာကြောင့်ဖြစ်ပြီး ကိုယ်ကလည်း မဟုတ်ပေမယ့် မြင်စရာဖြစ်အောင် ထားတို့သားအမိကို အိမ်မှာခေါ်ထားမိတာကိုး။

အခု…

လင်းဆစ်နွယ်လေးကိုပါ ထပ်ခေါ်ထားသည်ဆိုတော့ မကျေ့ခဲ ချေလိုက်ရတာမျိုးပါ။ ပြောပြီး ခေါ်ပတ္တမြားခင် လက်ကိုင်အိတ်ကို တံတောင်ကွေးမှာချိတ်ပြီး ထွက်သွားသည့်နောက်မှာ…

"သမီး…လင်းဆစ်"

"ရှင်"

"သမီး တော်တော်စိတ်ညစ်သွားပြီလား"

"ရပါတယ် ဦးဦး…သမီး…အဲ…လင်း…လင်းဆစ် အန်တီ့စကားကို နားထောင်မှာပါ"

သမီးလို့ မပြောရဘူးဆိုတော့ ကျွန်မလို့လည်း မပြောတတ်တာမို့ ဒီလိုပဲ ပြောရတော့မှာပေါ့လေ။

"နားထောင်ပါ့မယ်ဆိုရင် သွား…မီးဖိုချောင်ထဲမှာ အန်တီထားကို ဝင်ကူလုပ်"

ပြောလိုက်တာက အမိကမို့…





"သား"

"သူ့ကို သနားတယ်ဆိုတာ သား လက်ခံပါတယ် ဖေဖေ။ ဒါပေမယ့် ဦးစားမပေးပါနဲ့"

"သားရယ်…သားညီမလေးလို လင်းဆစ်ကို…"

"သား သဘောမထားနိုင်ဘူး ဖေဖေ…သားက ဖေဖေ့ရဲ့ တစ်ဦးတည်းသောသား။ ကိုယ်နဲ့ သွေးသားမတော်စပ်တဲ့လူတွေကို ညီအစ်ကိုမောင်နှမတွေလို သဘောမထားနိုင်တာ သား တရားပါတယ်။ ကိုယ့်အမေရင်းကတောင် သားကို ဂရုစိုက်ဖော်မရတာ သူစိမ်းတွေက ဘယ်လောက်မေတ္တာထားနိုင်မှာမို့လို့လဲ။ မေတ္တာငတ်လက်စနဲ့ ဆက်ငတ်တာပဲကောင်းပါတယ်။ ဗိုက်ဆာတာကို ရေသောက်ပြီး အာသာဖြေတာမျိုး သား ဘယ်တော့မှ မလုပ်ဘူး"

"ဪ…သားရယ်"

ဦးကောင်းကင် စိတ်မကောင်းစွာ ညည်းတွားလိုက်မိ၏။ သူ့အမေကိစ္စတွေကို သားသိနေတဲ့ပုံပါပဲ။ ဘယ်တုန်းကကတည်းက သိခဲ့တာလဲ။ သိပြီဆိုရင် သားရင်ထဲမှာ ဒဏ်ရာရနေမှာပဲပေါ့။

ဒါပေါ့လေ…

သားမှာလည်း မျက်စိတွေ၊ နားတွေရှိနေသည်ဆိုတော့ သိနေမှာ ဆန်းမှမဆန်းဘဲဥစ္စာ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

မိုးဖိုချောင်ထဲသို့ ခပ်ကုပ်ကုပ်ဝင်လာသော ကလေးမလေးကို မြင်တော့ ဒေါ်မြတ်ထားထား ဘယ်သူလေးပါလိမ့်လို့ ခပ်ကြောင်ကြောင်ကြည့်ရင်း ဘာမှမမေးဖြစ်သေးပေ။ သနပ်ခါးမရှိတဲ့ မျက်နှာလေးက ပြောင်သလင်းခါနေပြီး အဝတ်ကလေးတွေက ခပ်နွမ်းနွမ်းနှင့် ရယ်ပါ။ ကိုကောင်းများ ခေါ်လာလေသလားလို့ တွေးမိသွားတော့မှ…

"သမီး ဘာလိုချင်လို့လဲဟင်…ဘာလုပ်မလို့လဲ…အန်တီ့ကို ပြောလေ"

"ဩော်…"

ဘာမှန်းမသိ ဩော်သံထွက်ကာ လင်းဆစ် တအံ့တဩလေး ကြည့်မိသွား၏။ ဟိုအန်တီကြီးနဲ့ လေသံက ကွာလိုက်တာ။ ဒီအန်တီ့





အသံကချိုပြီး မျက်နှာလေးကလည်း အေးချမ်းလိုက်တာလို့ ကလေး အသိနဲ့ပြောတော့ မပြောတတ်ဘူးပေါ့လေ။ ဒါပေမယ့် စောစောက အန်တီကြီးနဲ့ အရမ်းကွာတာတော့ သိတာပေါ့။

"ပြောလေ…သမီး…ဘာလုပ်မလို့လဲ"

"ဟို…ဟိုအစ်ကိုကြီးက အန်တီ့ကို အလုပ်တွေ ဝိုင်းကူလုပ် ရမယ်ဆိုလို့ပါ။ အဲဒါ…သမီး ဘာလုပ်ရမလဲဟင်…အန်တီ သမီးကို သင်ပေးပါနော်"

"ဩော်"

ဩော်ဆိုပြီး ဒေါ်မြတ်ထားထား သက်ပြင်းချမိသွား၏။ ဆင်းရဲ သားလူတန်းစားတွေအဖို့ ဒီလိုချမ်းသာတဲ့လူတွေအိမ်ကို ရောက်လာ ပြီဆိုရင် အနှိမ်ခံ အပြောခံရတာ သဘာဝတစ်ခုလို ဖြစ်နေပြီလားတော့ မသိပေ။ ကလေးမလေးပုံက ခပ်နွမ်းနွမ်းပဲမို့ မေးနေစရာမလိုတော့ဘူး ထင်ပါရဲ့။

ဒေါ်မြတ်ထားထား ဘဝချင်းရော သားသမီးချင်းရော ကိုယ်ချင်း စာစွာ ခေါင်းညိတ်လိုက်ပြီး…

"ဘာတွေလုပ်သင့်တယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာ့ သမီးကို အန်တီထား သင်ပေးပါ့မယ်ကွယ်…ဒါပေမယ့် အန်တီ့ကိုတော့ ကူစရာမလိုပါဘူး။ ဒီအလုပ်တွေကို အန်တီထား နိုင်ပါတယ်ကွယ်"

"မလုပ်ရင် ဟိုအစ်ကိုကြီးက ဆူမှာပေါ့ အန်တီရဲ့…သမီး ကြောက်တယ်၊ အန်တီ့ကို ကူပါရစေနော်"

မျက်နှာငယ်ငယ်နှင့်ပြောနေရှာတဲ့ ကလေးမလေးကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားထား တကယ်စိတ်မကောင်းပေ။ ဟုတ်တာပေါ့။ သူမလို လူကြီးတစ်ယောက်တောင် ကျားလည်းကြောက်ရ၊ ကျားချေးလည်း ကြောက်ရဆိုတာမျိုး အမေရောသားရောကို ကြောက်နေရလို့ အလုပ် ဟူသမျှ ထောင့်စေ့အောင် သိမ်းကျုံးလုပ်နေရတာ။

ဒီကလေးက ပိုဆိုးမှာပေါ့။

ကိုယ့်သားလေးဆိုရင်လည်း သူတို့ကိုမြင်လို့ကတော့ နေစရာ မရှိအောင် ကြောက်နေရတာ။

"ကောင်းပြီလေ…အန်တီထား သမီးကို ကိုယ်ချင်းစာပါတယ် ကွယ်…သူတို့ရှိနေတဲ့အချိန်မှာတော့ သမီး အန်တီထားကို ကူပေါ့။ သူတို့မရှိတဲ့အချိန်မှာတော့ အန်တီထား ကိုယ့်ဘာသာပဲ လုပ်ပါ့မယ်။ ဒါနဲ့ သမီးနာမည်က ဘယ်သူလဲဟင်"

"လင်းဆယ်နွယ်ပါ အန်တီထား"

သူက အန်တီထားဆိုတာနှင့် လင်းဆယ် ပါးစပ်ထဲမှာလည်း အန်တီထား ဖြစ်သွား၏။

"နာမည်လေးရောလူရော ချစ်စရာလေးပဲ။ အန်တီ့နာမည်ကို လည်း မှတ်ထားပေါ့ကွယ်…အန်တီ့နာမည်က မြတ်ထားထားတဲ့"

"ဟုတ်ကဲ့…လင်းဆယ် မှတ်ထားပါ့မယ် အန်တီထား"

"သမီးကို ကိုကောင်း ခေါ်လာတာလား"

"ဦးဦးကို ပြောတာလား"

"ကိုကောင်းကင်လေ"

"ဟုတ်ပါတယ်…ဖေဖေနဲ့ဦးဦးကောင်းကင်က သူငယ်ချင်းတွေ





တဲ့။ လင်းဆယ်မေမေက လင်းဆယ်ကို မွေးပြီးကတည်းက ဆုံးသွား တာ။ အခု ဖေဖေကပါ တစ်ခါဆုံးသွားတော့ သမီးမှာ အားကိုးစရာ မရှိဘူးလေ။ အဲဒါကြောင့် ဦးဦးက ခေါ်လာတာပါ"

"အိုကွယ်"

ဒေါ်မြတ်ထားထား စိတ်မကောင်းသံလေး ထွက်သွား၏။ နှလုံး သား နူးညံ့သိမ်မွေ့သူပီပီ ကလေးမလေးရဲ့ဘဝအကြောင်းကို ကြားရ တော့ သနားကရုဏာသက်စွာ မျက်ရည်က ဝေ့ချင်ချင်။ ဘဝက ကြမ်းတမ်းလိုက်တာ။

"ကြားရတာ အန်တီထား စိတ်မကောင်းလိုက်တာ သမီးရယ်"

"အန်တီထား"

"အင်"

အသံကြားရာကို လှမ်းကြည့်လိုက်တော့ တံခါးဝမှာ ခါးထောက် ပြီးရပ်နေတဲ့ အမိကာပုံစံက မင်းသားတစ်ပါးလို။ ရုပ်ချောသလောက် အသောမကောင်းတာတော့ အနေကြာလာပြီဖြစ်တဲ့ ဒေါ်မြတ်ထားထား အသိဆုံးပဲပေါ့။

"ပြောလေ သား…အန်တီထား ဘာလုပ်ပေးရမလဲဟင်"

"အခုတော့ ဘာမှလုပ်ပေးစရာမလိုဘူး။ အဲဒီကောင်မလေးကို ရှူညီလောင်ဖက်ရအောင် ခိုင်းသင့်တာခိုင်းဖို့ လာပြောတာ။ သူများ အိမ်ပေါ် အခန့်သားတက်စားပြီး ရေသာခိုချင်လို့ကတော့ အသေပဲ"

"လင်းဆယ်မှာ အဲဒီလိုစိတ်မျိုး မရှိပါဘူး အစ်ကိုကြီးရယ်"

"ဟာ…ဟော့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ငါ့ကို ဘယ်လိုကြီးခေါ်တာလဲ။ ဘာအစ်ကိုကြီးလဲ…အဲဒီလို မခေါ်နဲ့၊ ငါ မကြိုက်ဘူး"

"ဒါဆို ဘယ်လိုခေါ်ရမှာလဲဟင်"

"သက်တံရောင်ခေါ်သလို ကိုကိုကြီးလို့ပဲခေါ်။ ခေါ်ပုံကိုက တောသန်သန်ကြီးနဲ့၊ တောသူမ…အရိုင်းမ"

ပျစ်ပျစ်နှစ်နှစ် အပြောခံလိုက်ရတာမို့ လင်းဆစ် ခေါင်းလေးငုံ့သွား၏။ ပြောရက်လေခြင်းလို့ အပြစ်တင်ရအောင် သူက အရှင်သခင်ပဲလေ။ သူ့ဆန္ဒစားရဲမှုတဲ့ သူ့စိတ်တိုင်းကျဖြစ်ဖို့ပဲ လင်းဆစ် ကြိုးစားရတော့မှာပေါ့။

"အန်တီထား"

"ဟင်…ပြောလေ…သား"

"သက်တံရောင်ရော"

"ခြံထဲမှာ ပန်းပင်တွေ ရေလောင်းနေတယ်လေ"

"ခဏသွားခေါ်ပေးစမ်းပါ"

"ဪ…အေး…အေး"

"ကျွန်တော်လာပြီ ကိုကိုကြီး"

အသံနှင့်ထပ်တူ အပြေးရောက်လာတဲ့ သက်တံရောင်မှာ ဘောင်းဘီ ရေတွေစိုလျက်နှင့်ပါ။ အစိကက လှည့်ကြည့်ပြီး…

"ဘောင်းဘီက ရေစိုနေပါလား။ မင်း ဘောင်းဘီလဲပြီးရင် ငါ့ အခန်းထဲ ခဏလာခဲ့…ဒီကောင်မလေးကိုပါ ခေါ်လာခဲ့"





"ဟုတ်ကဲ့"

"မြန်မြန်လာခဲ့နော်"

"ဟုတ်ကဲ့"

ပြောပြီး အစိက လှည့်ထွက်သွားလေတော့ သက်တံရောင် ကောင်မလေးကိုကြည့်ပြီး မိခင်ဘက်သို့ လှည့်၍…

"သူက ဘယ်သူလဲ မေမေ"

"သူ့နာမည်က လင်းဆစ်နွယ်တဲ့ သားရဲ့။ သူလည်း သားရဲ့ ဦးကောင်း ခေါ်လာတာပဲလေ။ ဒီအိမ်မှာပဲနေမှာ။ အဲဒါကြောင့် သား သူ့ကို ကိုယ့်ညီမလေးလို သဘောထားရမယ်နော်"

"ဟုတ်…မေမေ"

"သမီး"

"ရှင်"

"ဒါ…အန်တီထားရဲ့သားလေ…သက်တံရောင်တဲ့၊ မှတ်ထားနော်"

"ဟုတ်"

"ကဲ…သား ဘောင်းဘီ သွားလဲလိုက်ဦး၊ တော်ကြာ ကြာလို့ အဆူခံနေရဦးမယ်"

သက်တံရောင် ခေါင်းညိတ်ပြီး လှည့်ထွက်သွားလေ၏။ သိပ်မကြာလိုက်ပါဘူး၊ သက်တံရောင် ပြန်ထွက်လာကာ…

"လာ…သွားမယ်"

သက်တံရောင်က ဦးဆောင်သူအဖြစ်နဲ့ လင်းဆစ်နွယ်က



www.burmeseclassic.com

www.burmeseclassic.com



နောက်လိုက်ဖြစ်ပြီး နှစ်ယောက်အတူတူ အပေါ်ထပ်ရှိ အခိကအခန်းသို့ တက်ညီလက်ညီ လာခဲ့ကြ၏။ တံခါးကို သက်တံရောင်က တွန်းဖွင့်လိုက်ပြီး…

"ကိုကိုကြီး"

ခေါ်လိုက်တော့ အိပ်ရာထက်ကနေ လှမ်းကြည့်လေလျှင်…

"ကျွန်တော်တို့ ဝင်ခဲ့ရမလား"

"ဝင်ခဲ့"

"လာ…လင်းဆစ်"

ကြောက်ဆုတ်ကြောက်ဆုတ်ဖြစ်နေတဲ့ လင်းဆစ်လက်ကို ဆွဲခေါ်ပြီး သက်တံ အခန်းထဲသို့ ဝင်လာခဲ့သည်။ အခိကက အိပ်ရာပေါ်ကနေ လှောချဆင်းလိုက်လေလျှင် နှစ်ယောက်သား ခေါင်းလေး တွေငုံ့ပြီး ရပ်လိုက်ကြ၏။ သက်တံက လူယောင်းဆိုတော့ လူသစ်ဖြစ်တဲ့ လင်းဆစ်ရဲ့ ရှေ့ဆောင်လမ်းပြပေါ့လေ။

"ကိုကိုကြီး ကျွန်တော်တို့ ဘာလုပ်ပေးရမလဲဟင်"

"စတိုခန်းထဲမှာ ရှုပ်ပွနေလို့၊ အဲဒါ မင်းတို့နှစ်ယောက် သွားရှင်းရမယ်။ သေသေချာချာရှင်းနော်…ပိုးဟပ်ကိုက်ထားတဲ့ စာအုပ်တွေကို ခါပြီး သေသေချာချာ ပြန်စီ…ပြီးရင် ကြမ်းတွေတိုက်။ အဲဒီအထဲက ပစ္စည်းတွေကို သူ့နေရာနဲ့သူ သပ်သပ်ရပ်ရပ်ထား…ကြားလား"

"ဟုတ်"

"ဟိုကောင်မလေး"

"ရှင်"





"နောက်နေ့ကျ နင့်မျက်နှာကို ခုလို ပြောင်သလင်းနဲ့ ငါ မမြင်ချင်ဘူး။ သနပ်ခါးလိမ်းရမယ်"

"ဟုတ်"

"အဝတ်အစားတွေလည်း ဝါကျင်ကျင် မဲညစ်ညစ်တွေ မဝတ်ရဘူး"

"လင်းဆစ်မှာက ဒါမျိုးတွေပဲရှိတာ ကိုကိုကြီးရဲ့"

ဟုတ်ကလွဲရင် ပြောစရာမရှိတဲ့လူတွေ အခုနည်းနည်းဆင်ခြေ ပြန်ပေးမိတာနဲ့ မျက်မှောင်ကြုတ်သွားပြီး…

"ငါ့ကို ဆင်ခြေမပေးနဲ့။ ရေဘူးပေါက်တာ မလိုချင်ဘူး။ ရေပါတာပဲ ငါ လိုချင်တယ်။ ပြောရင် ပြောတဲ့အတိုင်းလုပ်"

"နင် ဘာမှမပူနဲ့ လင်းဆစ်…ငါ့အဝတ်တွေ နင့်ကိုပေးမယ်"

သက်တံ စကားစကို ဖြတ်လိုက်တာဖြစ်၏။ သူ့မှာက ပေါပေါ များများကြီးမဟုတ်ပေမယ့် အားလုံးရှိသမျှက သပ်သပ်ရပ်ရပ် ပြောင်ပြောင်လက်လက်တွေပဲလေ။ ဒီလိုပဲ သနားကရုဏာစိတ်က မျှပေးရမှာပဲဆိုတဲ့အသိနဲ့…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

လင်းဆက် ပန်းကန်တွေဆေးဖို့ ပန်းကန်ထပ်ကို စားပွဲပေါ်ကနေ မ,ယူလိုက်စဉ်...

"သမီး...အဲဒါဘာလုပ်မလို့လဲ"

"ဆေးမလို့လေ အန်တီထားရဲ့"

"မယူနဲ့...မယူနဲ့"

ဒေါ်မြတ်ထားထား ဟျာဟျာသလဲတားလိုက်သဖြင့် လင်းဆက် ပန်းကန်တွေကို မ,မယူဖြစ်တော့ဘဲ ခပ်ကြောင်ကြောင်လေး ဖြစ်သွားလေ၏။ ဒေါ်ထားထားက ဆူတယ်ထင်မှာစိုးလို့ ပြုံးပြကာ...

"သမီး မနိုင်မနင်းနဲ့ လွတ်ကျမှာစိုးလို့ အန်တီထားက ပြောတာပါ။ အန်တီထား ဆေးမှာပေါ့ကွယ်...သမီးက အန်တီထား လုပ်တာ





ကိုင်တာတွေကို ထိုင်ကြည့်ပြီး မှတ်ထားပေါ့။ အခုက မလိုအပ်သေးဘူးလေ...သမီးက ကလေးပဲ ရှိသေးတာကို"

"သမီး လုပ်နိုင်ပါတယ် အန်တီထားရဲ့"

"မလုပ်ပါနဲ့ သမီးရယ်...မတော်တဆ လွတ်ကျရင် သမီး အရှုခံရမှာစိုးလို့ အန်တီထားက ပြောတာပါ"

အေးဆေးသောလေသံ နူးညံ့သောအပြုံးနှင့် ပြောနေတာကြောင့် လင်းဆက်ရင်ထဲမှာ လှိုက်ကနဲ ဖြစ်သွားသည်။ သူမအပေါ်မှာ ဒီလို နွေးထွေးစွာ ဆက်ဆံတတ်သူရှိသေးလို့လေ။ မိဘမဲ့ဘဝက ဘယ် လောက်များ မျက်နှာငယ်ရပါသလဲ။ ဒါကို ဒေါ်ထားထားက ဖေးမ ကူညီချင်သူ။ သားသမီးချင်းကိုယ်ချင်းစာတာပါ။ သူမတို့မှာကမှ သားအမိနှစ်ယောက် ရှိသေးတယ်။

လင်းဆက်က တစ်ယောက်တည်းလေ။

ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်းတဲ့။ ဘာသွေးသားမှ မတော်စပ်ပေမယ့် ကိုယ့်စိတ်ထဲမှာတော့ သွေးသားအရင်းအချာ ကိုယ့် သမီးလေးလို သဘောထားနိုင်သည်လေ။ အမိမဲ့သားရေနည်းငါးတဲ့။ လင်းဆက်က အမိရောအဖရောမဲ့နေတော့ သနားစရာလေးပါ။

"လင်းဆက်"

"ဟယ်...သက်တံ"

သက်တံက မီးဖိုချောင်ထဲဝင်လာပြီး တစ်ခုခုကို မြှောက်ပြလေ လျှင်...

"အဲဒါဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လက်သည်းညှပ်လေ"

"ဘာလုပ်ဖို့လဲ"

"လဲတွေကလည်း များလိုက်တာ။ လက်သည်းညှပ်ယူလာမှတော့ နင့်ကို လက်သည်းတွေ ညှပ်ခိုင်းမလို့ပေါ့။ နင့်လက်သည်းတွေရှည်နေတာ ငါ မြင်ပြီးပြီ။ လက်သည်းထဲမှာလည်း ချေးတွေနဲ့ ကိုကိုကြီး မမြင်သေးလို့သာပေါ့။ မြင်လို့ကတော့ နင့်ကို ညစ်ပတ်တယ်ဆိုပြီး ကန်ချမှာ ကျိန်းသေတယ်"

"ဟင်"

လင်းဆစ် သူ့မ လက်ချောင်းလေးတွေကို ဖြန့်ကြည့်ပြီး…

"သိပ်မရှည်သေးပါဘူးဟဲ့…ပြီးတော့ ငါ ချေးတွေ ကော်ထုတ်လိုက်မယ်လေ"

"မရဘူး အညစ်ပတ်မ…ငါက အခုခံရမှာစိုးလို့ ပြောနေတာ။ လာ…ငါ ညှပ်ပေးမယ်"

သက်တံက လက်ဆွဲခေါ်လေတော့…

"ဟဲ့"

"လိုက်သွားလေ သမီး…လိုက်သွား"

ဒေါ်ထားထားက လိုက်သွားဆိုမှ လင်းဆစ် ခြေလှမ်းတွေ ရွှေလျားခဲ့လေလျှင်…

"ဒီမှာထိုင်"

"………"

"လက်သည်းညှပ်ခိုင်းတာများ ငရဲပို့တာကျနေတာပဲ။ ဘာလဲ





နင် ဒီလက်သည်းတွေကို အရှည်ထားပြီး ဝမ်းစာထည့်မလို့လား"

"နင်ကလည်း"

"ပေး…လက်"

"အမယ်"

"ဘာလဲ"

"လက်ပေးခိုင်းတာ ခွေးမှလေဟာယ်…ငါက ခွေးမှမဟုတ်တာ"

"ကတ်ပြောပြန်ပြီ…ပေးစမ်းပါ။ ကိုကိုကြီးက အသန့်ကြိုက်တယ်ဆိုတာ နင် မသိဘူးလား။ ပါးမှာ သနပ်ခါး၊ ပေါင်မှာ သေးကြောင်းဆိုတာ ဒါမျိုးကိုပြောတာပဲ ဖြစ်မယ်"

"ငါ့ပေါင်မှာ ဘာသေးကြောင်းမှ မရှိပါဘူး"

"ဥပမာ ပြောပြတာ"

တုံးလိုက်တာလို့ ပါးစပ်က မပြောပေမယ့် စိတ်ထဲကတော့ ဒီအတိုင်းပါပဲ။ သူပြောတဲ့စကားကိုပဲ လင်းဆစ်က နားမလည်သလို မျက်လုံးပြူးနှင့် ကြည့်နေသည်။ ဒီစကားကို သက်တံလည်း မေမေ ပြောပြလို့ သိနေတာလေ။ သက်တံ လင်းဆစ်လက်သည်းတွေကို ညှပ်ပေးနေရင်းကနေ…

"လင်းဆစ်"

"ဟင်"

"နင့်အသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ်နှစ်…တပေါင်းလဆန်း (၁၄)ရက်နေ့က ပြည့်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"ဟုတ်တယ်…ဘာဖြစ်လို့လဲ"

"မြန်မာလို တပေါင်းလဆန်းထဲမှာဆိုတော့ အင်္ဂလိပ်လို မတ်လ ထဲမှာပေါ့"

"မသိဘူးလေ…ငါမှ အင်္ဂလိပ်လို မသိတာ။ ဖေဖေက မြန်မာလပဲ ပြောထားတာကို"

သက်တံရောင်ရဲ့လက်တွေ လှုပ်ရှားနေခြင်းမှ ရပ်တန့်သွားပြီး တွေတွေကြီး စဉ်းစားနေတာ သူ့အသက်နဲ့ လင်းဆစ်အသက် ဘယ်လောက်ကွာခြားပြီး ဘယ်သူက အကြီးလဲဆိုတာပါ။ သူက ဇန်နဝါရီလမှာမွေးတဲ့သူမို့…

"ဒါဆို နင်က ငါ့ထက် နှစ်လကျော်လောက် ငယ်တယ်။ ငါက အကြီးဆိုတော့ နင် ငါ့ကို ရိုရိုသေသေ ဆက်ဆံရမယ်နော်… ကြားလား"

"အမယ်…နှစ်လကျော်လေးကြီးတာကိုများ ဆရာကြီးလုပ်ချင်သေးတယ်"

"နင့်ကို ဘယ်သူမှ သင်မထားဘူးလား။ ကိုယ့်ထက် တစ်နာရီကြီးသောသူ၊ တစ်မိနစ်ကြီးသောသူဖြစ်ဖြစ် ရိုသေလေးစားရမယ် ဆိုတာ"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ"

"ဘယ်သူမှ မသင်ဘူးလို့ပြောတာ"





"အခု ငါသင်လိုက်ပြီ…မှတ်ထား…ကြားလား"

ခေါင်းညိတ်လိုက်တာ ဘာမှမသိနားမလည်တဲ့ ကလေးပီပီကျွေး လေးလိုပါ။ ဒါပေါ့လေ…ဖအေမေတ္တာရိပ်အောက်မှာ ကြီးပြင်းလာတဲ့ကလေးဆိုတာ မအေလောက်တော့ အသေးစိတ် သင်ချင်မှသင်နိုင်မှာပေါ့။ ဘဝအတွက် ရုန်းကန်နေရလို့ ကလေးအတွက် အချိန်တောင် ပေးနိုင်ပါ့မလား။

သင်တော့သင်ခဲ့မှာပါ…

အသေးစိတ်မဟုတ်တော့ အဓိပ္ပာယ်ကွဲလွဲပြီး နားမလည်တာ လည်း ဖြစ်ချင်ဖြစ်နေမှာလေ။

"ပြီးတော့ရှိသေးတယ်"

"ဟင်…ဘာလဲ"

"နင် ငါ့ကို ကိုကြီးလို့ခေါ်ရမယ်"

"ဟာ…မခေါ်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ…ခေါ်ရမယ်"

"မခေါ်ဘူး"

"ခေါ်ပါဆို"

"လုံးဝ မခေါ်ဘူး"

မခေါ်ဘူးဆိုတော့လည်း သက်တံ လင်းဆစ်နဖူးကိုသာ ဖွဖွ ရိုက်ပြီး ဘာမှဆက်မပြောတော့ပေ။ ဆန္ဒမပါတာကို တိုက်တွန်းနေရင် တိုယ်ပဲ ဝိုလ်ကျရာရောက်နေမှာစိုးလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ဒေါ်ပတ္တမြားခင်နဲ့အစ်ကိုကိုကြီး ရှိနေရင်သာ လင်းဆက် ဟန်ပြအလုပ်တွေ လုပ်ပြရပြီး ဘယ်သူမှမရှိရင် လင်းဆက်ကို အန်တီထားက ဘာမှ မခိုင်းပေ။ အဲဒါကိုပဲ လင်းဆက်က အားနာပြီး အန်တီထား ဈေးသွားနေတုန်း ပန်းကန်တွေ ဆေးထားမည်ဟု စိတ်ကူးကာ ပန်းကန်တွေကို ယူပြီး ဘေစင်ဆီသို့ လျှောက်လာခဲ့စဉ်…

"လင်းဆက်"

"အမေ့"

"ခွမ်း"

"ဟာ"

"အယ်"





ရုတ်တရက် ခေါ်လိုက်သံကြောင့် လင်းဆက် လန့်ပြီး ကိုယ်လေးတုန်သွားစဉ် အကုန်လွတ်ကျတာမဟုတ်ပေမယ့် လက်နှင့်လွတ်နေတဲ့ အပေါ်က ပန်းကန်တွေ လျှောကျပြီး ကွဲသွားတာပါ။ ပန်းကန်ကျကွဲပြီဆိုတာနှင့် လင်းဆက် ရင်တွေရော ဒူးတွေရော တုန်လာသဖြင့် ထမန်းကတန်း ထိုင်ချလိုက်ရ၏။

ပြီးတော့…

လက်ထဲမှပန်းကန်တွေကို ချပြီး ကွဲသွားတဲ့ ပန်းကန်တွေကို ကြည့်ကာ ချက်ချင်းပဲ မျက်ရည်တွေ ဝေတက်လာလေသည်ကို သက်တံ မြင်သွားလေတော့…

"လင်းဆက်"

"…………"

"လင်းဆက်"

"အဟင့်"

ငိုချင်တာကို ချုပ်ထားတော့ ရှိုက်သံက တစ်ဝက်တစ်ပျက်နှင့်ပါ။

"ဆောရီး…ဆောရီးပါဟာ…ငါ တောင်းပန်ပါတယ်။ ငါ့ကြောင့် ဒီလိုဖြစ်တာ…ငါ့ကြောင့်ပါ"

"အိ…ဟီး"

"လင်းဆက် မငိုနဲ့လေ"

"ဟီး…ငိုမှာပဲ…ငါ အဆူခံရတော့မှာဟ"

လင်းဆက်ငိုတော့ သက်တံပါ မျက်ရည်တွေဝဲလာလေသည်။ အရွယ်မရောက်သေးတဲ့ ကလေးတွေမို့ မိန်းကလေးပီပီတိုင်း ပေါက်ကွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



လေး လိုက်မငိုရဘူးလို့ ဘယ်ဆင်ခြင်ပါ့မလဲ။

"နှင် မငိုပါနဲ့ဟာ…နှင် အဆူမခံရအောင် ငါ့ကြောင့်ဖြစ်တာလို့ ပြောလိုက်မယ်လေ"

လင်းဆစ် ခေါင်းကိုသာ တွင်တွင်ခါလျက် မျက်ရည်တွေကို သုတ်လိုက်ကာ…

"မဟုတ်မှမဟုတ်တာ"

"ဟဲ့…ဒါက ဘယ်လိုဖြစ်ကြတာလဲ"

"အမေ့"

"ဟင်"

အသံစူးစူးကြောင့် မော့ကြည့်လိုက်တော့ ခါးထောက်ပြီး ရပ်နေတာ ဒေါ်ပဒ္မာမြားခင်မို့ လင်းဆစ်ကိုယ်လေး ဆတ်ကနဲ့ရွှေ့ကာ သက်တံနှင့် ပူးကပ်သွားလေသည်။ သိမ်ငယ်ကြောက်လန့်နေသူအတွက် သက်တံကိုသာ အားကိုးတကြီး ပြေးကပ်လိုက်သည့်ပုံ။ ဒေါ်ပဒ္မာမြားခင် ပန်းကန်ကွဲတွေကို မြင်သွားလေတော့…

"အမယ်လေး…ကုန်ပါပြီ…ကုန်ပါပြီဟယ်…ဒါက ဘယ်လိုဖြစ်တာလဲ လင်းဆစ်နှယ်။ ကိုယ့်ပစ္စည်းမဟုတ်တိုင်း ကိုင်တာတွယ်တာ ပေါ့ပေါ့ဆဆနဲ့ ဒါတွေရဲ့တန်ဖိုးကို နှင် သိရဲ့လား…တောက်"

"လင်းဆစ်ကြောင့် မဟုတ်ပါဘူး အန်တီခင်…ကျွန်တော့်ကြောင့်ဖြစ်တာပါ"

"ဘာ"

"ကူလုပ်မယ်ဆိုပြီး ကျွန်တော် လုလိုက်လို့ ကျကွဲသွားတာပါ





အန်တီခင်…ကျွန်တော့်ကိုပဲဆူ…ကျွန်တော့်ကိုပဲ ရိုက်ပါ။ လင်းဆစ်နဲ့ ဘာမှမဆိုင်ပါဘူး"

ဒေါ်ပဒ္မာမြားခင်၏ အကြည့်စူးစူးတွေက နှစ်ယောက်စလုံး၏ ကိုယ်ပေါ်မှာ ဓားလှံလက်နက်တွေနဲ့ ချိန်ရွယ်ထားသလိုပါ။ လင်းဆစ် ဖြစ်နိုင်ရင် ကိုယ်လေး သေးကျုံ့သွားပြီး ပျောက်ကွယ်သွားချင်လိုက်တာ။

"ကောင်းပြီ…ဒါဆို နှင့်ကို အပြစ်ပေးမယ်"

"အန်တီခင်"

အပြစ်ပေးမယ်ဆိုတော့ လင်းဆစ် စိတ်တင်းပြီး ကိုယ်လေး မတ်ကနဲ ဖြစ်သွားလေ၏။ သက်တံနှင့်မှ မဆိုင်ပဲလေ။ ကိုယ့်ကြောင့်ဖြစ်တာ ကိုယ်ပဲခံရမှာပေါ့။

"သက်တံကြောင့်ဖြစ်တာ မဟုတ်ပါဘူး။ လင်းဆစ်ကြောင့်ဖြစ်တာ…လင်းဆစ်ကိုပဲ အပြစ်ပေးပါ"

"လင်းဆစ်"

"…………"

"ငါ့ကြောင့်ဖြစ်တာလေဟာ"

"အမယ်လေး…ကြည့်စမ်း ကြင်နာနေလိုက်ကြတာ။ ဒီလောက်တောင်ဖြစ်လှတယ်…လာခဲ့…နှစ်ယောက်စလုံး"

"…………"

"ဟဲ့…ထကြလေ"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး ထရပ်ကာ ခေါင်းကိုသာ ငုံ့ထားမိကြ၏။

"လင်းဆစ်နွယ်"

"ရှင်"

"ဒီပန်းကန်ကွဲတွေကို ရှင်းလိုက်…ပြီးရင် ခြံထဲလိုက်လာခဲ့"

"ဟုတ်"

"သက်တံ ငါနဲ့လိုက်ခဲ့"

သက်တံ လင်းဆစ်ကို တစ်ချက်လှည့်ကြည့်ပြီးမှ လိုက်လာခဲ့တော့သည်။ ရာဇဝတ်ဘေးကမှ ပြေးလို့လွတ်ဦးမယ်၊ ဘယ်လိုနည်းနဲ့လဲသာမသိတာ အပြစ်ပေးခံရမှာကတော့ ကျိန်းသေ။ ရက်စက်တတ်တဲ့နှလုံးသားပိုင်ရှင်တွေပဲဥစ္စာ။ ငဲ့ညှာတာ၊ စာနာတာတွေ ရှိပါ့မလား။

ထောက်ထားစရာကလည်း ကိုယ်တွေက သူတို့အိမ်မှာပဲကပ်နေရတာမို့ မျက်နှာမရှိဘူးလေ။

"သန်းကို…သန်းကို"

"ဗျာ"

"ဒီကိုလာဦး"

"ဟုတ်ကဲ့…မမကြီး"

"ဟုတ်ကဲ့ဆို မြန်မြန်လာ"

ဟိုးရှေးဘုရင်များလက်ထက်ကလို တစ်ခုခု တိမ်းချော်သွားတာနဲ့ တောင်စွယ်နေကွယ်ရင် သတ်စေအမိန့်ထုတ်မှာစိုးသည့်အလား ဟုတ်ကဲ့နောက်မှာ သန်းကို ရောက်လာရတာ အမြေးအလျှားပါ။ ကိုယ့်လုပ်အားကို အရင်းစိုက်လို့ သူတို့ပေးတဲ့လစာကိုရတာမှန်ပေမယ့်





အလုပ်ရှင် အလုပ်သမားကြားမှာ စွဲနေတဲ့ဝါဒက အလုပ်ရှင်ဟူသည်…

ကိုယ့်ရဲ့ထမင်းရှင်…

ကိုယ့်ရဲ့ကျေးဇူးရှင်…

ဆိုပြီး ပြောသမျှ ဟုတ်ပါ့ဘုရား၊ မှန်ပါ့ဘုရား လုပ်နေရပြီးစောဒက မတက်ရဲကြဘူးလေ။

"ပြောပါ မမကြီး…ကျွန်တော် ဘာလုပ်ပေးရမလဲ"

"လင်းဆစ်နွယ် လာရင် ဒီမှာ သက်တံနဲ့ပူးပြီး ကြိုးတုတ်…ပြီးရင် နေပူတဲ့နေရာမှာ နေလှန်းထားလိုက်။ ဒါမှ ခင်းတို့မှတ်မှာ"

"ဗျာ"

"မဗျာနဲ့၊ ပြောရင်ပြောတဲ့အတိုင်းလုပ်၊ မဟုတ်ရင် နင်ပါ အလုပ်ပြုတ်သွားမယ်…ဘာမှတ်လဲ"

ရိုးသားသောအလုပ်တစ်ခုက ကိုယ့်ဘဝရပ်တည်ခြင်းပဲမို့ ရှုညှိုးငွက်သွားတဲ့ ကျောပြင်ကိုကြည့်ရင်း သန်းကို သက်ပြင်းချလိုက်မိသည်။ ဩော်…ငွေ…ငွေ…ငွေဆိုတဲ့အရောက် နှုတ်ဖျားကို ရာဇနှင့်တွပ်ပေးနိုင်သည်ဆိုတော့…

"မင်းတို့ ဘာလုပ်မိပြန်ပြီလဲ သက်တံရာ…ဟူး…ခုတော့ငါ မင်းတို့အပေါ် မရက်စက်ချင်ဘဲ ရက်စက်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

နှစ်ယောက်သား ကျောချင်းခိုင်းပြီး ကြိုးနှင့်တုပ်ထားသဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ဘယ်လိုဖြစ်နေလဲ မမြင်ကြရပေ။ နေရောင်ကရင့်လာသဖြင့် လင်းဆစ်မျက်နှာလေးမှာ ချွေးတွေရွှဲလို့ ရွှဲရွှဲမဲမဲ့ပါပဲ။ သက်တံ့က ယောကျ်ားလေးဆိုတော့ ပူတာကို ပူတယ်လို့တော့ မညည်းပေ။

နေရောင်က ရင့်လာလေလေ…

လင်းဆစ် ပူလွန်းလို့ ငိုချင်လေလေပါပဲ။ အချိန်က ဆယ့်တစ်နာရီလောက်ရှိနေပြီ။ ရှေ့ဆက်ဆို အသားတွေများ ကျက်သွားမလားမပြောတတ်ပါဘူး။





"လင်းဆစ်"

"………….."

"လင်းဆစ်"

"ဘာလဲဟဲ့…ဒီမှာပူရတဲ့အထဲ"

"ငါကလည်း တော်တော်ပူနေလားလို့ မေးမလို့ပါ။ နင်မှ လူမဟုတ်ဘူး…ငါလည်း ပူတာပဲ"

"ဒီမှာ သေတော့မယ်၊ ရေကလည်း ဆာသေးတယ်။ အာခေါင်တွေ ခြောက်လိုက်တာ"

"ငါလည်း ရေဆာတယ်။ ဟူး…တစ်ခါတည်း အသေသတ်လိုက်တာမှကောင်းဦးမယ်"

ကလေးနှစ်ယောက်အဖြစ်ကိုကြည့်ပြီး ဒေါ်မြတ်ထားထားရင်ထဲမှာ သူတို့တွေထက်ပင် ပိုချွေးပူလောင်စွာ မျက်ရည်ကျနေမိသည်။ ဘယ်လို အလုပ်ဖြောင့်ဖြောင့်လုပ်နိုင်မှာလဲ။ အပြင်ထွက်ကြည့်လိုက်၊ အထဲပြန်ဝင်လိုက်နှင့် နေလို့မရပေ။ ကလေးတွေ ပူနေရောပေါ့။ ရေဆာနေကြမလား၊ ဗိုက်ဆာနေကြမလား။

ကလေးတွေကို လွှတ်ပေးလိုက်ပါတော့လို့ပဲ မပြောရဲပေ။

အို…

ဘာပဲဖြစ်ဖြစ် အရဲစွန့်ပြီး ပြောရမှာပဲ။ မိခင်တစ်ယောက်အနေနဲ့ ကလေးတွေအဖြစ်ကို ဘယ်လိုရှုစိမ့်နိုင်ပါ့မလဲ။ ဒါကြောင့် ပတ္တမြားခင်ရှိရာသို့လာခဲ့ပြီး…

"မမကြီး"



www.burmeseclassic.com

www.burmeseclassic.com



"…………"

"မမကြီး"

ခြေချင်းချိတ်ထိုင်နေရာမှ တစ်ချက်သာကြည့်ပြီး စီးကရက်ပြာကို ခြွေလိုက်သေးသည်။

ပြီးမှ…

"ဘာလဲ"

"ကလေးတွေကို လွှတ်ပေးပါတော့ မမကြီးရယ်နော်…မမကြီး တို့ရဲ့ဆုံးရှုံးမှုအတွက် ကျွန်မလစာထဲကပဲ ဖြတ်ယူပါ။ ကလေးတွေကို တော့ ဒုက္ခမပေးပါနဲ့တော့"

"ဘာ"

"သားသမီးချင်း ကိုယ်ချင်းစာပါ မမကြီးရယ်။ ကြာရင် ဒီလောက် နေပူကြီးထဲမှာ ကလေးတွေ ဒုက္ခရောက်မှာစိုးလို့ပါ"

မျက်ရည်စက်လက်နဲ့ တောင်းပန်ရှာပေမယ့်…

"ဩော်…နင်ပြောပုံက ငါကပဲ မိန်းမကြမ်းကြီးဖြစ်လို့ပါလား။ အပြစ်ရှိလို့ အပြစ်ပေးတာပဲ ကိုယ်ချင်းမစာနိုင်ဘူး။ နောက် ဒီလိုမဖြစ် စေချင်ရင် မဖြစ်အောင်လုပ်ကြပေါ့"

"ဒါဆိုလည်း မမကြီးရယ် အဲဒီအပြစ်ကို ကလေးတွေကိုယ်စား ကျွန်မပဲ ခံပါရစေ။ ကျွန်မကိုပဲ အပြစ်ပေးပါ"

"အပြစ်တစ်ခု ကျူးလွန်လို့ အပြစ်ပေးရင် ဒီလိုပဲ ကိုယ်စားလှယ် ရကြေးဆို လောကကြီးမှာ အသုံးမကျတဲ့သူတွေ လူမိုက်တွေပဲ ရှင်သန် ခွင့်ရနေမှာပေါ့။ မလိုချင်ဘူး…ကိုယ်ဖြစ်ကိုယ်ခံပဲ"





"မမကြီးရယ်"

"တော်တော့…ငါ့ကို ဘာမှဆက်မပြောနဲ့"

"ဟင်"

ပြောပြီး ဆတ်ကနဲ ထသွားလေတော့ ကျန်ခဲ့တဲ့ ဒေါ်မြတ်ထား ထားမှာ ကြောင်တက်တက်နှင့် ဘာလုပ်ရမှန်းမသိပေ။ လူလူချင်း ဆက်ဆံတဲ့နေရာမှာ ခွဲခြားလိုက်တာ။ ကလေးတွေ ရေမျှားဆာနေကြ လေးလို့ တွေးမိပြီး အပြေးအလွှားပဲ ရေသန့်ဘူးတစ်ဘူးကို ယူလာခဲ့ ၏။

မိခင်ဆိုတဲ့ မိခင်တွေထဲမှာ…

ကိုယ့်ကိုယ်ကိုယ်သိ ကိုယ့်ဖို့ပဲ ကိုယ်ကြည့်တဲ့မိခင်ကို လက်ညှိုး ထိုးရေတွက်ပြပါဆိုရင် ရေတွက်လို့ရသည်ပဲလေ။ ဖြစ်ချင်ရာဖြစ် အပြစ်ရှိရင် ကိုယ်ပဲခံမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နှင့် ထွက်လာခဲ့ပြီး…

"သား"

"ဟင်…မေမေ"

"သမီး"

"အန်တီထား"

"မေမေ သားတို့ ရေဆာတယ်။ သားတို့ကို ရေခပ်တိုက်ပါ မေမေရယ်။ ပူလည်းပူ အာခေါင်တွေလည်း ခြောက်နေလို့ ဒီမှာ တံတွေးတောင် မျိုချလို့ မရတော့ဘူး"

"တိုက်မှာပေါ့ သားရယ်…ဒီမှာ မေမေ ရေသန့်ဘူးယူလာခဲ့ တယ်။ နေဦး…ကြိုးအရင်ဖြေလိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းပဲ လက်တွေက ကြိုးဖြေနေတာ ကမန်းကတန်းပါ။ မျက်ရည်များ စိုလူးနေတဲ့ မျက်ဝန်းအိမ်က ကြိုးကို သေသေချာချာ မမြင်ရသဖြင့် မျက်ရည်တွေကို ပွတ်သုတ်လိုက်သေး၏။ ကြိုးပြေပြီးပြီ ဆိုတော့မှ…

"အား…ပူလိုက်တာ"

"ရော့…သမီး ရေသောက်လိုက်ဦး"

လင်းဆစ်ကို ရေတိုက်လေတော့ လင်းဆစ်က လက်ဝါးလေးနှင့် ပြန်တွန်းလိုက်ပြီး…

"သက်တံကို အရင်တိုက်လိုက်ပါ"

"နင်ပဲ ရေဆာတယ်ဆို…နင် အရင်သောက်"

"နင် အရင်သောက်ပါဆို"

"နင် အရင်သောက်"

သူသောက်ငါသောက်နှင့်ပဲ နောက်တော့ လင်းဆစ်ပဲ အရင် သောက်ရသူ။ ကလေးတွေလက်ခေါင်းကို ကိုင်ကြည့်တော့ ပူခြစ်နေ ပြီး ဆံပင်တွေဆို ညှော်နံ့ပင် ထွက်လာသလားမပြောတတ်တော့။ ပတ္တမြားခင်ဆိုတဲ့မိန်းမမှာ နလုံးသားမှပါရဲ့လား။ ရက်စက်တတ်တဲ့ နေရာမှာ ထိပ်ခေါင်၊ ကြင်နာတတ်တဲ့စိတ် သူ့မှာမရှိ။ သူ့ရင်ထဲမှာရှိနေ တာသည် ဥပေက္ခာများသာ။

"ဟင်"

ကားနှင့်ပြန်ရောက်လာသည့် ဦးကောင်းကင် နေပူကျဲကျဲထဲမှာ ထားနှင့်ကလေးနှစ်ယောက်ကို မြင်လိုက်ရတော့ ဘာများဖြစ်နေသလဲ



ဟု မျက်မှောင်ကြုတ်သွားလေ၏။ ခပ်သွက်သွက်ပဲ လျှောက်လာခဲ့ တော့ ထားမှာလည်း မျက်ရည်တွေနှင့်၊ ကလေးတွေမှာလည်း နေလောင်ထားသည့် ပန်းကလေးများလို မျက်နှာလေးတွေ ညှိုးနွမ်း ရှုံ့မဲ့နေလျက်ပါ။

"ထား"

"………"

"ထား"

"ရှင်"

"ဘာဖြစ်နေကြတာလဲ"

ထားက ခေါင်းခါပြီး ဘာမှမပြောပေမယ့်…

"အန်တီခင်က သားနဲ့လင်းဆစ်ကို ကြိုးတုတ်ပြီး နေလှန်းထား တာပါ ဦးကောင်း"

"ဟင်"

"သား…မပြောရဘူးလေ"

ထားက သက်တံပါးစပ်ကို လှမ်းပိတ်လိုက်ပေမယ့် အမှန်တရား က ပေါ်သွားပြီပဲလေ။ ကြိုးကိုလည်း မြင်လိုက်သည်မို့ မယုံစရာမှ မရှိတာ။ ပြီးတော့ ပတ္တမြားခင် ရက်စက်တတ်တာကိုလည်း သိပြီး သားဆိုတော့…

"သမီး"

ဦးကောင်းကင် လင်းဆစ်ကို ဖက်ထားလိုက်မိ၏။ တကယ့်ကို စိတ်မကောင်းပါဘူး။ အိမ်မှာ ကိုယ်မရှိတဲ့အချိန်တွေဆို ဒီပုံတွေ



www.burmeseclassic.com

www.burmeseclassic.com



အဆုခံ အမောန်ခံနှင့် မျက်နှာငယ်ရမယ်မှန်းသိပေမယ့် ဒီအထိဖြစ်လိမ့်မယ်လို့တော့ ထင်မထားခဲ့ဘူးလေ။ သက်တံက သူ့အမေရှိနေလို့ ကာကွယ်မယ့်သူရှိပေမယ့် လင်းဆစ်က တစ်ကောင်ကြွက်လေ။

ကူညီဖေးမမယ့်သူကင်းတဲ့ မိဘမဲ့လေးကို ဦးကောင်းကင် ခေါ်လာပြီး နှိပ်စက်သလိုများ ဖြစ်နေပြီလား။ ကိုယ်ကလည်း ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ်။ ဒီကလေးကို ခေါ်မလာဘဲ တောမှာထားခဲ့ပြန်ရင် နွံနစ်နေမှာပေါ့။ ဒီမှာက ပညာရေးဆိုတဲ့ ပန်းခင်းလေးပျိုးပေးပြီး ဒီကလေးအနာဂတ်ကို လှပစေချင်တာ။

"သမီး…လင်းဆစ်"

"ရှင်"

"ပတ္တမြားခင်က သမီးတို့ကို ဘာလို့ ဒီလိုလုပ်ရတာလဲ။ ဦးဦးကို အမှန်အတိုင်းပြောစမ်း"

"ဟင့်အင်း"

လင်းဆစ်က ခေါင်းခါလေတော့…

"ထား"

"ကျွန်မ…ကျွန်မ မပြောပါရစေနဲ့ ကိုကောင်းရယ်…ကလေးတွေမှာ အပြစ်ရှိလို့ အပြစ်ပေးတယ်လို့ပဲ မှတ်လိုက်ပါ"

"ဟာ…အပြစ်ရှိတော့ရော ကလေးတွေကို ဒီလောက်အထိ အပြစ်ပေးရလား။ သူတို့မပြောရင် မင်းပြောစမ်း သက်တံ…ဘာဖြစ်တာလဲ၊ မင်းတို့ ဘာလုပ်မိလို့လဲ"

"ပန်းကန်တွေ ကျကွဲလို့ ဦးကောင်း"





သက်တံကတော့ ပြောချင်လွန်းလို့မှ အလျှင်စလို ပြောလိုက်တာ စကားပင် မပြည့်စုံပေ။

"ကိုကောင်း…ကိုကောင်းကို ကျွန်မ တောင်းပန်ပါတယ်။ မကြီးကို ဘာမှသွားမပြောပါနဲ့နော်။ တော်ကြာ ကိုကောင်းတို့ လင်မယား ရန်ဖြစ်နေပါ့မယ်"

"မပြောလို့ရမလား…ပန်းကန်ကွဲတာ ဒီလောက်အပြစ်ပေးဖို့မှ မလိုတဲ့ကိစ္စကို"

"မပြောပါနဲ့ ကိုကောင်းရယ်…တော်ကြာ…"

"ငါ သိတယ်…ဒီအိမ်မှာ ငါက အိမ်ထောင်ဦးစီးပါ။ ငါ့ရှေ့ရာမှာ ဒီလိုလုပ်တာအတွက် ငါ ခေါင်းငုံ့မနေနိုင်ဘူး"

ဒေါ်ထားထား တကယ်ပဲ ရင်လေးသွားရ၏။ မိန်းမသားတစ်ယောက်အနေနဲ့ ဒီအိမ်မှာ ခိုကပ်နေရတာက သူမတို့ဘဝအတွက် ဆိုးမြဲသလို ရှိနေခဲ့တာလေ။ စွန့်စွန့်စားစားနဲ့ ဘာမှမလုပ်ရဲလေတော့ တစ်နေ့ရာစာလေးကနေ ထွက်ခွာသွားရမှာကိုပဲ သူမက ကြောက်နေမိတာ။ ပြီးတော့ ကျေးဇူးတရားတွေ…

"နင် ဘာမှစိတ်မပူနဲ့ ထား…ကိုယ်လုပ်စရာရှိတာကို ပုံမှန်ပဲလုပ်။ ငါကိုယ်တိုင် နင်မထုတ်သရွေ့ နင်တို့တွေ ဒီအိမ်ကနေ ဘယ်မှထွက်မသွားစေရဘူး"

ဦးကောင်းကင် ထွက်သွားခြင်းရဲ့နောက်မှာ ဘာတွေများ ဆက်ဖြစ်ကြဦးမလဲဆိုတာ…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဘာ…ကျွန်မမှာ လူစိတ်မရှိဘူး ဟုတ်လား ကိုကောင်းကင်"

"ဟုတ်တယ်လေ…မင်းမှာ လူစိတ်မရှိလို့ ဒီလိုရက်စက်တာ တာပေါ့။ မင်း သိထားဖို့က ပန်းကန်ကွဲတာ တစ်ချပ်ကွဲရင် နှစ်ချပ် ထပ်ဝယ်လို့ရတယ်ကွ။ အခု ကလေးတွေ နေမကောင်းဖြစ်ကုန်ပြီ လူ့အသက်တစ်ချောင်းက သစ်တစ်ပင်လို အစားထိုးဖို့ ပြန်ပျိုးပြီး စိုက်လို့မရဘူးဆိုတာ မင်း နားမလည်ဘူးလား။ မိန်းမဖြစ်ပြီး မိခင် စိတ်မရှိလို့ မိခင်ချင်း ကိုယ်ချင်းမစာတတ်တဲ့ မိန်းမ"

"ကိုကောင်းကင်"





ဒီလိုပြောတာကျတော့ ပတ္တမြားခင် ဆတ်ဆတ်ခါအောင် နာတတ်သည်လေ။ လုပ်တော့မဟုတ်၊ ပြောတော့မကြိုက်။ မပြောဘဲ ငြိမ်နေ ပြန်တော့လည်း သူထင်ရာစိုင်းသမျှ ခံရတဲ့ တစ်ဖက်လူမှာ အသက်သာတယ်ဆိုတာရှိသလား။ ကလေးတွေကို ဘယ်လောက်ကြာ အောင် ကြိုးတုတ်ပြီး နေပူလှန်းထားတယ် မသိပါဘူး။

အခု…

နှစ်ယောက်စလုံး နေမကောင်းလို့ ဆရာဝန်ခေါ်လိုက်ရသည် လေ။ ဖြေတတ်လို့ ကျေနပ်စရာတွေနဲ့ တွေးတတ်မယ်ဆိုရင် အလုပ်ရှင် နဲ့အလုပ်သမားဆိုတာ ရေအိုးနဲ့ရေမှုတ်လို သင့်တင့်လျောက်ပတ်နေကြ ရမည်မဟုတ်လား။ ခုတော့ ဒီလိုမတွေးဘဲ ငါဆိုတဲ့အတ္တနဲ့ လက်မ ထောင်ပြီး လက်ညှိုးညွှန် နှိပ်စက်နေတာ။

"ဘာလဲ…ရှင်က ထား ပူဝန်သောကရောက်နေတာကို မကြည့်ရက် မမြင်ရက်ဖြစ်နေတာလား"

"ပတ္တမြားခင်"

"ရှင် ကျွန်မကို ကွာပေးလေ။ အဲဒါဆို ရှင် ထားကို လက်ထပ် လိုက်လို့ရတာပဲဥစ္စာ"

"မင်း ငါ့သိက္ခာကို မစော်ကားနဲ့"

"အပွန်း"

လှောင်ရယ်ရယ်လိုက်တာမို့ နှုတ်ခမ်းက မဲ့ခြင်းသို့ရောက်၏။ အဲဒါကိုပဲ ပတ္တမြားခင် မကျေနပ်တာ။ သူ့မှာရော ကိုယ့်မှာရော ငယ်ရည်းစားတွေကိုယ်စီနဲ့ သံယောဇဉ်လည်း ပြတ်နိုင်ကြတာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ။ ကွာပြီး ကိုယ့်လမ်းကိုယ်လျှောက်ကြရင် ရတဲ့ဥစ္စာ ကွာမ်ပေးနိုင်ဘူးတဲ့။

သားမျက်နှာကို ငဲ့သလေးဘာလေးနဲ့ အကြောင်းပြပြီး ကိုယ့်ကို တော့ ညှဉ်းဆဲလို့ သူကတော့ ငယ်ရည်းစားကို အိမ်ပေါ်ခေါ်တင်ထား တာလေ။ ဘယ်လောက်များ မတရားလိုက်ပါသလဲ။

"ဘာသိက္ခာလဲ... ရှင် အသံကောင်းဟစ်မနေစမ်းပါနဲ့ ကိုကောင်းကင်ရယ်။ ရှင်နဲ့ကျွန်မက အခန်းခွဲအိပ်ခဲ့ကြတာ ကြာပြီပဲ ဥစ္စာ။ တစ်အိမ်ထဲမှာ အတူတူနေကြတာပဲ။ ရှင်နဲ့ထား မဖောက်ပြန် ဘူးဆိုတာ ချေးစားပြောတောင် မယုံဘူး...သိလား။ အဲဒါကြောင့် ကိုယ့်လမ်းကိုယ်လျှောက်ကြမယ်ဆိုတော့ ရှင် လက်မခံတာ ဘာသဘောလဲ"

"ဘာသဘောလဲဆိုတာ မင်း မေးနေစရာမလိုအောင်ကိုပဲ သိသင့်တာ။ ငါ့ကို မင်းစိတ်နဲ့ မနှိုင်းနဲ့ ပတ္တမြားခင်။ ငါနဲ့ထားက ချစ်သူဖြစ်ခဲ့ဖူးတာမှန်တယ်။ ဒါပေမယ့် မင်းတို့လို မဖောက်ပြန်ဘူး ကွ"

"ဟုတ်လား"

မျက်လုံးကို မှေးစင်းပြီး မေးလိုက်ပုံကိုက မယုံဘူးဆိုတာကို သက်သေပြနေတာ။ ဒါကို ယုံပါလို့ လေပြေသွေးပြီး ပြောနေစရာမလို ဘူးလေ။ ကိုယ့်လိပ်ပြာကိုယ်သန့်ရင် ပြီးတာပဲဥစ္စာ။

"အဲဒီစကားတွေကို မှခက်ထဲက ကလေးတွေ သွားပြောပြမလား ကိုကောင်းကင်"





"ဘာမှပြောပြစရာမလိုဘူး...ငါက ငါ့လိပ်ပြာ ငါသန့်တယ် ကွ"

"ဒါဆို ရှင် ဘာလို့ ဆတ်ဆတ်ခါဖြစ်နေရတာလဲ"

"ခါစရာအကြောင်းရှိလို့ ခါရတာလေ။ အခုကိစ္စ မင်း လွန်တာ ကို ငါက ထောက်ပြတာ။ ပန်းကန်ကွဲတာ စိန့်လက်စွပ်တို့ စိန်နားကြီး တို့ ခိုးတာမှမဟုတ်ဘဲ"

"ခိုးမှပဲ အပြစ်ပေးရမှာလား။ အဲဒီလိုဆိုရင် ကျွန်မ အပြစ်ပေး ရတောင်မလိုဘူး။ သူတို့စရိုက်နဲ့သူတို့ သွားကြမှာပဲဥစ္စာ"

"ကျွတ်"

ဦးကောင်းကင် စိတ်ပျက်စွာပဲ ခေါင်းခါလိုက်မိ၏။ ပြောကြတာ တော့ မိဘစကား နားထောင်ပြားက သံပြားကျောက်ဆောင်ကြိုသော် ပြောင်း၏တဲ့။ သူ့မှာတော့ ဒီလိုမဟုတ်ဘဲ ဖော့ဖယောင်းက ကျောက်ဖိုင်ကျောက်သားတွေဖြစ်နေတာ။ အစကတော့ ဟုတ်မလိုလိုနဲ့ နောက်တော့ ဇာတိရုပ်တွေ ပေါ်လာပြီဆိုတော့ နောက်ဆုတ်လို့မှမရ တော့တာ။ ဒါကြောင့် ဖြစ်မိတဲ့အိမ်ထောင်ရေးဆိုပြီး မှုံပြုံလဲအောင် သည်းခံခဲ့သမျှ သူက ရောင့်တက်နေတာပဲလေ။

ထစ်ကနဲဆို သူကပဲ ကွဲဖို့ကွာဖို့တွေ ပြောနေတာ ဘယ်လောက် စိတ်ပျက်ဖို့ ကောင်းပါသလဲ။ သားမျက်နှာကြောင့်သာမဟုတ်ရင်...

"ဒီမှာ ကိုကောင်းကင်"

"ပြော"

"ရှင်က ဘာလို့ သူတို့နဲ့ပတ်သက်ပြီး နာနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းစကားကနော်"

"ပြောစရာဖြစ်လို့ ပြောနေတာလေ...ထားက ရှင့်မယားမို့လို့"

"ဟော့...တော်စမ်း"

"ပြောမှာပဲ"

"ဟာကွာ...တောက်"

ဦးကောင်းကင် လက်ရွယ်လိုက်လေလျှင်...

"လုပ်လေ...လုပ်ပါ...ရှင့်စိတ်တိုင်းကျ ရိုက်ချလိုက်။ အဲဒါမှ အပျွန်း"

"တောက်...ကဲ"

"ဖြန်း"

"ဖေဖေ"

အမိက လျှင်မြန်စွာရောက်လာပြီးဝင်လာပေမယ့် မမီလိုက်ပေ။ ပတ္တမြားခင်ကလည်း အကြောမာတဲ့မိန်းမမို့ ဆတ်ကနဲ မျက်နှာပြန်လှည့်လာပြီး...

"ရတယ် ကိုကောင်းကင်...ဒါ ကျွန်မအတွက် ရှင့်အပေါ် ပြစ်ချက်ရှာလို့ ရတဲ့အခွင့်အရေးတစ်ခုပေါ့"

"ဘာကွ"

"ရှင်နဲ့ကျွန်မ ပြတ်ပြီ"

"မေမေ"

မိဘနှစ်ပါး အဆင်မပြေတာတွေများလွန်းလို့ အမိကလည်း စိတ်ညစ်ရပေါင်းများခဲ့ပြီလေ။ ကိုယ်က သားသမီးဆိုတော့ အများအမှန်





ဘာတွေများ ဝေဖန်ပိုင်းခြားခွင့်ရှိခဲ့သလဲ။ ကိုယ့်ကြောင့် နှောင်တည်းနေခဲ့သည့်ကြိုးက ဒီနေ့ တကယ်ပဲ ပြတ်တော့မှာလား။

ဦးကောင်းကင်လည်း အသားတွေပင် ဆတ်ဆတ်တုန်နေသည်။ ခြေချိန်စရှိတဲ့ နွားက ခုန်မှာပဲဆိုတာသိပေမယ့် အတတ်နိုင်ဆုံးတော့ သည်းခံနေခဲ့တာ သားကြောင့်ပါ။ အစကတည်းက ချစ်လို့ယူခဲ့ကြတာမှ မဟုတ်ဘဲ။ အခု သည်းခံနိုင်တဲ့အတိုင်းအတာ လွန်သွားပြီမို့ တုပ်တဲ့ကြိုး ဖြေလိုက်ရုံပဲ ရှိတော့တာပေါ့။

"ကောင်းပြီ ပတ္တမြားခင်...ပြတ်ချင်နေတဲ့ကြိုးကို ငါကလည်း ဆက်ထုံးရာ အထင်မခံတော့ပါဘူး။ မင်း လုပ်ချင်တာလုပ်၊ မင်း သွားချင်ရာသွား၊ မင်း ခြေလှမ်းတွေ ဦးတည်ချက်အတိုင်းလုပ်ပါ။ တစ်နေ့နေ့မှာ မင်းအတွက် နှောင်တတစ်ပင် ရှင်သန်လာလိမ့်မယ် ဆိုတာ မင်း ယုံကြည်ထားလိုက်"

ပတ္တမြားခင်က သူခြောက်တိုင်းကြောက်မယ့် မိန်းမမျိုးမှ မဟုတ်တာ။ ကိုယ်ချစ်တဲ့သူနဲ့ အတူနေရမယ်ဆိုရင် နှောင်တတစ်ပင် မကလို့ အပင်တစ်ရာ ရှင်သန်လာလည်း အဲဒီနှောင်တပင်အောက်မှာပဲ ဘဝကို အဆုံးသတ်မည်ဆိုတဲ့ ဆုံးဖြတ်ချက်နှင့်...

"ရှင့်ကို အရမ်းကျေးဇူးတင်တယ် ကိုကောင်းကင်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

အခိက စားပွဲကို လက်သီးနှင့်ထိုးချလိုက်ပြီး ဟီးကနဲ ငိုချလိုက်မိ၏။ ဒီအိမ်ထောင်ရေးတည်မြဲဖို့ ထိန်းသိမ်းတဲ့သူက ထိန်းသိမ်းပေမယ့် မထိန်းသိမ်းတဲ့သူက မထိန်းသိမ်းတော့ ခုပြိုကွဲသွားပြီလေ။ ပြိုကွဲတာမှ ပြန်ဆက်လို့မရအောင်ကိုပဲ မေမေက သူလျှောက်မယ့်လမ်းကို ရွေးချယ်သွားတာ ဆိုးရွားစွာ။

အစကတည်းကမှ အိမ်ထောင်ရေးဖောက်ပြန်နေခဲ့တာ မသိလို့မဟုတ်ဘဲ၊ မပြောခဲ့တာ ပြောမှအရှဲ့တိုက်ပြီး ပိုဆိုးသွားမှာစိုးလို့ပါ။ အခုတော့ လက်ထပ်လိုက်ပြီတဲ့။ ဖေဖေကလည်း ဘာမှမပြောသည့်အပြင် ဝင့်ကျွတ်ပြီတဲ့။ အခိက ဖြစ်နိုင်ရင် ကိုယ့်မျက်နှာကိုယ် ဓားနဲ့လှီးပစ်ချင်လိုက်တာ။





"တောက်"

တက်ခေါက်ပြီး မျက်ရည်ကျနေတဲ့ သားကိုကြည့်ပြီး ဦးကောင်းကင်ရင်ထဲမှာ နင့်နေအောင် ခံစားရ၏။ သားလူပျိုလေး မျက်နှာကိုမှမထောက် လုပ်ရက်တဲ့မိန်းမကို ရင်ထဲမှာ မုန်းလိုက်တာမှ တူးတူးခါးခါးပါပဲ။

"လုပ်ရက်လိုက်ကြတာဗျာ…လုပ်ရက်လိုက်တာ"

"သား"

"ဟီး…ဟီး"

ဦးကောင်းကင်နောက်ကနေ သားပခုံးကို ဆုပ်ကိုင်လိုက်၏။ လူပျိုလေးဆိုတော့ ရှက်ရှာမှာပေါ့လေ။

"မုန်းတယ်…ကျွန်တော် မေမေ့ကို အရမ်းမုန်းတယ်ဗျာ။ မွေးထုတ်ထားတဲ့ သားမျက်နှာကိုမှမထောက်…တောက်"

"မင်း…တက်မခေါက်နဲ့သား…ဖြစ်နိုင်ရင် သူ ပြည့်တန်ဆာမပဲဖြစ်နေနေ မအေက မအေပဲကွ။ ဖေဖေ သူ့ကို မုန်းချင်သလောက်မုန်းမယ်။ မင်း စော်ကားခွင့်မရှိဘူး"

"ဖေဖေ"

"သူ ဒီလိုလုပ်ရမလားလို့ မင်း ငိုစရာလည်းမလိုဘူး။ သူလိုမိန်းမနဲ့ ငါ့သားမျက်ရည် မတန်ပါဘူးကွာ။ သူ ရက်စက်နိုင်ရင် ကိုယ်ဉပေက္ခာပြုနိုင်အောင် ကြိုးစားလိုက်စမ်းပါ"

ပြောရင်း သားကိုယ်ကို သူ့ဘက်သို့ ဆွဲလှည့်ပြီး မျက်ရည်တွေကို သုတ်ပေးလိုက်၏။ တကယ်ကိုပဲ သားမျက်ရည်တွေနဲ့ တန်မှ



www.burmeseclassic.com

www.burmeseclassic.com



မတာန့်ပဲလေ။

"သား"

"........"

"မင်း ယောကျ်ားမဟုတ်ဘူးလား"

"ယောကျ်ား ငိုခွင့်မရှိဘူးလား မေမေ…အခု လက်ထပ်သွားတာ သားချစ်သူမဟုတ်ဘူး မေမေရဲ့။ သားရဲ့အမေဖြစ်နေလို့ ဒီမျက်ရည်တွေ ကျနေတာ။ သား ဒီလိုပြောလို့ သားစကားက နားရှိုင်းချင်ရှိုင်းသွားမယ်။ အဲဒီရှိုင်းတာက အမှန်တရားပါ"

"ဟုတ်ပါတယ်…သား မာနကြီးတတ်တာ မေမေ သိပါတယ်။ အမေလဲညီး မာနနဲ့ မေ့ပစ်လိုက်ပါတော့ သားရယ်။ ဒီနေ့ကစပြီး သားရဲ့အဖေလည်းအဖေ၊ အမေလည်း အဖေလို့ပဲ သတ်မှတ်လိုက်ပါ။ သားဖြစ်ချင်သမျှ လိုရာဆန္ဒအားလုံးကို မေမေ ဖြည့်ဆည်းပေးမယ် သား"

မေမေ့စကားကို အဓိက မယုံမရှိပါဘူး။ ငယ်ငယ်လေးကတည်းက မေမေက်သာ သူ့ကို လက်ပေါ်ကမချ ပြုစုယုယခဲ့သူ။ ပုခက်လွှဲသော လက်ပိုင်ရှင်ဟာ အဓိကဘဝမှာ အမေ မဟုတ်ပါပဲ အဖေဖြစ်နေခဲ့တာအတွက် မေမေ့ကို ကျေးဇူးတင်ပါတယ်။

ဒါကြောင့်…

မေမေ့အပေါ်မှာတော့ အဓိက နားလည်နိုင်အောင် ကြိုးစားရမည်သာ။ မေမေ့မှာ ငယ်ရည်းစားရှိသလို မေမေ့မှာလည်း ရှိခဲ့တာပဲလေ။ ဒါပေမယ့် မေမေက သိက္ခာသမာဓိတွေကို ထိန်းသိမ်းခဲ့ပြီး





မေမေက စိတ်အလိုလိုက်ခဲ့တာအတွက် သားတစ်ယောက်အနေနဲ့ ကိုယ်ဘယ်လောက်ရှက်နေရသလဲဆိုတာ…

"ခုချိန်မှာ ဖြစ်နိုင်ရင် သား လိပ်တစ်ကောင် ဖြစ်ချင်လိုက်တာ မေမေရယ်။ ဒီမျက်နှာ ဘယ်လိုထားရမှန်းကို မသိတော့တာ"

"ငိုနေမြဲ ကျားနေမြဲပေါ့ သားရယ်…သူကြမ္မာသူ ဖန်သွားမှတော့ မေမေတို့က ထရံကာ ထန်းလက်မိုးနဲ့ လိုက်ပြီးအုပ်မိုးပေးစရာမှ မလိုတော့တာ။ မေမေနဲ့သားလည်း ကိုယ့်လမ်းကိုယ်လျှောက်ကြတာပေါ့"

"မေမေ"

ခေါ်ပြီး မျက်ရည်တွေကို ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်၏။ မေမေပြောသလို ငိုနေဖို့မှ မတာန့်တော့တာလေ။ မနေချင်လို့ ထွက်ခွာသွားသူကို ပြန်လာပါလို့ ခယတောင်းပန်နေစရာမှ မလိုတော့တာ။ ငိုရလွန်းလို့ မျက်လုံးတွေတောင် အောင့်နေခဲ့ပြီပဲ။ နေတတ်ရင် ကျေနပ်စရာပဲမို့…

"သား ဖြေနိုင်အောင် ကြိုးစားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

အကြင်နှာ တကယ်စစ်ရင် ငယ်ချစ်က မမှေကောင်းသောအရာ လို အခြေအနေမပေးလို့ ဝေးခဲ့ရသည့်တိုင် ရင်ထဲမှာတော့ ထာဝရရှိနေ ခဲ့သည်လေ။ ပတ္တမြားခင်နဲ့ တရားဝင်ကွာရှင်းခဲ့ကြပြီးနောက် သူက လည်း သူ့အိမ်ထောင်နှင့်သူ။ ထားက အားကိုးရာမဲ့နေတဲ့ မိန်းမပို့ မသင့်တော်တာတွေပြောပြီး နှင်လည်းမထုတ်ရက်။

တစ်အိမ်တည်းမှာ အတူတူရှိနေကြပြန်တော့ မသင့်တော်ခြင်း အကြောင်းတရားတွေက တန်းစီလို့ပါပဲ။

ဒါကြောင့်…

"ထား"

"ဟင်"





ပန်းကန်တွေဆေးနေရင်း ခေါ်သံကြောင့် နောက်ကိုပြန်လှည့် ကြည့်လိုက်တော့ ကိုကောင်းကင် ဖြစ်နေတာမို့ ထားကိုယ်လေး ဆတ်ကနဲဖြစ်ကာ ကြောင်သွား၏။

ပြီးမှ…

"ကိုကောင်း ဘာပြောမလို့လဲဟင်"

"ပြောစရာရှိတာတော့ အမှန်ပဲ ထား…ပြီးရင် ဧည့်ခန်းထဲကို ခဏလောက် လာခဲ့ပေးပါ"

"ဟုတ်"

"ကိုယ် စောင့်နေမယ်"

ဘုရားရေ…ကိုယ်ဆိုပါလား။ ဘယ်လိုကိုယ်လိုက်တာပါလိမ့်။ ဟိုအရင် ချစ်သူဘဝတုန်းက ထား သူ့ကို 'ကို' လို့ ခေါ်ခဲ့တာဆိုတော့ အင်း…ဘာပဲဖြစ်ဖြစ် သူ ဒီလိုသုံးဖို့မှ မလိုတာ။

သူက အလုပ်ရှင်၊ ထားက အလုပ်သမားပဲလေ။ ခဏလာခဲ့ဦး ဆိုတော့ ရှည်ရှည်ဝေးဝေး စဉ်းစားမနေနိုင်တော့ဘဲ ဧည့်ခန်းထဲသို့ လျှောက်လာခဲ့တော့ ခပ်ကုပ်ကုပ်နှင့်ပဲ မထိုင်သေးဘဲ ရပ်နေလိုက်စဉ်…

"ထိုင်လေ"

"ဟို"

"ထိုင်ပါဦး"

"ဟုတ်ကဲ့"

မဝံ့မရဲ ဝင်ထိုင်ပြီး သူ့မျက်နှာကို မကြည့်ရဲစွာ ထား ခေါင်းကို သာ ငုံ့ထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



“ထား”

“ရှင်”

“ထားကို ကိုယ် ပြောစရာရှိလို့ ခေါ်လိုက်တာပါ”

“ဟုတ်ကဲ့ ပြောပါ ကိုကောင်း၊ ထား နားထောင်နေပါတယ်”

ပြောဆိုတော့ ခဏ အသံတိတ်သွားပြီးမှ…

“ထားကို ဒီအိမ်ကနေ ထွက်မသွားစေချင်ဘူး”

“ရှင်”

စကားက အစမရှိ အဆုံးမရှိပါလား။ ထား ဘာပြန်ပြောရမှန်း မသိဖြစ်နေစဉ်…

“ထား…နားလည်မှာပါ။ ကိုယ်နဲ့ထား တစ်မိုးအောက်မှာ အတူရှိနေဖို့ မသင့်တော်ဘူးဆိုတာလေ။ အရင်ကတော့ ဘာပြဿနာမှမရှိဘူးပေါ့။ အခု ကိုယ်က အိမ်ထောင်ပျက်ဖြစ်နေပြီဆိုတော့ ထားက မုဆိုးမ၊ ကိုယ်က တစ်ခုလပ်…ဒီလိုပြောလို့ ရိုင်းတယ်တော့ မထင်ပါနဲ့။ ကိုယ်က အမှန်တရားကို ပြောပြတာပါ”

ခုမှပဲ သူ့မျက်နှာကို ဖျတ်ကနဲ ကြည့်မိသွား၏။ ဒါတွေကို ထား တွေးမိခဲ့ပါတယ်။ ဒါပေမယ့် ထားက အပြင်ထွက်ပြီး ဘဝအတွက် ရုန်းကန်လှုပ်ရှားဖို့ မငံ့ရဲတဲ့မိန်းမမို့ ဒီမှာပဲ ကပ်နေဖြစ်ခဲ့တာပါ။ မငံ့ရဲဘူးဆိုတာက ဘယ်အလုပ်ပဲလုပ်လုပ် အရင်းအနှီးဆိုတာ ရှိတယ်လေ။ ထားမှာက ရင်းနှီးစရာငွေအခင်အားမှ မရှိတာ။

ဒီအိမ်မှာနေတော့…

သားကိုလည်း ကျောင်းထားပေးနိုင်ပြီး သားဘဝရေရေးအတွက်





ငွေလေး စုမိဆောင်းမိရှိတယ်ဆိုပြီး တွယ်ကပ်နေခဲ့တာ။ အခု သူ့ဘက်က ပြောလာပြီဆိုတော့…

“ထား…နားလည်ပါတယ်။ ကိုကောင်း ပြောရမှာ အားနာနေတာမဟုတ်လား။ ထား…သိတတ်စွာနဲ့ ထွက်သွားပေးပါ့မယ်”

“မဟုတ်ဘူး…ထား”

ကိုယ်ပြောချင်တာနဲ့ သူတွေးတာက တလွဲတော့ဖြစ်နေပါပြီ။ ဘယ်လိုစပြောရမလဲ။ တစ်ကနေ ပြန်စမယ်ဆိုရအောင်ကလည်း ကလေးတွေမဟုတ်တော့…

“ကိုယ်ပြောချင်တာက ထားတို့သားအမိကို ထွက်သွားဖို့ မဟုတ်ဘူး…ထား။ ဘယ်လိုပြောရမလဲ…ကျွတ်”

“ဒါဆို”

“ရှင်းရှင်းပြောရရင် ကိုယ်လည်း လွတ်လပ်သူဖြစ်သွားပြီလေ”

“အဲဒါကြောင့် မသင့်တော်ဘူးပဲမို့လား”

“ထား”

စကားက လိုရင်းကိုမရောက်နိုင်။ ဘာရယ်မဟုတ်၊ လက်ဆစ်တွေကို တဖျောက်ဖျောက်ချိုးရင်းပဲ စိတ်ကို တင်းလိုက်ကာ…

“ပဏ္ဍမြားခင်လည်း လက်ထပ်သွားပြီ၊ ကိုယ် အစကတည်းက သူ့ကို ချစ်လို့လက်ထပ်ခဲ့တာ မဟုတ်ဘူးဆိုတာ ထား သိပါတယ်။ ဒါပေမယ့် ဖြစ်မိတဲ့အိမ်ထောင်ရေးကို ခိုင်မြဲအောင် ကိုယ်ကြိုးစားခဲ့ပါတယ်။ သူ့ဘက်က ဖောက်ပြန်တာတော့ ကိုယ်လည်း မတတ်နိုင်ဘူးပေါ့။ အခု ကိုယ်က ဖောက်ပြန်တာမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လပ်သူချင်းမို့"

"............"

ထား မျက်နှာလေးလွှဲသွားစဉ်...

"ထားကို ကိုယ် လက်ထပ်ပါရစေ"

"ရှင်"

"ကိုယ် ဒီလိုပြောတာ အားလုံးရဲ့ရှေ့ရေးအတွက်ပါ။ တစ်အိမ်တည်းမှာ ဒီအတိုင်းရှိနေဖို့ကျတော့ မသင့်တော်ဘူးလေ။ ထားထွက်သွားမယ်ဆိုတော့လည်း ကိုယ် စိတ်မချဘူး။ ပြီးတော့ ထားကို အခုထိ ကိုယ် ချစ်နေတုန်းပဲ"

"ဘာတွေလာပြောနေတာလဲ ကိုကောင်း...ဒီအချိန်ကျမှတော့ ဒီစကားတွေ မပြောပါနဲ့တော့"

ဒီအရွယ် ဒီအခြေအနေကျမှ ရည်းစားစကား အပြောခံရတော့ ထား ရှက်လွန်းလို့ မျက်နှာတစ်ခုလုံး ရေနွေးပူနဲ့ အပက်ခံလိုက်ရသလို ထူထူပူပူကြီး ဖြစ်သွားလေ၏။ ခုမှ သူတို့အဖြစ်က တွံတေးသိန်းတန်ရဲ့ လေးဆယ်ကျော်အချစ်သီချင်းထဲကလိုဖြစ်နေပြီ။ အသက်လေးဆယ်ကျော်မှ တကယ်ပဲ သူ့မှာလည်း သားနဲ့၊ ကိုယ့်မှာလည်း သားလေးနဲ့ မဟုတ်လား။

သူ အိမ်ထောင်ကျပြီးသည့်တိုင်...

နောက်တစ်ယောက်ကို ပြောင်းချစ်လို့မရနိုင်တာနှင့် ထား အပျိုကြီးပဲလုပ်တော့မည်ဆိုပြီးနေခဲ့တာ။ နောက်မှ လူကြီးတွေ အတင်းအကျပ်စီစဉ်လို့ သားလေးအဖေနဲ့ လက်ထပ်ဖြစ်ခဲ့တာပါ။





"မပြောလို့ မရတော့ဘူး ထား...ကိုယ်တို့နှစ်ယောက်ကြားမှာ ဖွယ်ခဲ့တဲ့ သံယောဇဉ်က သေးသေးကွေးကွေးမှ မဟုတ်ခဲ့တာ။ အခုထိ မပြတ်နိုင်ကြသေးဘူးပဲ မဟုတ်လား"

"............"

"ထားကို ကိုယ် လက်ထပ်ပါရစေ"

"ပြောတော့ လွယ်တာပေါ့ ကိုကောင်းရယ်...လက်တွေ့ကျရင်သာ မလွယ်တာ"

"ဘာကြောင့်မလွယ်ရမှာလဲ...ထား"

"အဓိကဘက်က တွေးကြည့်ဦးလေ။ သူက အရွယ်ရောက်နေပြီဖြစ်တဲ့လူဆိုတော့"

"ကိုယ်တို့က ဖောက်ပြန်ကြတာမှ မဟုတ်ဘဲထားရဲ့။ လူသိရှင်ကြား လက်ထပ်ကြမှာပဲဥစ္စာ...သူ နားလည်ပေးနိုင်မှာပါ"

"နားလည်မပေးနိုင်ဘူးဆိုရင်ရော"

"နားလည်ပေးနိုင်အောင် ကိုယ် ကြိုးစားမယ်"

ထား တွေကနဲ ဖြစ်သွားလေ၏။ ရှေ့ရေးအတွက်ဆိုတဲ့စကားကိုတော့ စဉ်းစားရမည်လေ။

ဒါကြောင့်...

"ထား...စဉ်းစားပါရစေဦး ကိုကောင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

သဘောမတူချင်ပေမယ့် အမိက နားလည်ပေးလိုက်ပါတယ်။ မေမေက ဘယ်သူ့မျက်နှာကိုမှ မထောက်ဘဲ ဖောက်ပြန်ခဲ့ပြီး ဖေဖေက ကျတော့ သူ့သဘောထားကို မေးသေးသည့်အပြင် တစ်ယောက် မကောင်းလို့ တစ်ယောက်ပြောင်းတာဆိုတော့ ဒါအပြစ်တစ်ခုမှ မဟုတ်တာ။

ဒါကြောင့်…

သူ့ရဲ့ခွင့်ပြုချက်ရတာနှင့် ဖေဖေနဲ့အန်တီတို့ လက်ထပ်လိုက် ကြသည်လေ။ သူ့အတွက်ကတော့ အထီးကျန်သထက် အထီးကျန်ခဲ့



သွားတာပါပဲ။ အဲဒီတော့ မှန်းကျပ်ခြင်းရဲ့ ထွက်ပေါက်သည် စိတ်တွေ ကြမ်းတမ်းလာ၏။ ဘယ်သူ့ကိုမှ အကောင်းမမြင်ဘဲ တစ်ယောက် တည်းနေရင်းတောင် ဒေါသထွက်နေတာမျိုးလေ။

"လင်းဆက်…လင်းဆက်နှယ်"

"…………"

"လင်းဆက်နှယ်"

"ရှင်…ကိုကိုကြီး"

"နင် အခု ငါ့ရှေ့ကို မြန်မြန်လာစမ်း"

"ဟုတ်…လာပြီ ကိုကိုကြီး"

အရင်ကလို ထဘီဝတ်တာမဟုတ်တော့ဘဲ ဘောင်းဘီနဲ့မို့ ခေါ်တာနှင့် ပေါ့ပေါ့ပါးပါး လျင်လျင်မြန်မြန်ပဲ ပြေးလာနိုင်ခဲ့သည်။ ခေါ်တဲ့သူက အပေါ်ထပ်ကနေ ဆင်းလာရင်းခေါ်တာလေ။ လင်းဆက် က မီးဖိုချောင်ထဲက ပြေးလာရတာမို့ ဧည့်ခန်းထဲမှာဆုံကြပြီး…

"ကိုကိုကြီး လင်းဆက်ကို ဘာခိုင်းမလို့လဲဟင်"

"ငါ့အခန်းထဲက စာကြည့်စားပွဲပေါ်မှာ တင်ထားတဲ့ စောင်းရုပ် ကလေး အမြီးကျိုးသွားတာ နင့်ကြောင့်မဟုတ်လား"

လင်းဆက် ရင်ထဲမှာ ဒိန်းကနဲ ဖြစ်သွားလေ၏။ ဟုတ်တာပေါ့။ လင်းဆက် ကိုကိုကြီးအခန်းကို ရှင်းပေးရင်း အဲဒီစောင်းလေးက စားပွဲ ပေါ်ကနေ ပြုတ်ကျသွားတာလေ။ ဒါကိုကောက်ဖို့ ငုံ့ပြီး ခြေလှမ်းရွှေ့ လိုက်ကာမှ တည့်တည့်ကြီးကိုပဲ တက်နင်းမိသွားတာ။

"ဟော့…မေးနေတာဖြေလေ"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့"

ကိုယ်လေး ဆတ်ကနဲတုန်ပြီး မြူးတိမြူးကြောင် ဖြစ်သွားစဉ်မှာပဲ…

"ရှေ့တိုးစမ်း…နှင်"

"…………"

"ပြော…နှင့်ကြောင့်ဖြစ်တာ မဟုတ်လား"

"ဟုတ်…လင်းဆစ်"

"ဆင်ခြေမပေးနဲ့၊ စားပွဲပေါ်မှာရှိနေတဲ့ပစ္စည်းကို ကျိုးအောင် နှင် ဘာသွားလုပ်တာလဲ"

"သန့်ရှင်းရေးလုပ်ရင်း အောက်ပြုတ်ကျတာပါ"

"အောက်ပြုတ်ကျတာနဲ့ပဲ ကျိုးရောလား"

"တက်နင်းမိသွားတာပါ"

"ဘာ"

လင်းဆစ် ငိုချင်စိတ်ပေါက်သွားလေ၏။ ကိုကိုကြီးရဲ့မျက်လုံးတွေက စူးစူးရဲရဲဖြစ်နေတာ ကြောက်စရာကြီးပဲလေ။

"တောက်"

အမိက ဒီစောင်းလေးကို အမြတ်တနိုးရှိခဲ့တာမို့ ဒေါသက အမြင့်သွားသည်။ သူ့ မွေးနေ့တုန်းက ဖေဖေ ဝယ်ပေးထားတဲ့ဟာလေးလေ။ (၁၃)နှစ်မြောက်မွေးနေ့တုန်းကပေါ့။ အဲဒီနှစ်ကပဲ ဖေဖေရယ် မေမေရယ်၊ အမိကရယ် မိသားစု စုံညီစွာနှင့် ဘုရားသွားခဲ့ဖူးတာ ကျန်တဲ့နှစ်တွေမှာက သူ့အကြောင်း သူ့အကြောင်းတွေနဲ့ အတူတူ





သွားဖြစ်ကြတော့ ဒီပစ္စည်းလေးက အမှတ်တရပစ္စည်းလေးအဖြစ် ရှိနေခဲ့တာ မဆန်းပါဘူး။

ခုတော့ သွားပြီ…

မိသားစုဘဝ ပြိုပျက်သွားခြင်းနှင့်အတူ ဒီပစ္စည်းလေးကလည်း ပျက်စီးသွားပြီဆိုတော့…

"နှင် လုပ်လိုက်ရင် အမြဲတမ်း နမော်နမဲ့နဲ့။ ငါ့ဘဝမှာ အဲဒီပစ္စည်းက ဘယ်လောက်အရေးကြီးလဲ…နှင် သိလား။ လာစမ်း…တောက်"

"အင့်"

လက်ကို ဆောင့်ဆွဲခေါ်လို့ ပါသွားတဲ့ လင်းဆစ်ကိုယ်လေးမှာ အရုပ်ကလေးတစ်ရုပ်လိုပါ။

"နှင့်ကို ဟောဒီလို အပြစ်ပေးရမယ်…ကဲဟာ"

"ဖြန်း"

"အား"

"ကဲဟာ"

"ဖြန်း"

"အား"

"တောက်"

"ကြောက်ပါပြီ ကိုကိုကြီးရဲ့…နောက် ဒီလိုမဖြစ်စေရပါဘူး။ အီး…ဟီး…ဟီး"

"ဘာ…ခုမှကြောက်ပါပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျောကုန်းကို လက်ဝါးနှင့်ရိုက်တာမို့ လင်းဆစ် ကျောလေး ကော့ကာ ငိုလေတော့၏။ ဒီအသက်အရွယ်အထိ ဒီလောက် တစ်ခါမှ အရိုက်မခံရဖူးတော့ ကြောက်လွန်းလို့ ဒူးတွေလည်း ဆတ်ဆတ်တုန် နေသည်။

"ကဲ..."

"ဖြန်း"

"အား"

"ကိုကိုကြီး"

သက်တံ အတင်းပြေးဝင်လာပြီး နောက်ထပ်ရိုက်ရန်ရွယ်တဲ့ အစ်ကိုလက်ကို ဆွဲထားလိုက်၏။ ပြီး အစ်ကိုကို ရှိသမျှခွန်အားလေး နှင့် တွန်းလွှတ်လိုက်လေလျှင် အစ်ကိုနောက်သို့ ယိုင်သွားပြီးမှ...

"ကြည့်စမ်း...ခွေးသူခိုးလေး"

"ကိုကိုကြီး...သူ့ကို ရိုက်စရာမလိုဘူး"

"ဘာကွ"

"သက်တံ"

"တောက်...ကဲ"

"ဖြန်း"

"အား"

"အမယ်လေး...သက်တံ"

သက်တံကိုကျတော့ ပါးရိုက်ပစ်လိုက်တာမို့ အားချင်းမျှတော့ လဲကျသွားလေလျှင် လင်းဆစ်က ပြေးထူပြီး...





"သက်တံ"

"ရတယ်..နင်...ဖယ်"

ကုန်းထပြီး သက်တံ ပါးကိုလည်း လက်နှင့်ပွတ်ရင်း...

"ကိုကိုကြီး...ရိုက်ချင်ရင် ကျွန်တော့်ကို ရိုက်ပါ။ အဲဒီစောင်းလေး ပျက်စီးသွားတာ လင်းဆစ်ကြောင့် မဟုတ်ဘူး။ ကျွန်တော့်ကြောင့်...ကျွန်တော် တက်နင်းမိတာ"

"မဟုတ်ဘူး...နင့်ကြောင့် မဟုတ်ပါဘူး"

"ငါ့ကြောင့်ပါ...ငါ တက်နင်းမိတာလေ"

သူ့ကြောင့် ငါ့ကြောင့်နဲ့ အငြင်းအခုံဖြစ်နေတဲ့နှစ်ယောက်ကို အစ်ကို အမြင်ကတ်သွားလေ၏။ ကလေးအရွယ်ဆိုတာ တစ်ကိုယ်ကောင်းဆန်စွာ ကိုယ့်အသားနာမှာပဲ ကိုယ်ကြောက်ကြတာလေ။ ခုတော့ တစ်ယောက်နဲ့တစ်ယောက် ညှာနေလိုက်ကြတာ။ ဒါကိုပဲ ဒေါသ ပိုထွက်ပြီး...

"ဒီလောက်တောင်ရှိလှတာ လာခဲ့...နှစ်ယောက်စလုံး"

အစ်ကို နှစ်ယောက်စလုံးကို ဆွဲခေါ်လာခဲ့တော့...

"ကိုကိုကြီး ဘာလုပ်မလို့လဲ...အပြစ်ပေးရင် ကျွန်တော့်ကိုပဲ ပေးပါ။ လင်းဆစ်နဲ့ မဆိုင်ဘူး"

"တိတ်စမ်း"

ဆွဲခေါ်ရာနောက်မှာ နှစ်ယောက်စလုံး ယက်ကန်ယက်ကန်နှင့်ပါ။ သက်တံ ကိုကိုကြီးလက်ကို ကိုက်ဆွဲပြီး ထွက်ပြေးချင်စိတ်ပေါက်သေးမှည့် အမြဲတမ်း သူပဲနိုင်နေခဲ့တာ။ ခုမှတော့ မဆန့်ကျင်ချင်တော့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ။ မေမေ့မျက်နှာက ရှိသေးတာကိုး။ သက်တံ အဲလိုလုပ်လို့ ပြဿနာတက်ရင် မေမေပဲ စိတ်ဆင်းရဲရမှာ။

ဦးကောင်းကလည်း ကိုယ့်အပေါ်ကောင်းလွန်းတဲ့သူ…

ဦးကောင်းလည်း စိတ်ညစ်ရမှာကို သက်တံ မလိုလားဘူးလေ။ ဒါကြောင့် လုပ်ချင်ရာလုပ် လည်စင်းခံလိုခြင်းမှာ လင်းဆက်ကို မပါစေချင်။ သူ့ခမျာ အရိုက်ခံရတာ တော်တော်နာမှာပဲပေါ့။ နေမှုနေတဲ့နေရာ တစ်ခုကိုရောက်တော့…

"ဒူးထောက်စမ်း"

"အင့်"

"လင်းဆက်"

တွန်းလွှတ်လိုက်တော့ လင်းဆက် လဲကျသွားလေလျှင် သက်တံ ပြေးထူဖို့ ကိုကိုကြီးလက်ထဲမှ ရုန်းထွက်လိုက်၏။ အမိကလည်း ပြန်ဆွဲထူပြီးမှ…

"နှစ်ယောက်စလုံး ဒူးထောက်"

"…………"

"ပြောနေတာ ကြားလား…လုပ်လေ"

"ဟုတ်"

ကလန်ကဆန်လုပ်ရင် ပိုနာမှာစိုးတာနှင့် နှစ်ယောက်စလုံး အမိန့်ကိုနာခံကာ ဒူးထောက်လိုက်ကြ၏။ အမိက လက်မှနာရီကို ငုံ့ကြည့်လိုက်ပြီး…

"မင်းတို့ အဲဒီလို တစ်နာရီတိတိ နေရမယ်။ ငါ လာမခေါ်မချင်း





အိမ်ထဲကို ပြန်ဝင်ဖို့မကြိုးစားနဲ့"

"ကိုကိုကြီး"

ခေါ်ရုံပဲရှိသေး လက်ညှိုးထိုးပြီး အံကြိတ်သလိုလုပ်လိုက်တော့ သက်တံ ခေါင်းလေးငုံ့သွားရှာသည်။ သက်တံဘက်ကတော့ မိဘ နှစ်ပါး ပေါင်းစပ်ခြင်းရဲ့နောက်မှာ အတွေးက အမိကသည် သူ့ရဲ့ အစ်ကို။ အမိကဘက်ကတော့ လက်မခံနိုင်ဘူးပေါ့။ ကိုယ့်မိသားစု ပြိုကွဲသွားခြင်းအတွက် နတ်တွေကို ဆက်သလို ရှိတာလေးနဲ့ ပျော်ပါး စလုပ်နိုင်ဘူးလေ။

သူ လှည့်ထွက်သွားပြီးနောက်…

ခေါင်းငုံ့ပြီး နှုတ်ဆိတ်နေတဲ့ လင်းဆက်ကို သက်တံ လှည့်ကြည့် လိုက်တော့ မျက်ရည်တွေကျနေတာ ပေါက်ကနဲ ပေါက်ကနဲပါပဲ။

"လင်းဆက်"

"…………"

"လင်းဆက်…မငိုနဲ့လေဟာ၊ နင်တစ်ယောက်တည်း မဟုတ်ဘူး၊ ငါ အဖော်ရှိနေတာပဲဥစ္စာ။ ပြီးတော့ တစ်နာရီတဲ့။ အန်တီခင် အပြစ်ပေးတုန်းကလောက် မဆိုးပါဘူး"

"နင်က မဆိုင်ဘဲနဲ့ ခုလို လုပ်ခံရတော့ ငါ စိတ်ကောင်းပါ့ လေးဟဲ့"

"နင်နဲ့ငါက အတူတူပဲဥစ္စာ…ငိုမနေနဲ့တော့။ နင်ငိုရင် ငါလည်း ငိုချင်တယ်"

လင်းဆက် မျက်ရည်တွေကို ကပျာကသီ သုတ်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ငါ မငိုတော့ဘူး"

"ဒါဆို…ပြုံးပြ"

အပြုံးကို မျှော်လင့်တဲ့သူက မျှော်လင့်နေပြီး လင်းဆစ် နှုတ်ခမ်းသားလေး လှုးလွန့်သွားတာကို မြင်လေမှ သူလည်း ကျေနပ်စွာ ပြုံးလိုက်မိလေသည်။





## အခန်း (၁၁)

(၁၀)နှစ်ခန့်ကြာပြီးနောက်…

"ဟူး"

လင်းဆစ်ထံမှ 'ဟူး' ဆိုတဲ့အသံကြားရလေတော့ သက်တံလှည့်ကြည့်ပြီး…

"ပူနေပြီလား"

"ပူတာပေါ့၊ ဘာသားနဲ့ ထုထားတာမှတ်လို့"

"ပူပါတယ်လို့ လူတကာလည်ပြီးပြောလို့လည်း ဘယ်သူမှ လာကယ်မှာမဟုတ်ဘူး…ညည်းမနေနဲ့။ တို့ ပေးဆပ်စရာရှိတဲ့ ဝဋ်ကြွေးတွေ မကုန်သေးလို့လို့သာ မှတ်လိုက်။ အမယ်လေး…ရှုလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း သက်တံ သူ့လက်မောင်းနှစ်ဖက်ကို ပြန်ဆုပ်မိပြီး ညည်းလေတော့ လင်းဆက်က မျက်စောင်းထိုးလေသည်။ လင်းဆက် ဆံပင်တွေဆို ပွလွန်းလို့ ကိုယ့်ဘာသာကိုယ် ပြန်ကိုင်ကြည့်မိတာ တောင် လန့်သွားတဲ့အထိ ပွခြစ်နေလို့ပါ။ ဒီလိုပဲ အပြစ်တစ်ခုလုပ်မိ တိုင်း နေပူလှန်းပြီး အပြစ်ပေးခံရတာ ငယ်ငယ်ကတည်းကဆိုတော့ ရိုးတော့ရိုးနေခဲ့ပါပြီ။

ဒါကြောင့်…

အရေထူပြီး ခံနိုင်ရည်ရှိနေတာဆိုရင် မှားမလား။ ငယ်ငယ်တုန်း က ခဏခဏတွေသည် လင်းဆက်ကြောင့်ဖြစ်ခဲ့ပြီး အခုတစ်ခါက တော့ သက်တံကြောင့်လေ။ ဖော်ထက်လူဆိုတဲ့ကောင် လင်းဆက်ကို ရည်းစားစကားလိုက်ပြောလို့ဆိုပြီး ရန်ဖြစ်ကြတာ။ လင်းဆက်ကကျ တော့ မတားရကောင်းလားလို့ အဆစ်ပါသွား။ ဖြစ်ချင်တော့ ဖော်ထက် လူက ကိုကိုကြီးနဲ့ စီးပွားဖက် အရင်းနှီးဆုံးမိတ်ဆွေရဲ့သား ဖြစ်နေတာ ပါပဲ။ အဲဒီတော့ အပြစ်ပေးခံရတော့တာပေါ့။

"သူများတော့ မညည်းနဲ့တဲ့၊ သူ့ကျတော့ ညည်းပြီးတော့"

"အေးဟ…အသားတွေတော့ ကျက်ကုန်ပြီလားမသိဘူး။ ဖုတ်စားလို့တောင်ရမယ်ထင်တယ်။ နင့်တင်ပါးသားဖုတ်ပြီးတော့ နေဖင် ကျက်ဆိုပြီး စားသောက်ဆိုင်မှာ သွားရောင်းရင် ကောင်းမလားပဲ။ ဘယ်လောက်ရောင်းကောင်းလိုက်မလဲနော်…ဟီး…ဟီး"

"သက်တံ…သေနာကောင်…ဘာတွေလျှောက်ပြောနေတာ လဲ…အရှက်တိုမရှိဘူး"





"ဘာရှက်စရာရှိလို့လဲ…ဘယ်သူကမှ လှလို့ဆိုပြီး တမင် တပ်ထားတာမှမဟုတ်တာ"

"သက်တံ"

လင်းဆက် အော်လိုက်တော့ သက်တံက တဟီးဟီးနှင့် ရယ်လေသည်။ သူကပြောထွက်ပေမယ့် အဲလောက်ကလေးပြောတာ ကို လင်းဆက်မှာတော့ ရှက်လွန်းလို့ မျက်နှာလေး ဟိုလွဲဒီလွဲပါ။ နဂို က နေပူလို့ ရဲနေတဲ့မျက်နှာလေးက ခုတော့ဖြင့် အဝတ်နီစတစ်စလို ပေါ့။

သူတို့နှစ်ယောက်ကလေ…

ခုလို နေပူထဲနေရလည်း အသားအရည်က ခဏသာ ပြောင်းလဲ ပြီး နောက်တော့ ပုံမှန်အတိုင်း ပြန်ဖြစ်သွားတာပါပဲ။

"ခုတစ်ခါ ဒီလိုဖြစ်ရတာ နင့်ကြောင့်…သိလား"

"အမယ်"

"ဘာအမယ်လဲ…မဟုတ်လို့လား"

"နင့်အလုပ်ညှိကျ ဒီလိုလား"

"ဒီလိုပဲ"

"ဟွန်း…သူ့ကျတော့ မှုစေခံစားချင်စိတ်မရှိဘူး။ တော်တော် ချစ်ဖို့ကောင်းရှာတယ်"

"ဘာ"

"မဘာဘူး…ညာ"

"တောက်…ဒီမှာပူရတဲ့အထဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ…ဒေါသထွက်တာလား၊ ပူနေရင် မိုးပေးမယ်"

လင်းဆစ် နှုတ်ခမ်းလေး ဖိကိုက်လိုက်စဉ်မှာပဲ…

"လက်ဝါးနဲ့"

တကယ်ပဲ လက်ဝါးနဲ့ လင်းဆစ်ခေါင်းပေါ်ကို အုပ်မိုးပေးလေတော့ လင်းဆစ်က ခေါင်းငုံ့ပြီး သူ့လက်ကို တွန်းလွှတ်လေသည်။ ဒူးထောက်ထားရတာလည်း ညောင်းလှပါပြီ။ ကိုကိုကြီး မြန်မြန်လာခေါ်ပါစေ။

"ငါက ညောင်းတာပူတာတွေကို မေ့မေ့ပျောက်ပျောက်ဖြစ်အောင် ရယ်စရာပြောနေတဲ့ဥစ္စာ…စိတ်ကောက်တာလား…စေတနာကို စေတနာမှန်း မသိဘူး…တကယ်ပဲ"

"ဟင်"

လင်းဆစ် ငုံ့ကြည့်လိုက်တော့ သက်တံက ဟိုဘက်လှည့်သွားသည်။ သူ့စေတနာကို လင်းဆစ် နားလည်ပါသည်လေ။ ငယ်ငယ်ကတည်းက လင်းဆစ်နဲ့ပတ်သက်လာရင် ဘာမဆို သက်တံက မျှဝေခံစားပေးခဲ့သူ။ အခု ကိုယ်ကျတော့ ပြုံငြင်လို့ဖြစ်မတဲ့လား။

"ဟဲ့"

"………"

"သက်တံ"

"ဘာလဲ"

"ဒီဘက်လှည့်"

"ဟင်"





"ဘာဟင်တာလဲ"

"နင့်စကားကြီးကလည်း"

"နင် ဖောက်မလာနဲ့နော် သက်တံ…ဒီက အကောင်းပြောမလို့တာကို"

"ကဲ…ပြော၊ ရည်းစားစကားတော့ မပြောနဲ့နော်။ ဒီက ရှက်တတ်တယ်…အဲဟင့်…ဟင့်"

"ခွေးစုတ်…အခြောက်ရုပ်နဲ့"

သက်တံက လက်ညှိုးကို သွားနှင့်ကိုက်ပြီး ကနွဲ့ကလျှဟန်ပြောလေတော့ လင်းဆစ် ပြောပစ်လိုက်တာ ဖုစ်ဖုစ်နှစ်နှစ်ပါ။ သက်တံက မိန်းမချောချောတဲ့ကောင်ဆိုတော့ အဲဒီလိုလုပ်ပြရင် လင်းဆစ် သိပ်အမြင်ကတ်တာပါပဲ။ စိတ်မနွဲ့တာကိုတော့ သိတယ်လေ။ မာလွန်းလို့ ခက်တောင်နေသေးရဲ့။ လင်းဆစ်နဲ့ပတ်သက်လာရင်ပြောတာပါ။ လင်းဆစ်ကို သူများနေနေကြည့်တာတောင် မကြိုက်ဘူးတဲ့။

"ဘာအခြောက်ရုပ်လဲ…နင်နော်…လက်သီးစာမိချင်လို့လား"

ပြောပြီး လက်သီးနှင့် လင်းဆစ်ပါးပြင်ကို ဖိကပ်ထားလေတော့ လင်းဆစ်က ရိုက်ချလေသည်။

"အား"

"မအော်နဲ့၊ အသက်နဲ့အဝေးကြီး"

"နင်ကလေ ငါ့အပေါ်ကျရင် ဘယ်တော့မှ မညှာဘူး။ ယောကျ်ားရရင် ဟင်းချိုအိုးဆားခပ်ပြီး နားရင်းအုပ်တဲ့ယောကျ်ားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရပါစေ။ အဲဒီတော့မှ သြော်...သက်တံ ငါ့အပေါ် ဘယ်လိုကောင်းခဲ့တာဆိုတဲ့ နောင်တတစ်ပင် ရှင်သန်လာလိမ့်မယ် သိလား"

"အောင်မာ...စကားပြောရင် လေတစ်လုံးမိုးတစ်လုံးနဲ့ ကြီးကျယ်လိုက်တာ။ ငါ့မှာလည်း လက်နဲ့ခြေနဲ့ ပြန်ရိုက်မှာပေါ့ဟဲ့"

"ကြည့်ရသေးတာပေါ့...ပြန်ပဲရိုက်မလား၊ မောင်ရယ် ချစ်ကလေ ဘာလေညာလေပဲဖြစ်မလား"

"ဝေးသေး"

လင်းဆစ်က နှုတ်ခမ်းမဲ့ပြီး ပခုံးချင်းတိုက်ပစ်လေ၏။ သက်တံ ပြောတာမှန်နေပြီ။ နှစ်ယောက်သား အချေအတင်စကားပြောနေကြတော့ ပူတာလောင်တာတွေ လျော့နည်းသွားသလိုပါပဲ။

"ကဲ...လိုရင်းကို မရောက်နိုင်ဘူး။ စောစောက ဘာပြောမှာလဲ ပြော"

သက်တံပြောမှပဲ ပြောမယ့်စကားကို လင်းဆစ် သတိရသွားကာ...

"ယယ်ယယ်တုန်းက နင် ငါ့အပေါ် အနစ်နာခံခဲ့တာတွေအတွက် စိတ်မကောင်းဘူးလို့ ပြောမလို့ပါ"

"စိတ်မကောင်းဘူးဆိုတော့ ရူးနေတာပေါ့"

"ဘာ"

"ရှာသာကြီးလိုက်ပို့မယ်"

"သက်တံနော်"

"ဟော...ဟိုမှာ ဦးသန်းကိုတော့ လာနေပြီ။ တို့ကို ပြန်ခေါ်





တော့မယ်ထင်တယ်။ ဟီး...ဟီး...ခုမှ ပိုပူလာသလိုပဲ။ ဖင်နေကျက်သွားရောင်းမယ်"

မျက်စောင်းက ခွကနဲ ရောက်လာပြန်လေ၏။ သက်တံ ပြောသလိုပဲ ဦးသန်းကိုကိုမြင်မှပဲ နေက ပိုပူလာသလိုပါပဲ။ ကလေးများလို ချော့မယ့်သူရှေ့ကျမှ ပိုငိုချင်တာမျိုးလေ။ ကြောက်တဲ့သူရှေ့ကျတော့ အံကြိတ်ခံကြတာပဲ မဟုတ်ဘူးလား။ မျှော်လင့်ချက်နှင့် မျက်လုံးလေးတွေက ဦးသန်းကိုဆီမှာပါ။

မျက်တောင်ခတ်လိုက်ရင်ပဲ ဦးသန်းကို ကိုယ်ရောင်ဖျောက်သွားမှာစိုးသည့်အလားနှယ်။

"ကလေးတွေ"

"ဗျာ"

"ရှင်"

ခေါ်လိုက်တာနှင့် ကျောလေးတွေ ဆန့်သွားကြလေ၏။

"လာခဲ့ကြတော့တဲ့"

"ဟုတ်"

"လာပြီ"

အိမ်ထဲကို ပြန်ဝင်ခွင့်ပါမစ်ရတာနှင့် နှစ်ယောက်သား ပြေးသွားလိုက်ကြတာ အလုအယက်ပါပဲ။ ဒါကို စောင့်ကြိုနေတဲ့ ဒေါ်ထားထားရဲ့လက်ထဲမှာ ရေသန့်ဘူးနဲ့ဖန်ခွက် ရှိနေပြီ။

"သားနဲ့သမီး ရေဆာနေတာမို့လား...ရော့...ရော့... ရေသောက်လိုက်ကြဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟူး…ဟူး"

"မှုလိုက်တာ"

သက်တံက အငိုကိုဟာပြီး တဟူးဟူး မှုတ်နေသလို လင်းဆစ်မှာလည်း မအေးမှန်းသိသိ လက်ကလေးနဲ့ ယပ်ခပ်သလိုလုပ်နေတော့ ဒေါ်ထားထားရင်ထဲမှာ မချိတော့ပါဘူး။ အခိကကိုလည်း မတားရဲ ခင်ပွန်းကို ပြောပြဖို့လည်း မဖြစ်လို့သာ ကြည့်နေရတာ။

ကြည့်စမ်းပါဦး…

ချွေးတွေရွဲရွဲနှင့် နှစ်ယောက်စလုံး မျက်နှာလေးတွေ ရဲလို့ပါပဲ။ သနားလိုက်တာ။ ရေယူသောက်ပြီးကြတော့မှ…

"အမယ်လေး…ခုမှပဲ ရင်ထဲအေးတော့တယ်"

"အပေါ်ယံအသားကတော့ ဖုံစားလို့ရနေမလား မသိဘူးနော်လား။ ငါ သွားရောင်းမယ်"

"သက်တံ"

ဘာဆက်ပြောမယ်ဆိုတာသိနေတဲ့ လင်းဆစ်အော်လိုက်တော့ သက်တံ စပ်ဖြဲဖြဲလုပ်ပြလေတော့…

"ရုပ်ကိုက"

"ဈေးကြီးကြီး အကောင်းစားလေးပါ၊ မယုံနမ်းကြည့်၊ မွှေးပြီး အဲဒီရေထက် ရင်ထဲကို ပိုအေးစေမှာ"

"ကောင်စုတ်"

လင်းဆစ် ထုဖို့လက်ရွယ်လိုက်စဉ်မှာပဲ သက်တံ ထွက်ပြေးတော့ လင်းဆစ်က လိုက်လေသည်။





သြော်…

ဒီကလေးနှစ်ယောက်ရဲ့သံယောဇဉ်က အဲဒီလို အေးအတူပူအမျှ နဲ့ဆိုတော့ ဒေါ်ထားထား ကျေနပ်ပီတိ ဖြစ်ရပြန်သည်သာ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

အမိကသူငယ်ချင်းဖြစ်တဲ့ စိုးမင်းနှင့်ကျော်ထွဋ်တို့နဲ့အတူ စားသောက်ဆိုင်မှာ အတူရှိနေစဉ် သူငယ်ချင်းတွေကို အမြင်ကတ်စွာ စိတ်ကတိုချင်ချင်ပါ။ ဘာလို့လဲဆို သူ့ရှေ့မှာ မယားအကြောင်း သားအကြောင်းတွေ ပြောလွန်းလို့လေ။ အဲဒီတော့ လူပျိုကြီး စိတ်ရှည်နိုင်ပါ့မလား။

ဟိုနှစ်ယောက်ကလည်း တမင်ကို မခံချင်အောင် ပြောနေတာဖြစ်၏။ မိန်းမတွေကိုများ လက်ခုပ်ပွင့်လို အနံ့မခံချင်လို့ နှာခေါင်းပိတ်ထားတာမျိုးလေ။ အဲဒါ မတရားလွန်းဘူးလားလို့ပါ။





"မြန်မြန်စား၊ မြန်မြန်သောက် စိုးမင်းရေ…ပြီးရင် လစ်ကြတာပေါ့။ မျှော်မယ့်သူမရှိတဲ့ကောင်က ဘာမှမဖြစ်ပေမယ့် ငါ့မိန်းမက ဒီအချိန်ဆို မျှော်နေရှာမယ်ကွ။ ငါ့မိန်းမကလေ ငါနဲ့အတူတူမှမဟုတ်ရင် တစ်ယောက်တည်း ထမင်းစားထားလေ့ မရှိဘူးကွ။ အမြဲတမ်းနှစ်ယောက်အတူပဲ လက်ဆုံစားကြတာ"

"ဟုတ်လား…အဲဒီလောက်တောင် ချစ်တယ်နော်··မင်းကို"

"လင်မယားပဲ…ချစ်တာပေါ့ကွ။ အစကတည်းက ချစ်လို့ယူခဲ့ကြပဲဥစ္စာ။ ငါ့ကို အလုပ်ကိစ္စနဲ့မို့လို့သာ အပြင်ထွက်တာ ကြည့်နေရတာ။ ဖြစ်နိုင်ရင် အချိန်တိုင်းပဲ မောင့်မျက်နှာကို တစိမ့်စိမ့် ထိုင်ကြည့်နေချင်တာတဲ့"

"အပွန်း"

မပွင့်တပွင့် ရယ်လိုက်တာက အမိက ဖြစ်၏။ ဒါ ချစ်တတ်တဲ့မိန်းမနဲ့တွေ့လို့ လေလုံးထွားကောင်းတာလေ။ သူ့မိခင် ဒေါ်ပဒ္မာမြားခင်လို မိန်းမမျိုးနဲ့တွေ့ရင် ဒီကောင် ဒီလိုလေသံ ထွက်နိုင်ပါ့မလား။

"အဲဒါတော့ ဟုတ်တယ်ကွ။ ငါ့အသည်းလေးလည်း အဲလိုပဲ။ ငါ အပြင်သွားနေတဲ့အချိန်တွေမှာ မလွဲသာလို့သာ ကိုကို့ကို အရမ်းလွမ်းတာပဲတဲ့"

"ဟုတ်လား"

"အင်း…ထမင်းစားရင်လည်း ငါ့ကို သုံးလုတ်ခွံ့ကျွေးပြီးမှ စားတာ စွဲ့တာ။ အလုပ်ကပြန်ရင် သားသားမီးမီးတွေကလည်း ပြေးဖက်ကြိုတာ အမေ့ကိုပြေးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ထက်ကဲရင် အရိုးပေးရမယ်"

"ခွေးကောင်"

စိုးမင်းနဲ့ကျော်ထွဋ်ရယ်တော့ အဓိကလည်း လိုက်ရယ်မိ၏။ သူရယ်တာက ငါ့ထက်ကဲရင် အရိုးပေးရမယ်ဆိုတဲ့စကားကိုပါ။ ဒါကိုပဲ ဘယ်လိုအဓိပ္ပာယ် ကောက်ကြသည်တော့မသိ။

"မင်းက ဘာရယ်တာလဲ အဓိက"

"အရိုးပေးရမယ်ဆိုလို့ပါ"

"လျှာမရှည်နဲ့ ယောကောင်…မင်း…တို့ကို အားကျသွားတယ်မို့လား၊ အားကျလိုက်စမ်းပါကွာ"

"လုံးဝ…နိုးပဲ"

"တကယ်"

"တစ်ထောင်…တစ်သောင်းကွာ"

"ဟဲ…ဟဲ…မင်း ငါးကြော် မတွေ့သေးလို့ပါ။ ငါးခုံးမကြော်လား၊ ငါးခူကြော်လား၊ မြွားနုတ်မောင်က အချိန်မတန်သေးလို့ ဝှက်ထားသေးတာပဲဖြစ်မှာ"

"ဝှက်မထားဘူး…ဒီကောင် မမြင်သေးတာကွ။ ငါးကြော်က သူ့နှုတ်ခမ်းမွှေးမှာ ကပ်နေတာ။ ပြောရရင် အရိုးမှုန့်ဖြစ်နေတာကွ"

"ဘယ်လို"

အဓိက နားမလည်သလို မျက်မှောင်ကြုတ်သွားလေ၏။ ကိုယ်နှင့်နီးစပ်ရာမှာ ဘယ်မိန်းကလေးရှိလို့ ကိုယ်က ဘယ်လိုစိတ်ဝင်စားရမှာလဲ။ မိန်းမတွေပေါတာတော့ အမှန်ပေမယ့် မိန်းမကောင်းက ရှားတယ်





လေ။ အဲဒါကြောင့်ပဲ သူ အချစ်ရေးကို စိတ်မဝင်စားတာ ခုထက်ထိ။ သူ ကြောက်နေခဲ့တာသည် ဖေဖေ့လို ဖြစ်မှာစိုးလို့လေ။

အခု…

အန့်တီထားကတော့ တော်ရှာသား။ တစ်ယောက်မကောင်းလို့ တစ်ယောက်ပြောင်းရတာကိုက နာမည်ဆိုးတာ။ သူက အခွဲအလမ်းကြီးသူမို့လည်း မဖြစ်ပါဘူး။

"မင်း…ဘာကိုပြောတာလဲ စိုးမင်း…ငါ နားမလည်ဘူး"

"တကယ်မသိဘူးလား"

"မသိလို့ မေးနေတာပေါ့ကွ"

စိုးမင်း ရှေ့သို့ ခါးကိုင်းလာပြီး…

"နွားအိုမြက်နုကြိုက်တာ သဘာဝပဲကွ။ မင်းအိမ်က ကောင်မလေးလေ…ယဉ်စစလေးနဲ့ ဘယ်လောက်လှလဲ။ အဲဒါ မင်း ခါးပိုက်ထဲက ဖားကွ။ အချိန်တန်နေပြီဥစ္စာ…ထုတ်ရိုက်လိုက်စမ်းပါ"

"ဘာ"

"ဟုတ်တယ်နော် အဓိက…လင်းဆစ်နှယ်က တော်ဝင်မယ့်ရုပ်မျိုးလေးကွ၊ တော်ကြာ ဟိုကောင်လေးနောက် ပါနေဦးမယ်"

"တော်စမ်းပါကွာ…အဲဒီကောင်မလေးက ငါ့ရဲ့ငယ်နိုင်၊ ကြောက်နေရတာနဲ့ ချစ်ခန်းရှိမှာ မဟုတ်ဘူး"

"အဲဒါ…မင်းအပေါ်မှာ မူတည်တယ်လေ"

"ကျွတ်"

အဓိက ခေါင်းကိုသာ တွင်တွင်ခါလေ၏။ ငယ်ငယ်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



က တစ်အိမ်တည်းမှာ အတူနေလာကြတာမို့ သံယောဇဉ်တော့ရှိသား။ ဒါပေမယ့် မျက်နှာသာမပေးခဲ့ခြင်းတွေက အခုထိ ဖျောက်လို့မှမရပဲ လေ။

ကိုယ့်ဘဝနဲ့ကိုယ် ဒီအတိုင်းပဲကောင်းပါတယ်။





## အခန်း (၁၃)

"လင်းဆက်"

"ဟင်"

"အဲဒါဘာလုပ်နေတာလဲ"

"အဝတ်တွေ လျှော်မလို့လေ...မမြင်ဘူးလား"

"မြင်တယ်...ငါ နင့်ကို ပြစရာရှိလို့ လာခေါ်တာ။ အဲဒါတွေ ခဏထားခဲ့"

"နင့်ကိစ္စက ဘယ်လောက်အရေးကြီးလို့လဲ...ဒီမှာ အဝတ်က တစ်ထည်မှ မလျှော်ရသေးဘူး"

"လာစမ်းပါ...ခဏလေး"

ပြောပြောဆိုဆိုနှင့် သက်တံက လက်ဆွဲခေါ်လေလျှင် လင်းဆက် အဝတ်ခြင်းကို လွှတ်ချသလိုဖြစ်ပြီး ခြေချင်းခလုတ်တိုက်လုမတတ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပါသွားလေ၏။ ကိုကိုကြီးက ဒေါသကြီးတတ်တာ၊ သက်တံက စိတ်မြန်တတ်တာလေ။ ဘာဖြစ်ဖြစ် လုပ်စရာရှိရင် အချိန်ဆွဲမနေဘဲ ချက်ချင်း ထလုပ်တတ်သူ။

ခုလည်းကြည့်…

ပြစရာရှိတာပဲဥစ္စာ အဝတ်ခြင်းချတာကိုပဲ မစောင့်နိုင်ဘဲ ဆွဲခေါ်လာတာလေ။ ခြံထဲရောက်တော့ ကံ့ကော်ပင်အောက်သို့ ဆွဲခေါ်လာခဲ့ပြီး…

"အပေါ်ကို မော့ကြည့်လိုက်စမ်း"

"ဘာလဲ"

"ကြည့်လေ…ကြည့်ရင်မြင်မှာပေါ့"

လင်းဆစ် သူပြောသလိုပဲ ကံ့ကော်ပင်ကို မော့ကြည့်လိုက်တော့…

"ဟယ်…ကံ့ကော်ပန်းတွေ ပွင့်နေတယ်"

"နှင့်နှာခေါင်းပဲ အနံ့မရဘူးလား"

"အမယ်…အနံ့ခံနေရအောင် ငါက ခွေးမှမဟုတ်တာ"

"လာပြီ…အဲဒါ နင့်ကိုယ်နင် နှိုင်းတာနော်"

မျက်စောင်းက လှလှပပ ဝေလာ၏။ လင်းဆစ် မျက်နှာလေးက အပင်ပေါ်က ကံ့ကော်ပန်းတွေနှင့်အတူ အပြိုင်လှနေသည်။ နှစ်ဦးယှဉ်လိုက်ရင် ကံ့ကော်ပန်းတွေရဲ့အလှက မှေးမှိန်သွားလိမ့်မည်ထင်ပါ၏။

"တက်ခူးပေးလေ"

"ငါမှ သစ်ပင်မတက်တတ်တာ"





"အမယ်…မျောက်လောင်းကများ"

သက်တံ ကံ့ကော်ပင်ကို မော့ကြည့်လိုက်ပြီး…

"အပင်က မြင့်တယ်ဟ"

"သစ်ပင်ပဲ မြင့်မှာပေါ့…ဒီထက်မက မြင့်တဲ့အပင်တွေတောင် နင် တက်လာတာမဟုတ်လား။ ဘာလဲ…ခူးမပေးချင်ဘူးလား…ရတယ်"

"ဟာ…ဟော့"

လင်းဆစ် လှည့်ထွက်သွားမယ်လုပ်တော့ သက်တံက လင်းဆစ် လက်ကောက်ဝတ်ကို ဖမ်းဆွဲထားကာ…

"စိတ်ချည်းပဲ…နည်းနည်းတောင် အမူမခံဘူး"

"ဒီလိုလား"

သက်တံ ရယ်ကျဲကျဲမျက်နှာနှင့်…

"ကိုယ့်အသည်းလေး လိုချင်ရင် ခူးပေးမှာပေါ့။ မိုးပေါ်ကိုပဲ လှေကားထောင်တက်ရတက်ရ"

"ကြည့်စမ်း…အသားယူတာ"

"အင်း…နင့်အသား ငါ ဘယ်လိုလုပ်ယူလို့ရမှာလဲ။ တစ်ကိုယ်လုံးယူမှရမှာ"

"သက်တံရယ်…စကားကို အကောင်းကိုမပြောဘူး"

"ကဲပါ…သခင်မကို ဆက်သဖို့ ကျွန်တော်မျိုး တက်ခူးပေးပါ့မယ်နော်"

ပြောပြီး သက်တံ ဖိနပ်ကို ချွတ်ခဲ့ပြီး ကံ့ကော်ပင်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ဖက်တက်လေ၏။ သစ်ကိုင်းတစ်ကိုင်းပေါ်ကိုရောက်တော့ အောက်သို့ ပြန်ငုံ့ကြည့်ကာ…

"ဟဲ့"

"……"

"လင်းဆစ်"

လင်းဆစ်က မော့ကြည့်ပြီး…

"ဘာလဲ"

"အင်ကြင်းပန်းမှာ ခါချဉ်ပါသွားလို့ စူဠသုဘဒ္ဒါက ဆဒ္ဒန်ဆင်မင်းကို အငြိုးထား လက်စားချေတဲ့ရာဇဝင် ရှိတယ်နော်။ ငါ ခူးပေးတဲ့ ကံ့ကော်ပန်းမှာ ခါချဉ်ပါခဲ့ရင် အဲလိုစိတ်မမွေးနဲ့…သိလား။ နာနုသာ အကိုက်ခံလိုက်"

"နင် အကိုက်ခံပါလား"

"အေး…တကယ်ရှိရင် ငါ အရင်အကိုက်ခံရမှာ သိလား။ အဲဒါကို နင် နားလည်ပေးဖို့တော့ လိုတာပေါ့"

"အမယ်လေး…မိကျောင်းသားရယ်…တက်မှာသာတက်စမ်းပါ။ တကတည်း စကားများလိုက်တာ။ သောကြာသားပီပီပဲ။ နင် မိန်းမယူရင် နားလေးတဲ့ မိန်းမသာယူ။ မဟုတ်ရင် နင် စကားများပုံနဲ့ နားငြီးလို့ဆိုပြီး ထွက်ပြေးမှာသိလား"

"နင့်ကိုပဲ ယူမယ်ဆိုရင်ကော"

"သေနာကောင်"

"တက်ပြီ…တက်ပြီ"





ဒီတစ်ခါတော့ ရှေ့ဆက်တက်သွားပြီမို့ လင်းဆစ် မျက်စောင်းထိုးတာကို သက်တံ မြင်မှာမဟုတ်တော့ပေ။ ပန်းတွေက ဖူးတုန်းက သတိမထားမိခဲ့တော့ အခု ပွင့်နေတာ အများကြီးပါပဲ။ အခုပွင့်တာကို သိတာတောင် နှခေါင်းထဲမှာမွှေးလို့ အနံ့ရတာနဲ့ လာကြည့်ဖြစ်လို့ သိတာ။ ငယ်ငယ်ကတည်းက ဒီကံ့ကော်ပင်မှာ ပန်းတွေပွင့်ရင် လင်းဆစ်အတွက် သက်တံ တက်ခူးပေးနေကျလေ။

ဒီအပင်က တစ်နှစ်ထက်တစ်နှစ် ပိုမြင့်လာလေလေ…

သူတို့နှစ်ယောက်ရဲ့သံယောဇဉ်ကလည်း ပိုတိုးလာလေလေပါပဲ။ တစ်ယောက် နေမကောင်းရင် တစ်ယောက်က နိုးရိမ်နေတတ်သလို တစ်ခုခုဆိုလည်း ပျာယာခတ်နေတဲ့အထိပါ။

ဒါပေမယ့်…

အဲလောက်ထိဖြစ်နေလို့ ချစ်သူတွေဖြစ်နေလားဆိုတော့လည်း မဟုတ်။ မောင်နှမလို၊ သူငယ်ချင်းလိုကနေ ရှေ့လည်းမတိုး နောက်လည်းမဆုတ်နဲ့ ဒီအတိုင်းက ဒီအတိုင်းပါပဲ။

"လင်းဆစ်…ငါ ချလိုက်တော့မယ်နော်"

"ချလိုက်…ချလိုက်"

သက်တံ ပန်းတွေကိုခူးပြီး အောက်သို့ ပစ်ချပေးနေသည့်အပြင် နှင်းသုံးပွင့်ကို သပ်သပ်ခူးပြီး ပါးစပ်မှ ကိုက်ထားသေး၏။

"ကလေးတွေ ဘာလုပ်နေကြတာလဲ"

"ဟင်…ဦးဦး"

"ပန်းခူးနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"သမီး ကိုကိုကြီး အိမ်မှာ သမီးကို ခေါ်နေတယ်။ သွားလိုက်ဦး"

"ဟုတ်ကဲ့…ဦးဦး"

ကိုကိုကြီးခေါ်နေတယ်ဆိုရင် မြန်မြန်သွားမှပါ။ မဟုတ်ရင် အဆူခံရမှာလေ။ ဒါကြောင့် ပန်းတွေကို အမြန်ကောက်၍ ပွေ့ပိုက်ပြီး…

"သက်တံ"

"ဟေ"

"ကိုကိုကြီးခေါ်နေတယ်ဆိုလို့ ငါ သွားလိုက်ဦးမယ်။ ပြီးမှ ပြန်လာခဲ့မယ်…သိလား"

"အေး…အေး"

လင်းဆက် ပန်းတွေကို ပွေ့ပိုက်ပြီး အိမ်ထဲပြန်လာခဲ့တာ ကသော ကမျောနိုင်လွန်းလှ၏။ သက်တံရောသူရော ကိုကိုကြီးဆို အသေ ကြောက်ကြတာလေ။ မကြောက်လို့ရမလား။ ယံနိုင်ဖြစ်သည့်အဖြင် အပြစ်ပေးပြီဆို တစ်ခါမှ သက်သာသည်မရှိပေ။ အခုလည်း ခေါ်နေ တာ ကိုယ်ရောက်တာ နောက်ကျလို့ကတော့လို့ တွေးမိပြီးလာခဲ့စဉ်…

"အင့်"

"အမေ့"

တစ်ယောက်ယောက်နှင့် ဝင်တိုက်မိပြီး ပန်းတွေပွေ့ပိုက်လျက် နှင့်မှ ဒယီးဒယိုင် ဖြစ်သွားလေလျှင် ဆွဲတဲ့သူကလည်း ဆွဲမိဆွဲရာ ဆွဲပြီး သူ့ရင်ခွင်ထဲသို့ ရောက်သွားတာနှင့် အင့်ကနဲပါပဲ။ လင်းဆက်





တလည်း မရုန်းမိသေးဘဲရှိကာ သူကလည်း ဖက်ထားဆဲပါပဲလေ။

အတန်ကြာမှ…

"ဘယ်လိုဖြစ်လာတာလဲ ရှက်ပျာရှက်ပျာနဲ့"

အသံကြားမှ လင်းဆက် မော့ကြည့်ဖြစ်ပြီး…

"ကိုကိုကြီး"

တစ်ခါမှ ဒီလောက်အထိ နီးနီးတပ်ကပ် မကြည့်ဖူးတဲ့မျက်နှာ ကို အခါက ခုမှပဲ စူးစူးစိုက်စိုက် ကြည့်လိုက်မိတော့ ဟုတ်သားပဲ။ ဒီကောင်မလေး သူများတွေပြောသလို တော်တော်ချစ်စရာကောင်းတာ။

"ဆောရီး…လင်းဆက် တောင်းပန်ပါတယ်"

"ပန်းသွားခူးတာလား"

"ဟုတ်ကဲ့…ကိုကိုကြီးခေါ်တယ်ဆိုလို့ ပြန်လာတာပါ"

"ပန်းတွေ ဒီလောက်အများကြီး ဘာလုပ်ဖို့လဲ။ ဘာလဲ… ရုပ်ကွက်တွေထဲ လည်ရောင်းမလို့လား"

မေးပုံက ကန့်လန့်ကြီးပါလား။ ကိုကိုကြီးမို့လို့သာပေါ့။ သက်တံ ဆိုရင် လင်းဆက် ထုပြီးပြီ။ အခုကတော့…

"ဘုရားတင်ဖို့ပါ…ပိုတော့လည်း အိမ်နီးနားချင်းတွေ ပေးရ တာပေါ့။ ပန်းအမျှ လှူအလှူဆိုတဲ့စကားတောင် ရှိသေးတာပဲ။ ဒါနဲ့ ကိုကိုကြီးခေါ်တာ လင်းဆက်ကို ဘာခိုင်းမလို့လဲ မသိဘူး"

"ညက ငါ့အခန်းထဲမှာ ကော်ဖီပန်းကန် မှောက်ကျထားတယ်။ အဲဒါတွေလုပ်လိုက်ဦး"

"ဟုတ်ကဲ့…လင်းဆက် ခုပဲသွားလုပ်လိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းဆစ် ဒါပဲပြောပြီး ထွက်သွားလေတော့ အမိက လိုက်ငေး ကြည့်မိ၏။ ပြီးတော့ သူငယ်ချင်းတွေပြောတာကို သတိရမိပြီး ကိုယ့် ရင်ဘတ်ကိုယ် စမ်းကြည့်မိပြီး စိတ်ကမလုံ။ ကောင်မလေးလှတာ တော့ အမှန်ပါပဲ။

ဒါပေမယ့်…

သူ့ရင်ထဲမှာ ငယ်နိုင်ပဲညစ္စာဆိုတဲ့အသိက အရာအားလုံးကို ဖိနှိပ် လို့ ရင်တုန်ရင်ခုန် ဘာမှမဖြစ်မိပေ။ ဖြစ်စရာအကြောင်းလည်း ရှိမှမရှိ တာ။ အမိကဆိုတဲ့ကောင်က လေယူရာတိမ်း ယိမ်းနွဲ့လိုက်ပါတတ်တဲ့ သစ်ကိုင်းဖျားလေးမှမဟုတ်တာ။

"ဝှက်မထားဘူး ဒီကောင် မမြင်သေးတာကွ။ ငါးကြော်က သူ့နှုတ်ခမ်းမွေးမှာ ကပ်နေတာ။ ပြောရရင် အနီးမှန်ဖြစ်နေတာကွ"

အမိက လက်နှင့်နှုတ်ခမ်းအပေါ်ကို စမ်းမိလိုက်၏။ သူ့မှာ နှုတ်ခမ်းမွေးမှမထားပဲလေ။ ဘာများကပ်စရာလို့မှာလဲ။

"နွားအိုမြက်နုကြိုက်တာ သဘာဝပဲကွ။ မင်းအိမ်က ကောင်မ လေးလေ…ယဉ်စစလေးနဲ့ ဘယ်လောက်လှလဲ။ အဲဒါ မင်းခါးပိုက် ထဲက ဖားကွ။ အချိန့်တန်နေပြီဥစ္စာ…ထုတ်ရိုက်လိုက်စမ်းပါ"

ဟွန်း…ပြောတော့လွယ်လိုက်တာ။ လင်းဆစ်နဲ့သက်တံက သိပ်သံယောဇဉ်ကြီးကြတာဆိုတော့ ဒီကောင်မလေးက ဒုတိယပတ္တမြား ခင် မဖြစ်ဘူးလို့ ပြောနိုင်မလား။





## အခန်း (၁၄)

သက်တံ ကုံကော်ပင်အောက်မှာ ခုံတန်းလေးရှိရင် ဘယ်လောက် ကောင်းမလဲလို့ စိတ်ကူးမိပြီး အိမ်ဘက်သို့ ပြန်လာခဲ့၏။ စတိုခန်းထဲ မှာ သစ်သားအပိုင်းအစတွေ ရှိနေသည်လေ။ သုံးလို့ရမယ့်ဟာတွေ ချပြီး ခုံတန်းလေးလုပ်ရင် ကောင်းမလားလို့ပါ။ စတိုခန်းထဲရောက် တော့ သူထင်သလိုမဟုတ်ဘဲ သစ်သားတွေက တောင်မရောက် ချောက်မရောက်တွေ ဖြစ်နေသည်။

ဒါကြောင့်…

စိတ်ပျက်ပျက်နှင့်ပဲ ဟိုသစ်သားချောင်း ဒီဘက်ရွှေ့၊ ဒီသစ်သား ချောင်း ဟိုဘက်မှာပုံနှင့်လုပ်နေစဉ်…

"ဟင်"

အခန်းထောင့်မှာ အသိုက်လုပ်ပြီးပေါက်နေတာ ကြွက်ပေါက်စ [illegible]လေးတွေ။ ဒီအကောင်လေးတွေကို ကြည့်ပြီး သက်တံ ပြုံးလိုက် သည်။ လင်းဆစ်က ကြွက်ပေါက်စလေးတွေဆို သိပ်ကြောက်တာ



www.burmeseclassic.com

www.burmeseclassic.com



လေ။ ဒါကြောင့် ကြွက်ပေါက်ရဲရဲလေးတစ်ကောင်ကို ယူပြီး ပြန်ထွက်လာခဲ့တော့၏။

"နင့်ကို ဘာလုပ်ချင်လဲလို့ မေးရွှာ၊ အခု ကျောင်းပြီးသွားပြီ ဘာလုပ်မယ်ဆိုတဲ့ရည်ရွယ်ချက် နင့်မှာ မရှိဘူးလား"

"ရှိတော့ရှိတာပေါ့ ကိုကိုကြီးရယ်…ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

"လင်းဆက်က ကိုကိုကြီးတို့အထောက်အပံ့နဲ့ ပညာသင်ခွင့်ရခဲ့ သူပါ။ လင်းမြွေရတဲ့ချို့ တုတ်ထမ်းဝေပါရစေနဲ့။ ပြီးတော့ လင်းဆက် အန်တီထားကို ပင်ပန်းမှာလည်း စိုးတယ်"

"နင် တော်တော်စကားအပိုပြောတတ်ပါလား"

"ရှင်"

"နင့်မှာ ဘာရည်ရွယ်ချက်ရှိတယ်ဆိုတာကိုပဲ ပြော…ကျန်တဲ့ စကားအပိုတွေ မပြောနဲ့"

လင်းဆက် ခပ်တွေတွေလေး ဖြစ်သွားလေ၏။ သူမဘာဝ ဘာကိုမှ မမျှော်လင့်ရဲတဲ့ဘဝလေ။ ကျောင်းထားပေးတဲ့ကျေးဇူးတော် ဒီတစ်သက် ဆပ်လို့ကုန်မှာမဟုတ်တာ။ ရှေ့ဆက်ဘာကိုမှ မမျှော်လ လို့ ဘာလုပ်ချင်တယ် ညာလုပ်ချင်တယ်လို့ စိတ်ထဲမထားပေ။ ကိုယ့် ဘဝနဲ့ တန်ရာတန်ရာပဲ ကောင်းပါတယ်။

စိတ်ကူးတော့ ယဉ်ဖူးသားပဲ။

ဘွဲ့ရရင် အလုပ်တစ်ခုခုလုပ်မယ်လို့လေ။ တကယ်တမ်း တော့…





"ပြောလေ"

"ဟင့်အင်း…ဘာမှရည်ရွယ်ချက် မရှိပါဘူး"

"စောစောကပြောတော့ ရှိတယ်ဆို၊ ဘာလို့ စကားကို အမျိုးမျိုး ပြောနေတာလဲ"

"ကိုယ့်ဘဝနဲ့ကိုယ် တန်သလောက်ရထားပြီပဲ ကိုကိုကြီးရယ်။ အန်တီထားက အသက်ကြီးနေပြီ"

"အဲဒီတော့"

"မီးဖိုချောင်ကိစ္စတွေက လင်းဆက်ရှိမှ ဖြစ်နေမှာပါ။ လင်းဆက် ဒီနည်းနဲ့ပဲ ကျေးဇူးဆပ်နိုင်မှာလေ"

"ဘာ"

လင်းဆက် တစ်ချက်သာ မျက်လွှာမြင့်ကြည့်ပြီး ခေါင်းလေး ငုံ့သွားလေ၏။ ဒီထက်တိုးပြီး ပြောစရာမရှိတာထက် ပြောမှမပြော ရဲတာ။

"နင်ပြောပုံက နင်မရှိရင်ဘဲ ဒီတစ်အိမ်သားလုံး ထမင်းငတ် တော့မလိုလိုနဲ့။ ငါက နင့်ရှေ့ရေးအတွက် ပြောနေတာ။ ထမင်းချက် ဆိုတာ ငှားလို့ရတယ်…နားလည်လား"

"ပိုက်ဆံပေးငှားတာပဲ ရတော့ရတာပေါ့ ကိုကိုကြီးရယ်။ ဒါပေမယ့် သူစိမ်းဆိုတော့ ဒီအိမ်ရဲ့အထာကို နားမလည်ရင်…"

"တော်တော်…နင် ဆက်မပြောနဲ့"

"လင်းဆက်"

"……….."



www.burmeseclassic.com

www.burmeseclassic.com



"လင်းဆက်"

"ဟင်"

လင်းဆက်နာမည်ကိုခေါ်ပြီးဝင်လာတဲ့ သက်တံ…ကိုကိုကြီးကို ပါ မြင်လိုက်ရတော့ ကိုယ်ရှိန်သတ်သွားလေသည်။ မြန်ဆန်တဲ့ခြေလှမ်း တွေက နှေးကွေးသွားလေလျှင်…

"သက်တံ"

"ငါ နင့်ကို လိုက်ရှာနေတာ"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး…နင့်ကို စမလို့"

"ဘာစမလို့လဲ"

"ဘာမှမဟုတ်ပါဘူး"

ခေါင်းခါရင်း လက်ကို နောက်သို့ဝှက်လိုက်လေလျှင် သက်တံ လက်ထဲမှ တစ်ခုခုရှိနေတယ်ဆိုတာ မေးစရာမလိုတော့ပါဘူး။ ဝင် လာတဲ့သူက အခုမှ ဘာမှမဟုတ်ဘူးဆိုတော့ ကိုယ်ရှိနေလို့ပေါ့။ ဘာ လို့ ဘယ်လိုစချင်တာလဲ။ အရင်က မစပ်စုတတ်ပေမယ့် အခု သိချင် စိတ်တွေဖြစ်သွားပြီး…

"အခုမှ ခေါင်းခါတော့ ငါ ရှိနေလို့လား"

သက်တံက ဘာမှပြန်မဖြေလေလျှင်…

"သက်တံ"

"ဗျာ"

"ဘာလဲ…မင်းက ငါ့ကို မတွေ့မတန်ပုံစံနဲ့"





"ဟာ…မဟုတ်ပါဘူး"

အဲဒီလိုကျ ဖြေလိုက်တာ မြန်မြန်သလဲပါပဲ။ ဟုတ်တယ်လို့ ပြောရင် ဖြစ်မှမဖြစ်ပဲလေ။

"ဒါဆို မင်းလက်ထဲက ဘာလဲ"

"…………"

"ဟော့ကောင်"

"ဗျာ"

"မေးနေတယ်လေကွာ"

"ဘာမှမဟုတ်ပါဘူး"

လက်ထဲက ကြွက်ကလေးကို ဖွဖွဆုပ်ထားမိရာမှ လက်က ဘင်းကန် ဖြစ်သွားမိတော့ သေပြီလားမသိဘူးလို့လည်း စိတ်က ဖြစ်သွားမိကာ လက်ကို ပြန်ဖွလိုက်၏။

"လာပြန်ပြီ…ဘာမှမဟုတ်ဘူးဆိုတာ မင်း ရှေ့တိုးလာခဲ့စမ်း"

"ကိုကိုကြီး…ကျွန်တော်"

"ရှေ့တိုးဆိုရင် တိုးလာခဲ့"

မတတ်သာတော့ပြီမို့ သက်တံ ရှေ့တိုးခဲ့ရ၏။ အမြဲတမ်း နာခံ ခဲ့ပြီး အခုလည်း ပြောသမျှ နာခံနေရဆဲပါ။ မနာခံလို့ မရဘူးလေ။ ကိုယ်က ကျွေးတဲ့လက်ကို ပြန်ကိုက်တာမျိုးမှ အဖြစ်မခံချင်တာ။ အမြဲတမ်း သက်တံတို့သားအမိဘဝကို ဖေးမကူညီ လက်တွဲခေါ်ခဲ့ တာ ဦးကောင်းကင်ပဲမဟုတ်လား။

ဦးကောင်းကင်သာ မကူညီ မစောင့်ရှောက်ခဲ့ရင် သက်တံ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီးဖို့မပြောနဲ့၊ လေးတန်းအောင်ရင်တောင် ကံကောင်းပေါ့။ ဦးကောင်းကင်က ကျေးရွာရှင်ဖြစ်ပြီး ကိုကိုကြီးက ဦးကောင်းကင်ရဲ့ သားပဲလေ…အတွတ်ပဲပေါ့။

"မင်း လက်ရှေ့ထုတ်လိုက်"

"……………"

"ထုတ်လေ"

အမိန့်ကိုနာခံစွာ လက်ကို ရှေ့ထုတ်လိုက်ပေမယ့် ဆုပ်ထားဆဲ ရှိကာ မဖြန့်ဘဲရှိနေလျှင်…

"လက်ဖြန့်"

"ဘာမှမရှိပါဘူး"

"ဘာမှမရှိရင် ဘာလို့ဆုပ်ထားတာလဲ။ ငါက လက်ဖြန့်ဆိုရင် ဖြန့်လိုက်ပေါ့"

လက်ဖြန့်ပြရမှာကိုပဲ သက်တံ ကမ္ဘာပျက်မှာလောက် ကြောက်နေမိ၏။ ဒါကြောင့် မရဲတရဲနှင့် လက်ဖျားလေးပဲ ဖွလိုက်လေလျှင်…

"ဖြန့်လေကွာ"

"ဟုတ်"

ကဲဆိုပြီး လက်ကို ဖြန့်လိုက်လေလျှင်…

"ဟင်"

"ကြွက်ပေါက်စလေးပါလား"

"ကြွက်…ကြွက်…အမယ်လေး"

လင်းဆစ် မျက်လုံးလေးပြူးပြီး ကြောက်လန့်တကြား ဖက်ထား





ထိုက်မိတာက အနီးအနားမှာရှိနေတဲ့ အမိကကိုပါ။

"ဟာ…ဟာ"

အမိက နောက်သို့ယိုင်သွားပြီး ကိုယ်ကို ပြန်ထိန်းလိုက်ရတော့ လင်းဆစ်ကို ဖက်လိုက်မိလျက်သား ဖြစ်သွားလေသည် သတိရတော့ သက်တံ့ရှေ့မှာမို့ ရှက်ကိုးရှက်ကန်းဖြစ်သွားကာ…

"လင်းဆစ်…ဖယ်စမ်း"

"ကြောက်တယ်…ကြောက်တယ်"

"ဟော့ကောင် သက်တံ"

"ဗျာ"

"အဲဒါကို မြန်မြန်သွားလွှင့်ပစ်စမ်း"

ကိုကိုကြီး ပြောနေပေမယ့် သက်တံ ခြေလှမ်းမရွေ့ဖြစ်ပေ။ ကြောင်ပြီး ရပ်နေမိတာလေ။ ရပ်နေတာမှ မလှုပ်မယှက်ပါပဲ။ လင်းဆစ်က ကိုကိုကြီးကို ဖက်လိုက်တာကို အံ့သြတာလား။ မနာလို နဲ့တိုမိတာလား။ ရင်ထဲမှာ ပုံမှန်မဟုတ်တာတော့ အသေအချာပါ။

"ဟော့ကောင် ပြောနေတာ ကြားလား…အဲဒီကြွက်ကို ခု… သွားလွှင့်ပစ်စမ်း"

နောက်တစ်ခါ ထပ်ပြောမှပဲ သတိဝင်လာပြီး သက်တံ ထွက်လာခဲ့တော့၏။ ပျော်ချင်လို့ စဖို့လာခဲ့ကာမှ စိတ်ညစ်စရာဖြစ်ခဲ့ ပြီး သူတို့နဲ့ နည်းနည်းဝေးသွားမှ လက်ကို ဖြန့်ကြည့်လိုက်တော့ ထောင်ပြီးဆုပ်ထားမိတဲ့အားနဲ့ ကြွက်ပေါက်ကလေးက သေပြီပေါ့။

"သက်တံ"

www.burmeseclassic.com



မော့ကြည့်လိုက်တော့ ဦးကောင်းကင်။

"လက်ထဲက ဘာမို့လို့ ဒီလောက်ကြည့်နေရတာလဲကွ"

"ကြွက်ပေါက်ကလေးပါ ဦးကောင်း"

"ဘာလဲ…လင်းဆစ်ကို စမလို့လား"

"ဟုတ်"

"ကြည့်လည်းလုပ်ပါဦးကွာ…တော်ကြာ အကြောက်လွန်ပြီး သတိတွေဘာတွေ လစ်နေမှဖြင့်"

သတိမလစ်ဘူး ဦးကောင်းရေ…ကိုကိုကြီးကိုပဲ ဖက်ထားတာ ဗျလို့ စိတ်ပေါက်ပေါက်နဲ့သာ အော်ပြောလိုက်ချင်တော့၏။ ဒါပေမယ့် အားနာစရာ ထောက်ထားစရာ အဓိကကျတာက ဦးကောင်းပဲမို့ ပြောချင်စိတ်ကို မျိုသိပ်လိုက်ရတာ ကျလိကျလိနဲ့ပါပဲ။

"မင်း…လင်းဆစ်ကို ရှာနေတာလား"

"တွေ့ပါတယ်…ကိုကိုကြီးနဲ့ အတူရှိနေတယ်။ ကျွန်တော့်ကို ဒီအကောင်လေး သွားလွှင့်ပစ်ခိုင်းလို့"

ပြောပြီးထွက်သွားတဲ့ သက်တံကျောပြင်ကို ကြည့်ပြီး ဦးကောင်းကင် အပြုံးပျက်ကာ သက်ပြင်းချမိ၏။

ဒါ…

သားသိလို့ လွှင့်ပစ်ခိုင်းတာပဲဖြစ်မှာပေါ့လေ။



## အခန်း (၁၅)

လင်းဆစ် အိမ်ထဲမှာ နေရာအနှံ့ သက်တံကို လိုက်ရှာနေမိသည်။ ဒီကောင် နှစ်ရက်ရှိပြီ၊ ဘာဖြစ်နေလဲ မသိပါဘူး။ လင်းဆစ်ကိုတွေ့ရင် မျက်နှာက ခပ်တည်တည်နဲ့၊ ရှောင်ထွက်သွားတာ ဘာသဘောလဲ။ အဲဒါကိုပဲ မကျေနပ်လို့ လင်းဆစ် လိုက်ရှာနေတာပဲ။ ပွင့်ပွင့်လင်းလင်းပဲ မကြိုက်တာရှိရင် ပြောပေါ့။

ခုတော့…

ဘာမုန်းမသိ ညာမုန်းမသိနဲ့ မခေါ်နိုင်မပြောနိုင်ဖြစ်နေတာ တော်တော်ဒေါသဖြစ်ဖို့ကောင်းနေပြီ။ လင်းဆစ် အိမ်ထဲမှာ သူ့ကိုရှာလို့ မတွေ့တဲ့အဆုံး အန်တီထားဆီသို့ပဲသွားကာ…

"အန်တီထား"

"သမီး…လာလေ"



www.burmeseclassic.com

www.burmeseclassic.com



"သက်တံ ဘယ်သွားလဲမသိဘူး အန်တီထား။ လင်းဆစ် လိုက်ရှာနေတာ ရှာလို့မတွေ့ဘူး"

"ဟုတ်လား"

"ဟုတ်"

ဒေါ်ထားထား တွေကနဲ ဖြစ်သွားပြီးမှ…

"ခြံထဲများဆင်းသွားသလား မသိဘူး…ခြံထဲသွားကြည့်လေ သမီးရဲ့"

"ဟုတ်ကဲ့ အန်တီထား"

"သမီး"

"ရှင်"

ဒေါ်ထားထား လင်းဆစ်မျက်နှာလေးကို ခပ်တွေတွေကြည့်ကာ သားအကြောင်းကို စဉ်းစားမိသွား၏။ သက်တံ မျက်နှာမကောင်းတာ ဘာကြောင့်လဲလို့လေ။ မအေကိုတောင် ကောင်းကောင်းစကားမပြောဘူး။ ခေါ်ရင်ထူးပြီး မေးမှပဲပြောတာ။ ဒါ စိတ်ရှင်လန်းမှုမရှိခြင်းရဲ့ လက္ခဏာပဲလေ။

"သမီးနဲ့သား စိတ်ကောက်နေကြတာလား"

"ဟင့်အင်း…မကောက်ပါဘူး အန်တီထားရဲ့…ဘာဖြစ်လို့လဲ ဟင်"

"ဘာမှတော့မဖြစ်ပါဘူး… သား မျက်နှာမကောင်းဘူးလား လို့ပါ"

"အဲဒါတော့ ဟုတ်တယ် အန်တီထား"





"ဟင်"

"သူ မျက်နှာမကောင်းလို့ လင်းဆစ်လည်း သိချင်နေတာ။ ဘာဖြစ်နေတာလဲလို့လေ…ပြီးတော့ လင်းဆစ်ကိုလည်း ရှောင်နေတယ်။ လင်းဆစ်က အန်တီထားများ သိမလားလို့ မေးရအောင်လာခဲ့တာ"

"မသိပါဘူးကွယ်…အန်တီထားလည်း အဲဒါပဲ သိချင်နေတာ။ ဒီကောင်လေးကတော့လေ…ဘာဖြစ်ရင်ဖြစ်တယ်လို့ ပွင့်ပွင့်လင်းလင်း ဆိုမရှိဘူး…ခက်တာပဲ"

"ဒါဆို လင်းဆစ် သူ့ကို သွားရှာပြီး မေးလိုက်မယ်လေ"

"ကောင်းတာပေါ့ သမီးရယ်"

လင်းဆစ် အန်တီထားရှေ့မှ ထွက်လာခဲ့ပြီး ခြံထဲသို့ ဆင်းလာခဲ့သည်။ ရင်ထဲမှာ ရေမဖျန်းတဲ့ပန်းကလေးလို နွမ်းလျနေတာ စိတ်ကြောင့်ဖြစ်တည်လာခြင်းပါပဲ။ ခါတိုင်း စနောက်နောက်နေခဲ့ကြတုန်းက စိတ်ကောက်ကြလည်း သိသိသာသာ။ ပြီး ချော့လိုက်ရင် ပြန်ပျော်သွားကြတာပါပဲ။

အခုတော့…

ဘာကိုကောက်မှန်းမသိ၊ ဘာကိုမကျေနပ်မှန်းမသိနဲ့ ရှောင်ထွက်နေတော့ ဘာမှန်းမသိနိုင်ပဲ စိတ်ထဲမှာ မွန်းကျပ်နေခဲ့တာ မခံစားနိုင်တော့ဘူးလေ။ ကိုယ်နဲ့ စိတ်ခုစရာဘာရှိလဲ စဉ်းစားကြည့်တော့လည်း ရှိမနေခဲ့တော့ ဘယ်စဉ်းစားလို့ရမှာတဲ့လဲ။

ဟော…တွေ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကံ့ကော်ပင်အောက်မှာ ထိုင်နေတာ သက်တံရယ်ပါ။ တစ်ယောက်တည်း ဒီမှာ ဘာလာလုပ်နေပါလိမ့်ဟု ခြေလှမ်းတွေက ပိုသွက်သွားပြီး...

"သက်တံ"

"............"

"သက်တံ"

"..............."

"ဟဲ့"

သိသိနဲ့ မထူးတာမို့ ပခုံးကို ဖြန်းကနဲ ရိုက်လိုက်တော့မှ...

"ဘာလဲ"

"နင် ဘာဖြစ်နေတာလဲ"

".............."

"မေးနေတာ ဖြေလေ"

".............."

"သက်တံ"

ဘာမှပြန်မပြောဘဲ မျက်နှာသာလွှဲသွားသဖြင့် လင်းဆစ် ငိုချင်စိတ်ပေါက်သွား၏။ ဒါ ဥပေက္ခာပြုထားနိုင်ခြင်းလား။ အဲဒီဥပေက္ခာတရားအတွက် ရင်ထဲမှာ ကြာကြာမခံစားနိုင်စွာနှင့်...

"အဟင့်"

"ဟင့်"

အဟင့်ဆိုတဲ့အသံကြောင့် သက်တံ လှည့်ကြည့်လိုက်တော့





လင်းဆစ်မျက်နှာလေးမှာ ငိုမဲ့မဲ့ဖြစ်နေပြီး မကြာလိုက်ပါဘူး...

"အိ...အိ...ဟီး...ဟီး...ဟီး"

"ဟာ"

"ဟီး...ဟီး"

"လင်းဆစ်...ဘာဖြစ်တာလဲ မငိုနဲ့လေဟာ"

"ငိုမှာပဲ"

"မငိုပါနဲ့ဆိုဟာ...ဘာငိုစရာရှိလို့လဲ၊ မျက်ရည်ကလည်း လွယ်လိုက်တာ"

လင်းဆစ်ငိုတော့ သက်တံ မနေနိုင်တော့ပေ။ လင်းဆစ်မျက်ရည်တွေက သူ့ရင်ဘတ်ကို မှလောင်စေတဲ့ ကျွက်ကျွက်ဆူရေနွေးလိုပါပဲ။ ဒါကြောင့် ပျာပျာသလဲနှင့် မျက်ရည်သုတ်ပေးလိုက်လေလျှင် လင်းဆစ်က သူ့လက်ကို ရိုက်ချပြီး...

"ဖယ်ပါ"

"ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ...နင် ငါ့ကို မခေါ်မပြောနဲ့ ရှောင်နေတာလေ။ ဘာဖြစ်ရင်ဖြစ်တယ်မပြောဘဲ လူကို မခေါ်တော့ ငါ အရမ်းခံစားရတယ်...သိလား"

သက်တံ ခပ်ငေးငေးလေးပဲ လင်းဆစ်ကို ကြည့်မိသွား၏။ ဒါဘာတယ်ပဲလား။ ကိုယ်လည်း တင်းသာခံနေရတယ်။ နေနိုင်တာမှမဟုတ်ပဲလေ။ သံယောဇဉ်တွေပျောက်ကွယ်ရန် အလားအလာမရှိပေသည့် ဒီလို ရင်းနှီးပတ်သက်မှုအချိန်လေးတွေ တောင်စွယ်မှာ နေရှယ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရင်လို့ တွေးမိတော့ ရင်ထဲမှာ ဖော်မပြနိုင်တဲ့ ဝေဒနာတွေ ခိုဝင်ကိန်းအောင်းသွားခဲ့တာပေါ့။

ဒါ ဘာလဲ…

အဓိပ္ပါယ်မသိဝေဒနာတစ်ခုအတွက်ပဲ ရင်ထဲမှာ တင်းကျပ်နေခဲ့ပြီး ဆန္ဒပြမိတာလေ။ ဒါကို လင်းဆစ်ကလည်း မခံစားနိုင်ဘူးတဲ့လား။ အဲဒါတကယ်လား။

"လင်းဆစ်…နှင် မငိုပါနဲ့တော့ဟာ"

"ကောင်စုတ်…နှင် ငါ့ကို ရှောင်နေတာ ဘယ်နှရက်ရှိပြီလဲ။ အဲဒါ ဘာသောက်ချိုး ချိုးတာလဲ…ပြော…ငါ နှင် မကြိုက်တာ ဘာလုပ်မိလို့လဲ"

"မဟုတ်ပါဘူးဟာ"

"ဘာမဟုတ်တာလဲ…ဟုတ်ကိုဟုတ်တယ်။ မကြိုက်တာရှိရင် ပွင့်ပွင့်လင်းလင်းပြောတာ မဟုတ်ဘဲနဲ့…ခုတော့"

"ငါ တကယ်ပြောရမလား"

"ဟင်"

တကယ်ပြောရမလားဆိုတော့ လင်းဆစ် ခေါင်းလေးမော့လာပြီ

"ပြော"

"ငါပြောရင် နှင် စိတ်ဆိုးမှာလား"

"ဟင်…နှင့်စကားက ဘာစကားကြီးလဲ"

လင်းဆစ် ဗျာဗျာသလဲ မေးလေတော့…

"နှင်ကလည်း ရိုးရိုးတွေးစမ်းပါ။ ပြောတော့ နှင်ပဲ မကြိုက်





တာရှိရင် ပွင့်ပွင့်လင်းလင်း ပြောဆို…အခု ငါက ငါ မကြိုက်တာကိုပဲ ပြောမလို့ပါ"

"ဘာလဲ"

"ငါ တကယ်ပြောရမလား"

"သြော်…ပြောပါဆိုကာမှပဲ အိုင်တင်က ခံနေသေးတယ်။ ငါ စိတ်မရှည်တော့ဘူးနော်"

"မျက်ရည်တွေ သုတ်လိုက်ဦး"

ပြောပြီး သူပဲ သုတ်ပေးမိလေ၏။ သံယောဇဉ်ဆိုတဲ့ သံယောဇဉ်ကြောင့် ဘာတွေ မနာလိုဝန်တို ဖြစ်မိသွားလဲဆိုတာ ပြောပြမှသိမှာပေါ့။ သိမှလည်း နောက်ဆင်ခြင်မှာမဟုတ်လား။

"ပြောလေ"

"ငါ"

"အင်း"

"ဟိုနေ့က နှင် ကိုကိုကြီးခါးကို အတင်းဖက်ထားတာမြင်လိုက်ရတော့ ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ တကယ်…တကယ် နှင် ငါ့ထက် ကိုကိုကြီးကို ပိုပြီး ခင်တွယ်သွားမှာ ငါ အရမ်းစိုးရိမ်သွားမိတာ။ ပြောရရင် ကျေဝင်တာပေါ့ဟာ…အဲဒါကြောင့်…"

"စိတ်ကောက်တယ်ဆိုပါတော့"

"စိတ်ကောက်တာ မဟုတ်ပါဘူး။ စိတ်ထိခိုက်သွားတာ။ ငါ အဓိဳလောက်အထိ နှင့်အပေါ် သံယောဇဉ်ကြီးတာကို ယုံလား"

မယုံရှိပါ့မလား။ ငယ်ငယ်ကတည်းက တွယ်ငင်ရစ်ပတ်ခဲ့တာတဲ့



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ကြီးက အစ်ချည့်မျှင်လေးမှမဟုတ်တဲ့လေ။ သွားနဲ့တစ်ချက် ကိုက်ရုံနဲ့ ပြတ်ထွက်တာမျိုး ဖြစ်နိုင်ပါ့မလား။ တစ်နေ့ထက်တစ်နေ့ ပိုပိုတိုးလို့ ဒီကြိုးက ခိုင်မာနေခဲ့ပြီပဲဥစ္စာ။

"ဟင်…ယုံလား"

"ယုံတာပေါ့ သက်တံရဲ့…ငါလည်း နှင့်အပေါ် သံယောဇဉ် ရှိတာပဲဥစ္စာ…ဘာကျေဝင်စရာရှိလို့လဲ။ ကိုကိုကြီးကို ငါက လေးစားတာနဲ့ကြောက်တာပဲရှိတာ။ နှင်နဲ့ ဘယ်တော့မှ ယှဉ်လို့မရဘူးဆိုတာ သိထားစမ်းပါ"

"တကယ်"

"တကယ်ပေါ့"

"ဒါနဲ့များ အဲဒီနေ့က ကိုကိုကြီးခါးကို ဖက်ထားလိုက်တာများ အမြင်ကတ်ဖို့ကောင်းလိုက်တာ"

"အဲဒါ…နှင့်အပြစ်လေ"

"ဘာ"

"မဟုတ်ဘူးလား။ ငါ ကြွက်ပေါက်ကလေးတွေ ကြောက်တတ်မှန်းသိရဲ့သားနဲ့ နှင် ယူလာတာလေ။ ငါလည်း လန့်သွားတာ။ ကြောက်တာပေါ့လို့"

"အဲဒါနဲ့ ဟို…ခါးကို အတင်းဖက်ရရောလား။ မသကာ ငါ့ ခါးကို ပြေးဖက်ရင် တော်သေးတာပေါ့"

"အမယ်…ကောင်စုတ်၊ ကြွက်က နှင့်လက်ထဲမှာလေ။ အဲဒီတော့ နှင့်ခါးကို ဖက်မလား"





"နောက်တစ်ခါဆို နှင် ငါ့ခါးကိုပဲ ပြေးဖက်၊ အဲဒါမှ ကြွက်ကို ချွင့်ပစ်လိုက်မှာ"

"အောင်မယ်"

လေးလေးပင်ပင်ကြီး ပြောပြီး မျက်စောင်းထိုးလေတော့မှ သက်တံ ရယ်လေတော့၏။ သူ ကြာကြာမှစိတ်မကောက်နိုင်ဘဲလေ။ ပြီးတော့ သေသေချာချာ ပြန်တွေးကြည့်ရင် လင်းဆက်ပြောတာလည်း ဟုတ်နေတာပဲဥစ္စာ။ သူ ကြွက်ကြောက်မှန်းသိသိနဲ့ ကိုယ်က ခြောက်ဖို့ ကြိုးစားခဲ့တာ။

ဖြစ်ချင်တော့…

ကိုကိုကြီးအနားမှာရှိနေတာ ဆွဲမိဆွဲရာ မြက်ပင်ကို အားကိုးတကြီး ဆုပ်ကိုင်လိုက်တဲ့သဘောပေါ့။

"နှင့်ကို ငါက ဖက်စရာလား"

"ဒါဆို ကိုကိုကြီးကိုပဲ ဖက်မယ်ပေါ့"

"သက်တံ…နှင်နော်"

"အား"

နားရွက်ကို လိမ်ဆွဲလိုက်သဖြင့် သက်တံ အားကနဲ အော်တာ ဖြစ်၏။

"နှင် မသိဘူးလား သက်တံ"

"ဟင်…ဘာကိုလဲ"

"တစ်ခါတလေ ငါ တွေးကြည့်တယ်။ ငါ့ဘဝမှာ ယောကျ်ား လေးတွေနဲ့ပတ်သက်ပြီး နှင့်လောက် ရင်းရင်းနှီးနှီးဆက်ဆံဖို့ ဘယ်သူ့



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှ စိတ်ကူးကြည့်လို့မရတာ။ ဘယ်သူနဲ့မှလည်း အရောမဝင်ချင်ဘူး။ တစ်လောကလုံးမှာ နင်တစ်ယောက်ပဲ ငါ့အပေါ် အကြင်နာဆုံးဂရုအစိုက်ဆုံးလူလိုလို့နဲ့"

"ဟုတ်လား"

"ဟုတ်တယ်··ပြီးတော့"

"ဘာလဲ···ဆက်ပြော"

အကြည့်ချင်းဆုံပြီး ဘယ်သူမှ မျက်နှာမလွှဲမိကြ။ တစ်ယောက်က မျက်နှာလွှဲပြီးပြောရင်ပဲ ကိုယ့်စကားက မလေးနက်သလိုဖြစ်မှာစိုးပြီး တစ်ယောက်ကတော့ ထွက်လာမယ့်စကားလုံးတွေကို မမြင်လိုက်ရမှာစိုးသည့်အလားနှယ်။ တစ်ယောက်ကိုတစ်ယောက် အဲဒီလိုအလေးအနက်ထားတယ်ဆိုတာ···

"ငါ့ဘဝမှာ ငါ့အားအကိုးချင်ဆုံး ယောကျ်ားက နင်ပဲ သက်တံ"

သက်တံ ရင်ထဲမှာ လှိုက်ကနဲ ဖြစ်သွား၏။ ဒီခံစားမှုလေးကို စိန်ထုပ်ကြီးနဲ့ လဲမယ်ဆိုရင်တောင် မလဲနိုင်ဘူး···တဲ့တာ။

"နင် တကယ်ပြောတာလား လင်းဆစ်"

ခေါင်းတစ်ချက်အညိတ်မှာပဲ မပွင့်သောပန်းတွေပင် မွေးသွားသလိုပါ။ အဲဒီကစလို့ ရင်ထဲမှာ ဖြစ်တည်သွားတာသည် သတ္တိရောခွန်အားတွေ စွန့်စားလိုခြင်းတွေ···။



## အခန်း (၁၆)

အမိက ထမင်းစားပြီဆို အမြဲတမ်း တစ်ယောက်တည်းပဲလေ။ ဒိုတုန်းကတော့ ဖေဖေနဲ့ နှစ်ယောက်ပေါ့။ ဖေဖေ အန်တီထားနဲ့ အိမ်ထောင်ပြုကတည်းက အားလုံးနဲ့ အတူတူမစားချင်လို့ တစ်ယောက်တည်းပဲ ခွဲစားတာ ကြာခဲ့ပြီပေါ့။ တစ်ခါတလေ ကိုယ်ပဲ အထီးကျန်နေသလို မိသားစုနဲ့ ထမင်းအတူစားချင်စိတ်ကလေးဖြစ်မိတာ အခုလေ။ ဒါကြောင့်···

"လင်းဆစ်"

"ရှင်"

"ဒီနေ့ ငါတစ်ယောက်တည်း ထမင်းမစားတော့ဘူး။ အားလုံးနဲ့ အတူတူပဲ စားမယ်။ တစ်ခါတည်းပြင်လိုက်"

"တင်"



www.burmeseclassic.com

www.burmeseclassic.com



လင်းဆက် အံ့ညြသွားသလို ဟင်းအိုးထဲက ဟင်းခပ်မြည်းနေသော ဒေါ်ထားထားလည်း အံ့ညြစွာ လှည့်ကြည့်ဖြစ်၏။ အဓိက ပါးစပ်ကနေ ဒီစကားကြားရဖို့ မျှော်လင့်ခဲ့ရတာ ဘယ်လောက်ကြာခဲ့ပြီလဲ။ ကိုယ်ကတော့ ကိုယ့်သားအရင်းလို သဘောထားခဲ့ပေမယ့် သူ့ဘက်ကတော့ ရှောင်ဖယ်ဖယ်လေ။

ဒါကို...

ဒေါ်ထားထား အပြစ်လို့လည်း မမြင်ခဲ့ပါဘူး။ တကယ်ဆို ကိုယ်က ဝါးတစ်ရာကို နှီးတစ်ပြားတည်းနဲ့ ခိုင်ခဲ့အောင် စည်းချင်သူလေ။ အခု ဒီလိုစကားမျိုးကြားရတော့ ဝမ်းသာအားရဖြစ်ပြီး...

"သား..သား တကယ်ပြောတာလားဟင်။ အန်တီထားတို့နဲ့ တကယ်ပဲ ထမင်းအတူတူစားမှာလား"

"ဟုတ်တယ်"။

"အို...ဝမ်းသာလိုက်တာ သားရယ်။ သား အခုဗိုက်ဆာနေပြီလားဟင်...အန်တီထားတို့ အခုပြင်လိုက်ရမလား"

"ဆာတယ်ရယ်လို့လည်း မဟုတ်ပါဘူး။ အဆင်ပြေသလို လုပ်ပါ"

ပြောပြီး အဓိက လှည့်ထွက်သွားလေ၏။ ဘာစိတ်ကူးပေါက်တယ်မသိပါဘူး။ လူမိုက်ကြီးက အထီးကျန်သောဘဝကို စိတ်ကုန်ထင်ပါရဲ့။ အားလုံးနဲ့ ထမင်းအတူစားမယ်ဆိုတာကိုက အထူးအဆန်းကြီး ဖြစ်နေတာ။ ဘာများတိုင်ပင်စရာရှိလို့ပါလိမ့်။ မိန်းမများယူတော့မလို့လား၊ ယူလည်းယူစေချင်ပါတယ်။





အချစ်မရှိတဲ့ဘဝက အမြစ်မရှိတဲ့သစ်ပင်နဲ့ တူတယ်ဆိုလား ဘာဆိုလား။

"သမီး...လင်းဆက်"

"ရှင်...အန်တီထား"

"သားကြီးက အန်တီထားတို့နဲ့ အတူထမင်းစားမယ်ဆိုတော့လေ မြန်မြန်လေး ပြင်လိုက်စမ်းပါ"

"အန်တီထား အရမ်းဝမ်းသာနေတာလား"

"ဒါပေါ့ သမီးရယ်... ဒီလိုအချိန်မျိုးကို အန်တီထား မျှော်လင့်ခဲ့ရတာ ဘယ်လောက်ကြာပြီလဲ။ ဒီနေ့ အန်တီထားအတွက် မင်္ဂလာအရှိဆုံးပဲ"

"ဘာတွေ မင်္ဂလာရှိနေတာလဲ...ထား"

"ဟင်"

အဓိက,က ပြန်ထွက်သွားပြီဖြစ်ပြီး အခုဝင်လာတာက ဦးကောင်းကင်ပါ။ ဟိုတုန်းက စိတ်ဆင်းရဲခဲ့ရသမျှ ထားနဲ့လက်ထပ်ပြီးတာတည်းက အိမ်ထောင်ရေးက ပန်းခင်းသောလမ်းပါ။ တစ်ယောက်နဲ့တစ်ယောက် ချစ်ခြင်းတွေမပြယ်ဘဲ နားလည်မှုတွေနဲ့ တည်ဆောက်သွားခဲ့တာပဲလေ။ ဇနီးသည်ရဲ့ အပြုံးမျက်နှာကို မြင်ရလေတော့ ရင်ထဲမှာ အမြဲတမ်း အေးချမ်းခဲ့ရတာ သူ့အတွက် ထူးတဲ့ကုသိုလ်ကံပဲပေါ့။

ဘဝမှာ အလိုအပ်ဆုံးက အဲဒါပဲမဟုတ်လား။

ပစ္စည်းဥစ္စာချမ်းသာခြင်းက ချမ်းသာခြင်းအစစ်မှမဟုတ်တာ။ စိတ်ချမ်းသာတာသည်သာ ချမ်းသာမှုအစစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး…ထားရဲ့ ဘာတွေ မင်္ဂလာရှိနေတာလဲ။ ဘာထဲ ထီပေါက်လို့လား"

"ထီပေါက်ရင်တောင် ဒီလောက် ပျော်မိမှာမဟုတ်ဘူး ကိုရေ… ရှင့်သားကလေ သိလား"

"အင်း…ဘာတဲ့လဲ…သက်တံလား"

"မဟုတ်ပါဘူး…သားကြီးအဓိကကို ပြောတာပါ"

"မိန်းမယူတော့မယ်ပြောလို့လား"

"မဟုတ်တာ ကိုရယ်…သားကြီးက ကျွန်မတို့နဲ့ ထမင်းအတူ စားမယ်တဲ့ရှင့်။ ဒီလိုအချိန်ကို ကျွန်မ မျှော်လင့်ခဲ့ရတာလေ။ ခုတော့ ထား ဆန္ဒတွေ ပြည့်ဝပါပြီ"

ထားရဲ့အပျော်တွေက ဦးကောင်းကင်ဆီသို့ ကူးစက်သွားလေ၏။ တကယ်တော့ သားကသာ ထားအပေါ် မိခင်တစ်ယောက်လို သဘောမထားနိုင်ခဲ့တာ။ ထားကတော့ သားအပေါ် သားအရင်း တစ်ယောက်လို သဘောထားနိုင်ခဲ့တာကို အသိဆုံးပဲလေ။

"ဒါကြောင့် ထားက အရမ်းပျော်နေတယ်ပေါ့"

"ပျော်တာပေါ့ ကိုရယ်…ကိုရော မပျော်ဘူးလား"

"မပျော်ဘဲနေပါ့မလား ထားရဲ့…ဒါဆို ထူးထူးခြားခြား ထမင်း ဝိုင်းလေးအတွက် ကိုပါ ကူပြင်ပေးမယ်"

"မဟုတ်တာ ဦးဦးရဲ့…လင်းဆက် ပြင်ပေးမှာပဲဥစ္စာ…ဦးဦးက ထိုင်ကြည့်နေလေ"

"ဟုတ်သားပဲ ကိုရယ်…ကို ထိုင်ကြည့်ရုံကြည့်လေ ကူမပြင်





ပါနဲ့"

"ဒီလိုပဲ တစ်ဖက်တစ်လက် လုပ်ပါရစေ ထားရယ်…ကို သားကြီးနဲ့ ထမင်းအတူစားရမယ်ဆိုတော့ ကို့လက်နဲ့ ကိုယ်တိုင် ဆုပ်ကိုင်ပေးချင်လို့ပါ"

"ကဲ…သဘော…သဘော"

ခွင့်ပြုလိုက်တာနှင့် ဦးကောင်းကင် ပုဆိုးကို ပြင်ဝတ်လိုက်သည်။ မဆင်မပြေတာလည်း မဟုတ်၊ ပြေတာလည်းမဟုတ်တဲ့ ထားနဲ့ သားကြီးတို့ရဲ့ဆက်ဆံရေးကြောင့် ကိုယ်စိတ်ညစ်တာမဟုတ်ပေမယ့် ထားတို့သားအမိကို အားနာခဲ့ရသည်လေ။

သက်တံကို ဆုံးမတယ်ဆိုတာတွေကလည်း…

ဒဏ်ပေးသမျှ ပြင်းပြင်းထန်ထန်တွေ။ အဲဒါတွေအတွက် ထား နှုတ်က ဘာမှမပြောပေမယ့် မိခင်တစ်ယောက်ရဲ့ရင်ထဲက ခံစားချက် ကို သူ နားလည်တာပေါ့။ ဒါကြောင့်ပဲ စိတ်မကောင်းဖြစ်လို့ သက်တံ အပေါ်မှာလည်း ကိုယ်က ဖခင်တစ်ယောက်ရဲ့မေတ္တာတွေနဲ့ အလို လိုက်ခဲ့တာ။

ဒါပေမယ့်…

သက်တံက အခွင့်အရေးကိုပေးတိုင်း မယူပေ။ သူ့ခမျာ သားကြီးကို အစ်ကိုရင်းလို သဘောထားပြီး ချစ်ကြောက်ရိုသေစွာနှင့် သားကြီးပြုသမျှ နုခဲ့ရှာတာ။

"သမီး…လင်းဆက်"

"ရှင်…အန်တီထား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အန်တီထားနဲ့ သမီးဦးဦး ပြင်ဆင်နေတုန်း သမီးထ သားသက်တံကို သွားခေါ်လိုက်ပါဦး"

"ဟုတ်ကဲ့…အန်တီထား"

လင်းဆစ် ခပ်သွက်သွက်လေး ထွက်သွားလေတော့…

"သားကြီးတော့ ဘာစိတ်ကူးပေါက်သွားတယ်မသိဘူး။ နှ တွေသာကြာတယ်၊ သူ့အလိုက်အထိုက် ကြည့်နေရတာ…ထားတို့ တစ်ခါမှ ထမင်းအတူ မစားဖူးသေးဘူးနော်"

"သူ မာနနဲ့သာ တင်းခံနေတာ…ကြာတော့ အထီးကျန်လွန်းတဲ့ ဘဝကို သူ စိတ်ကုန်မှာပေါ့ ကိုရယ်"

"ဟုတ်မယ်…ဟုတ်မယ်…ဒီကောင် မိသားစုဘဝရဲ့နွေးထွေး မှုကို လိုချင်လာပြီထင်တာပဲ"

"ထားတို့က ဝမ်းသာအားရ ကြိုဆိုရမှာပေါ့ ကိုရယ်"

ထားက အဲဒီလိုသဘောထားနူးညံ့ပြီး စိတ်ထားပြည့်ဝတဲ့မိန်းမ ဦးကောင်းကင် ငုံထားမတတ်ချစ်ခဲ့တယ်ဆိုရင် မှားမလား။ ရုပ်ချောခြင်း က ဘယ်အရာကိုမှ အလှဆင်မပေးနိုင်ဘူးလေ။ စိတ်ထားမြင့်မြတ်ခြင်း ကသာ တစ်နေရာစီမှာ အလှဆင်ပေးနိုင်တယ်မဟုတ်လား။





## အခန်း (၁၇)

"လာ…သားကြီး…လာ"

အဓိက လာတာနှင့် ခေါ်ထားထားမှာ လက်ခွဲခေါ်မတတ်ပါပဲ။ ဒါ မျက်နှာလုပ်တယ်လို့ ခေါ်ဆိုနိုင်ပေမယ့် ရင်ထဲက ဝမ်းသာပီတိ အစစ်အမှန်နှင့်ခေါ်တာပါ။ သူမဘက်က သားချင်းကိုယ်ချင်းစာစွာ သူ့ရင်ထဲက ခံစားချက်ကို တွေးပေးခဲ့တာချည်းပါပဲ။

အရွယ်ရောက်နေကာမှ…

အမေလုပ်သူက ဂရုမစိုက်သည့်အပြင် အိမ်ထောင်ရေး ဖောက်ပြန်။ နောက်တစ်ခါ…

အဖေလုပ်သူက ကိုယ့်အိမ်က ထမင်းချက်ကို ပြန်ပြီးယူတယ် ဆိုတော့ သူ့ရင်ထဲမှာ ရှက်တာတွေရော နာကျင်တာတွေရော ခံစားချက် တွေ ပြည့်နှက်နေမှာပေါ့။ ဒါကြောင့် ကိုယ်က အားပေးနှစ်သိမ့်ချင်ပေ မယ့် အခွင့်မသာခဲ့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့…

"သားက ကြက်သည်းကြက်မြစ်ကြိုက်တာဆိုတော့…ရော့… စား…သား"

ဒေါ်ထားထားကိုယ်တိုင် ဟင်းခပ်ထည့်ပေးတော့ အစိတ မျက်လွှာတစ်ချက်သာ ပင့်ကြည့်ပြီး ထမင်းကိုသာ ငုံ့စားနေတာ တိတ်ဆိတ်စွာ။ ဒီလူတွေနဲ့ပြောဖို့ သူ့မှာ စကားမရှိဘူးတဲ့လား။

"လင်းဆစ်"

"ဟင်"

"နင်က ငါးပိရည်နဲ့တို့စရာ ကြိုက်တယ်မို့လား…ရော့… အပြတ်ဆွဲ… ဘယ်သူ့မျက်နှာမှ မကြည့်နဲ့။ အဲဒီဟင်းအတွက်တော့ အားလုံးကိုစား…ငါ တကယ်ရက်ရောတယ်…သိလား"

"ဩော်…စေတနာတော်တော်ထားတယ်ပေါ့ လေ… ဟုတ်လား"

"နင်ပဲ ကြိုက်တယ်ဆို"

"ငါ အခြားဟင်း မစားရဘူးဆိုတဲ့သဘောလား"

"ဒါပေါ့"

"ဒါဆို မစားလိုက်ရုံပေါ့"

မျက်စောင်းလည်းထိုး၊ နှုတ်ခမ်းလေးစူကာ လင်းဆစ် ပြောလိုက်တော့ သက်တံက ရယ်နေသည်။ စတာသိလို့ လင်းဆစ် ရွဲ့ပြီး တို့စရာတွေသာ ပန်းကန်ထဲ များများထည့်ပြီး ငါးပိချက်ကိုသာ စားသော တော့…





"သားကကွယ်…စ,စရာမရှိ စနေတယ်။ သမီးက တကယ် အဟင်းမှ မနိုက်တော့ဘူး။ သမီး သားက စတာကို မရွဲ့နဲ့လေ။ ကြိုက်တာထည့်စား"

"အလကားပါ မေမေရာ…ဒီကောင်မလေး သားများ ခပ်ထည့် ပေးမလားလို့ မူနေတာပါ"

"အမယ်"

"မဟုတ်လို့လား"

"သက်တံနော်"

"ရှက်မနေပါနဲ့၊ ဝန်ခံလိုက်စမ်းပါ"

"ငါ ဇွန်းနဲ့ ခေါက်ထည့်လိုက်ရ…နာတော့မယ်"

လူကြီးတွေရှေ့မှာ မဖွယ်မရာပြောလိုက်တာမို့ လင်းဆစ် စိတ်တို သွားတာဖြစ်၏။ လက်ကလည်းရွယ်မိပေမယ့် တကယ် ဘယ်ရိုက်ပါ့ မလဲ။ ပါးစပ်ကတော့ ပွစိပွစိလုပ်လေလျှင်…

"ပွစိပွစိနဲ့ ကြက်ဖင်"

"ဘာ"

"ကြက်ဖင်စားမလားလို့ မေးတာ"

"နင်ပဲစား…နင်ပဲစား"

"ဒီမှာ"

အစိက အသံထွက်လာလေသဖြင့် တစ်ခုခုပြန်ပြောမယ့် သက်တံ ပါးစပ်မှ ဟလိုက်မိတာကိုပင် ပြန်မပိတ်ဖြစ်ဘဲ ကိုကိုကြီးကို ကြည့် လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ…ထမင်းစားနေတာ ထမင်းဝိုင်း၊ အရက်ဝိုင်း မဟုတ်ဘူး"

ဒါ…ထမင်းစားရင်း စကားများလို့ ပြောတာပေါ့။ ဒါကြောင့် လင်းဆစ်ဆိုရင် ဇက်ကလေးပင် ပုသွားမိသည်လေ။

"လေမဝယ်ရတိုင်း လျှောက်ပြောနေတာ နားငြီးတယ်။ ထမင်းစားတာ ပါးစပ်က အရသာခံတယ်ဆိုပေမယ့် နားငြီးနေရင် အာရုံပြားတယ်…နားလည်လား"

ဩော်…သူ့အာရုံလုံးအောင်ပဲ လက်ဝါးနှစ်ဖက်ထဲ ထည့်လုံးပေးရမလိုပါလား။

"သားကလည်းကွာ…ကလေးတွေကို နားလည်ပေးလိုက်စမ်းပါ။ သူတို့က ဒီလိုပဲ ထမင်းစားရင်း ရယ်စရာမောစရာပြောနေကျ။ ရွှင်ပျော်စရာတောင် ကောင်းသေးတဲ့ဥစ္စာ"

အဓိက ခွံ့မယ့်ဆဲဆဲ ထမင်းလုတ်ကို ပြန်ချကာ…

"ကောင်းပါတယ်"

ဒါပဲပြောပြီး ထသွားလေတော့…

"အို…သား"

"ဒုန်း"

"အမေ့"

"ထား"

ဒေါ်ထားထား ကမန်းကတန်း ထလိုက်တာ ခုံကိုတိုက်မိပြီး ယိုင်ကနဲဖြစ်သွားတော့ ဦးကောင်းကင်က လှမ်းထိန်းပေးတာကို ရ





လိုက်နိုင်။ ခင်ပွန်းလက်ကို အတင်းဖယ်ချခဲ့ပြီး လိုက်ဖြစ်အောင်လိုက်သွားပြီး…

"သား"

"…………"

"အန့်တီထား တောင်းပန်ပါတယ် သားရယ်…ကလေးတွေကို နောက်ဒီလိုမဖြစ်အောင် အန့်တီထား တာဝန်ယူပါတယ်။ ထမင်းပြန်စားပါနော်"

"…………"

"သား"

"…………"

"ထမင်းစားပါ သားရယ်…အန့်တီထားလေ"

"အန့်တီထား"

ခြေလှမ်းတွေ ရပ်တန့်သွားပြီးခေါ်လိုက်တော့ သူ့ကို ခပ်မော့မော့လေးကြည့်နေသည့် အန့်တီထားကို သနားသလိုတော့ရှိသား။ ဒါပေမယ့်…

"ပြောလေ သား"

"အန့်တီထားကိုတော့ အားနာပါတယ်၊ ကျွန်တော် နားမခံနိုင်ဘူး။ လူတွေမှာ စိမ်ရှိတဲ့အချိန်က စားချိန်နဲ့အိပ်ချိန်ပဲဗျ။ အန့်တီထားတို့ပဲ စားကြပါ၊ ကျွန်တော့်အတွက် မပူနဲ့။ ဘယ်သူကမှ ကိုယ့်ဝမ်းကိုယ် အငတ်မထားဘူး"

"အဲဒီလိုကြီးတော့ မဟုတ်ဘူးလေ…သားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အနံ့ကိုထား နေသာသလိုနေပါ"

"ကိုကိုကြီး"

ထွက်သွားမလို့ ပြင်လိုက်တဲ့ခြေထောက်တွေက သက်တံအနား ရောက်လာသဖြင့် ထွက်မသွားဖြစ်သေးပေ။ သူကရော ဘာပြောဦး မလို့တဲ့လဲ။

"ကိုကိုကြီး"

"ပြော"

သက်တံ မသိမသာလေး သက်ပြင်းချလိုက်မိ၏။ ကိုယ့်မှာ လည်း မာနတော့ ရှိပါတယ်။ ဒါပေမယ့် လူကြီးတွေ စိတ်ကသိ ကအောက်ဖြစ်မှာကို မလိုလားလို့ သူ လက်ညှိုးအမိန့်ပေးသမျှ နာခံခဲ့ တာ နှစ်နဲ့တောင်ချီပြီး ကြာခဲ့ပြီပဲလေ။

အခုမှတော့…

ဆဲင်နင်းတဲ့ ယပ်တောင်ထက် တိုးမပြားတော့ပါဘူးဆိုပြီး…

"ကျွန်တော် တောင်းပန်ပါတယ်"

ဒါပဲမို့လားလို့ ပါးစပ်က မမေးပေမယ့် မျက်ဝန်းတွေက အစေတ် စက်ကြည့်ပြီး လှည့်ထွက်သွားလေ၏။

ကျွန်တော် တောင်းပန်ပါတယ် ကိုကိုကြီးရယ်…။

မိဘတွေ စိတ်မဆင်းရဲရစေအောင် ကိုကိုကြီးရဲ့ အတ္တမာနတွေ ကို နည်းနည်းလေး လျှော့ချပေးပါဗျာ။





## အခန်း (၁၈)

"မင်း အခုထိ ဖွင့်မပြောသေးဘူးလား ကောင်လေးရဲ"

ကားရေဆေးနေရင်းမှ ဦးသန်းကို အဆက်အစပ်မရှိ ပြောလိုက် တဲ့စကားကြောင့် သက်တံ နားမလည်စွာ ကြောင်သွားသည်။ ကိုယ် ဘာများပြောမိလို့ ခုမှပြန်မေးသလဲ စဉ်းစားကြည့်တော့မရ။

"ပြောစရာရှိရင် ပြောလေကွာ။ ဒါမျိုးက ကိုယ်ရပ်နေရင် သူများက ကျော်တက်ပြီးဦးသွားမှာ။ အဲဒီအခါကျမှ နောင်တတစ်ပင် ရှင်သန်လာလို့ကတော့ ဘယ်သူကမှ ဆွဲနုတ်ပေးနိုင်မှာ မဟုတ်ဘူး"

"နေစမ်းပါဦး…ဦးသန်းကိုစကားက အဆက်အစပ်မရှိနဲ့ ဘာကို ပြောတာလဲ"

ဦးသန်းကို ပေစောင်းစောင်း ပြန်လှည့်ကြည့်ပြီး…

"မင်း တကယ်မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"တော့"

ပျစ်ပျစ်နှစ်နှစ်ပြောပြီး ဦးသန်းကို လက်ထဲမှရေပုံးကို ချလိုက်၏။ ကိုယ်ပြောတဲ့စကားကို ဒီကောင် နားမလည်ဘူးဆိုတာ ဟုတ်ပါ့မလား။ လင်းဆစ်နဲ့ ဒီလောက် သံယောဇဉ်တွယ်နေကြတာ ရိုးရိုးသားသားရှိနေနိုင်ပါဦးမလားလို့ တွေးပြီး ကိုယ်က ပြောလိုက်တာလေ။

သံယောဇဉ်က အခြေခံအုတ်မြစ်…

အကြင်နာက အကာအရံ…

ဂရုစိုက်နားလည်မှုတွေက အမိုးအဖြစ်နဲ့…

သူတို့နှစ်ယောက်ရင်ထဲမှာ အချစ်အိမ်လေး တည်ဆောက်နေပြီထင်လို့ ကိုယ်က ပြောတာပေါ့။

"မသိရင် သိအောင်ပြောမယ်"

"ပြော"

"မင်း လင်းဆစ်ကို မချစ်ဘူးလား…ပြော"

"ဗျာ"

မေးလိုက်တော့ အူတူတူ အတာတပုံစံနဲ့ အမြင်ကတ်ဖို့ကောင်းလိုက်တာ။

"ဖြေလေကွာ"

သက်တံ တွေကနဲ ဖြစ်သွားလေ၏။ ချစ်တော့ချစ်နေတာပဲလေ။ ဘယ်လိုအချစ်မျိုးလဲဆိုတာသာ မသိတာ။ လင်းဆစ် စိတ်ကောက်ရင် မနေတတ်လို့ ကျေနပ်အောင် ဘာမဆိုဖြစ်အောင် လုပ်ပေးခဲ့တာသူ။





မိုးကြယ်ကို ဆွတ်ပေးမယ်မပြော၊ မြေကြီးကိုလှာပြီး မွေ့ရာချုပ်ပေးမယ်လည်း အဖွဲ့အနွဲ့ အသိုင်းအဝန်းတွေ မသုံးပေမယ့်…

လင်းဆစ်အတွက်ဆို…

အရိုးကြေကြေ အရေစုတ်စုတ် ဘာမဆို လုပ်ပေးချင်ခဲ့သူဟာ ကိုယ်ပဲလေ။ ဒါချစ်လို့ပဲပေါ့။ အဲဒီအချစ်က ရိုးသားလား၊ ဆန်းပြားသွားဆိုတာတော့…

"သက်တံ"

"ဗျာ"

"အသက်ရှူရပ်သွားပြီလားလို့…မတ်တတ်ကနေလေ"

"ဦးသန်းကိုကလည်း"

"ဒါဆို ငါ မေးတာကို ဘာလို့မဖြေတာလဲ"

"ဖြေမလို့ပဲ စဉ်းစားနေတာ"

"ဘာမှစဉ်းစားနေစရာမလိုဘူး…သံယောဇဉ်ထက်ပိုပြီး ကြီးသွားလာရင် အဲဒါအချစ်ပဲ။ မင်း လင်းဆစ်ကို ချစ်နေတာကွ… သိလား။ မသိရင် လင်းဆစ် အခြားကောင်လေးတစ်ယောက်နဲ့ လက်ထပ်သွားမှာကို မင်း လိုလားလား…အဲဒါပဲ ပြန်တွေးကြည့်။ သူများကို မပေးချင်ရင်တော့ ကိုယ်ပိုင်အောင်လုပ်ရမယ် ကောင်လေး ရှ…နားလည်လား"

ဒါလည်းဟုတ်တာပါပဲလို့ တွေးမိ၏။ အခြားကောင်နဲ့ လက်ထပ်မယ်ဆိုရင် လင်းဆစ်နဲ့သူ ခေါ်ကြပြောကြရှိနေရင်တောင် အခုလို ရင်းရင်းနှီးနှီးနေလို့ ဘယ်ရတော့မှာလဲ။ အဲဒါကို သက်တံ



www.burmeseclassic.com

www.burmeseclassic.com



လက်မခံနိုင်။ ထာဝစဉ် ထာဝရ လင်းဆစ်ကို ကိုယ့်အနားမှာပဲ အမြဲရှိနေစေချင်တာ အချစ်တဲ့လား။

ဟုတ်မှာပါ။

အခြားတစ်ယောက်မပြောနဲ့၊ ကိုကိုကြီးကို လင်းဆစ် ဖက်မိတာတောင် သူ့ရင်ထဲမှာ တဆစ်ဆစ် နာကျင်ခဲ့ရသည်လေ။ မနာလိုဝန်တိုမှုတွေလည်း ဖြစ်တည်ခဲ့တယ်မဟုတ်လား။

"ပွင့်ပွင့်လင်းလင်းပြောရရင် ဟုတ်တယ်။ ကျွန်တော် လင်းဆစ်ကို သူများရင်ခွင်ထဲ အရောက်မခံနိုင်ဘူး။ ကျွန်တော်နဲ့ အနီးဆုံးမှာပဲ အမြဲရှိနေစေချင်တယ်။ အဲဒါကို အချစ်လို့ခေါ်သလား ဦးသန်းကို"

"အရူး"

အရူးလို့ပြောတော့ ပုံစံက မျက်စိသူငယ် နားသူငယ်နှင့်ပုံလေ။ ဒီအရွယ်ရောက်နေတာတောင် မသိဘူးတဲ့လား။

"အချစ်ကိုမှမသိရင် မင်း ကျောင်းဖို့ကျိန်းသေတယ်"

"ဘယ်ကိုလဲ"

"ရွာသာကြီးကို"

ဒီလိုပြောတော့ သက်တံ ပြုံးမိလေ၏။ အချစ်ဆိုတာ မြစ်ထဲသွားပြီး လှေတစ်စင်းနဲ့ရှာရတဲ့အရာမှ မဟုတ်တာ။ ကိုယ့်ရင်ဘတ်ထဲမှာရှိတာ ကိုယ် သိရမှာပေါ့။





## အခန်း (၁၉)

သူငယ်ချင်းတွေနဲ့တွေ့ပြီဆို ပြောလိုက်ကြတာ လင်းဆစ်အကြောင်းပါပဲ။ အဓိကစိတ်ကို မရောက်ရောက်အောင် ပို့နေကြတာလေ။ ပို့တိုင်းရောက်စရာအကြောင်းမှ မရှိတာ။ လင်းဆစ်က သူ့ထက်ဆယ်နှစ်ကောင်ငယ်သည့်အပြင် သက်တံနဲ့က ဘယ်လိုအခြေအနေမျိုးမှန်းမှ မသိတာလေ။

ကိုယ့်ထက်ဦးတဲ့ ချစ်သူရှိသူဆိုလျှင် ရှောင်ကြဉ်ပါ၏။

မရှောင်လို့ မရဘူးလေ။ ဖေဖေ့လိုမျိုးမှ သူ အဖြစ်မခံနိုင်တာ။ အခု မေမေဆိုရင် သူ့လုပ်ရပ်အတွက် သူ့ဘာသာ သားဖြစ်သူကိုတောင် တွေ့ဖို့ မကြိုးစားတာ ယခုထက်ထိပါပဲ။ အိမ်က ထွက်သွားကတည်းက အဓိကနဲ့ တစ်ခါမျှ မတွေ့ဖြစ်ကြဘူးလေ။ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းလည်း မသိပေ။

www.burmeseclassic.com

www.burmeseclassic.com



အမိက၊ကလည်း…

သူတောင် ပစ်နိုင်သေးတာဆိုပြီး စိတ်နာနာနဲ့ လုံးဝ မစုံစမ်းခဲ့တာ။ ကံမကုန်ရင်တော့ ပြန်ဆုံကြမှာပေါ့။ မဆုံရင်လည်းနေပါစေ။ ဝမ်းနည်းစရာမှ မရှိတာ။ ကိုယ်က အမေဆိုတာ သေပြီလို့တောင် သတ်မှတ်ထားခဲ့တာလေ။

သတိမရဘဲတော့ ရှိပါ့မလား။

သတိရမိတိုင်းလည်း လွမ်းတာကို နာတာနဲ့ဖြေခဲ့တာ အခုတော့ နေသားကျနေခဲ့ပါပြီ။ သူလည်း သူ့ဘဝနဲ့သူ၊ ကိုယ်လည်း ကိုယ့်ဘဝနဲ့ ကိုယ်ပဲပေါ့။ မတူညီသော လမ်းတစ်ကြောင်းဆီမှာ မာနတွေက မျှဉ်းပြိုင်လို့ပါပဲ။

"အမိက"

"………"

"ဟေ့ကောင်"

"ဘာလဲကွ"

"ငါပြောတာ ကြားရဲ့လား"

"ဟင်…ဘာပြောတာလဲ"

"ကျွတ်"

စိုမင်းက ခေါင်းကိုသာ ကုတ်လေလျှင် ကျော်ထွဋ်က…

"ဒီကောင် စိတ်တွေ ဘယ်ရောက်နေတယ်မသိဘူး။ သူပြောတာ မင်းကို ငှက်ပျောပင်ဖက်မလား၊ လင်းဆစ်ကို ရအောင် ယူမလားတဲ့"





"အဲဒါ ငါသမိုင်းပါ"

"ပြောလိုက်ရင် ဒါပဲ"

"မသိသူကျော်သွား သိသူဖော်စားတဲ့ ဟေ့ကောင်၊ အခု မင်းက ကျော်သွားချင်နေပြီး ဟိုကောင်လေးက ဖော်စားလိမ့်မယ်…နားလည်သား။ လင်းဆစ်နွယ်က မစားကောင်းတဲ့အသီး မဟုတ်ဘူး။ တစ်ခါစားမိရင် မောင်ကျန်ထစ်တို့ဖြစ်မယ့်အသီးကွ…သိလား။ နောက်မှတော့ အသီးနောက်ကျလိုက်တာ မဖြစ်စေနဲ့…ဟီး…ဟီး"

ဘယ်သူတွေ ဘယ်လိုပဲရယ်ရယ် အမိကကတော့ ခပ်တည်တည်ပါပဲ။ သူက သူများတွေ တစ်အားရယ်မှ ပြုံးရုံလောက်ပဲ ပြုံးတတ်တဲ့ကောင်လေ။

"မင်းတို့ အဲဒီအကြောင်းတွေပဲ ပြောနေတော့မှာလား"

"မင်းကို တို့က စွံစေချင်လို့ပါ"

"ငါစွံတော့ မင်းတို့ ဘာရမှာမို့လို့လဲ။ အလုပ်မရှိဘဲနဲ့ ကြက်နဲ့ တိုက်တယ်ဆိုတဲ့ကောင်တွေ။ ပူမနေနဲ့…ဖူးစာပါတဲ့သူနဲ့ ညားလိမ့်မယ်။ မပါလို့ လူပျိုကြီးဖြစ်တာပါတော့ရော မင်းတို့အပူ ဘယ်နှပြားသားပါလို့လဲ"

"အပူတော့ မပါဘူးပေါ့၊ ဒါပေမယ့် မိသားစုဘဝလေးနဲ့ မင်းကို ပျော်စေချင်လို့"

"အခု ငါက ပျင်းနေတယ်လို့ ပြောမိလို့လား"

"ပြောတော့မပြောဘူးပေါ့…ဒါပေမယ့်"

"ဘာမှဒါပေမမယ့်နဲ့…ငါ ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဟော့ကောင်"

တားပေမယ့် အခ်ိကက တားတိုင်းရတဲ့ကောင်မှ မဟုတ်တာ။ အမြဲတမ်း ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် ဘယ်သူ့အမိန့်ကိုမှ မနာခံတတ်သူ။ သူ ဒီကောင်တွေစကားကို နားယောင်ပြီး လင်းဆစ်အပေါ် စိတ်ဖောက်ပြန်ဖို့ဆိုတာ…

ဟူး…

ကောင်မလေးကို စေ့စေ့ကြည့်မိရင် ရင်ထဲမှာ ဘာလိုလိုတော့ ဘာလိုလိုကြီးပါ။ အဲဒီဘာလိုလိုကြီးကိုပဲ သူက ခွဲခြမ်းစိတ်ဖြာမနေချင်တာ။

"ဒီကောင့်မှာ နှလုံးသားမပါဘူးလား မသိပါဘူးကွာ။ ဘယ်လိုပြောပြော အေးစက်စက်နဲ့"

"နွေးပါများရင်တော့ ပူလာမယ်ထင်တာပဲ။ ပို့တော့ပို့ပေးကြည့်တာပေါ့ကွာ"

"တို့ပို့တဲ့နေရာမရောက်ရင် ရောက်တဲ့နေရာ ပို့ရတာပေါ့"

"ဘယ်နေရာလဲ"

"သချိုင်းကုန်း"

"ဟီး…ဟီး"

တစ်ယောက်ကပြောတော့ တစ်ယောက်က ကျောချမ်းသလို တွန့်လိမ်သွားလေသည်။ အခ်ိကကတော့ ပြန်ငဲ့မကြည့်။ ကားပေါ်တက်ပြီးသာ မောင်းထွက်သွားတာ အိမ်သို့ ပြန်ရောက်လေလျှင် ထုံးစံအတိုင်း ကိုယ့်အခန်းထဲသာ ကိုယ်ဦးတည်လာခဲ့လေတော့ တံခါးဖွ





ဖွင့်လိုက်တော့…

"ဟင်"

အခန်းထဲမှာ လင်းဆစ် ရှိနေပြီး အဝတ်တွေကို မလျှော်ရသေးတာတွေ လျှော်ဖို့ ခြင်းထဲထည့်နေတာလေ။ သနပ်ခါးပါးကွက်လေးနဲ့ ဆော်တော်လှတာတော့ ဝန်ခံပါ၏။ သူ ရှေ့မတိုးဖြစ်၊ နောက်မဆုတ်ဖြစ်နှင့် ရပ်ကြည့်နေဆဲမှာပဲ လင်းဆစ်က လှည့်ကြည့်တာနှင့် တိုးလေသျှင်…

"ဟင်"

ကြည့်ကို ရုပ်သိမ်းပြီး မထူးစိတ်ပိုက်၍ အခန်းထဲသို့ဝင်ခဲ့စဉ်

"ကိုကိုကြီး"

"ယူစရာရှိတာ မြန်မြန်ယူလေ… ပြီးရင်သွားတော့"

"ဟုတ်"

"နေဦး"

"ရှင်"

"ဒီအင်္ကျီပါ တစ်ခါတည်းယူသွား"

ကိုယ်ပေါ်ကအင်္ကျီကို ချွတ်ပေးလေလျှင် လင်းဆစ် မျက်နှာ ရွတ်ဝဲဝဲလေးဖြစ်သွားပြီး မျက်နှာလွှဲသွားလေ၏။ ဒါကိုပဲ သူ မြင်သွားသာ ရင်ထဲမှာ လှိုက်ကနဲလိုလို နွေးကနဲလိုလို ဖြစ်သွားစဉ်မှာပဲ…

"လင်းဆစ် သွားတော့မယ်"

"လင်းဆစ်"

"အမေ့"



www.burmeseclassic.com

www.burmeseclassic.com



"အင့်"

လက်မောင်းကို လှမ်းဆွဲလိုက်တော့ ယိုင်ပြိုးပါလာတဲ့ ကိုယ်လေးက သူ့ရင်ခွင်ကို ပြေးတိုက်၏။ ကယိမ်းကပါးအခြေအနေကို ထိန်းလိုက်တော့ လင်းဆစ်က သူ့ရင်ခွင်ထဲမှာ။ ဒါကို လင်းဆစ်က ရုန်းပေမယ့် သူ လွှတ်မပေးမိဘဲ တဒင်္ဂ ရင်ခုန်သံ၏အမိန့်ကို နာခံမိတာ ဘာကြောင့်ပါလိမ့်။

ရင်ထဲမှာ...

ရှိတော့ရှိနေခဲ့သည်လေ။ အဲဒီရှိနေတဲ့အရာကို အမည်နာမ ကင်ပွန်းမတပ်နိုင်သေးလို့သာပေါ့။

"ကိုကိုကြီး"

"..........."

"ကိုကိုကြီး...လင်းဆစ်ကို လွှတ်ပါ"

သူ တိတ်ဆိတ်တဲ့နေရာမှာ ခုလိုဖြစ်နေခြင်းက သင့်တော်ပါ့မလားလို့ ပြန်တွေးမိလိုက်တာနှင့် ကိုယ့်ရဲ့ဂုဏ်သိက္ခာအတွက် လင်းဆစ်ကို လွှတ်ပေးလိုက်တာနှင့် ပြေးထွက်သွားတဲ့ လင်းဆစ်မှာ ထောင်ချောက်ကလွှတ်တဲ့ သားကောင်လေးအတိုင်းပါပဲ။





## အခန်း (၂၀)

လင်းဆစ် အမောဖောက်နေသည့် လှမကာနယ် ရင်ဘတ်ကလေးကို လက်နှင့်ဖိပြီး မီးဖိုချောင်အခန်းထောင့်လေးမှာ ထိုင်နေမိ၏။ ကိုကိုကြီးရဲ့လုပ်ရပ်အတွက် ရင်ခုန်တာမဟုတ်ပါဘဲ ကြောက်လွန်းလို့ အသက်တောင်ထွက်ချင်သည်။

တော်ပြီ...တော်ပြီ...

နောက်ဆို သူ့အခန်းထဲဝင်တာ ဆင်ခြင်မှ။ သက်တံ့ကလည်း လင်းဆစ်ကို ကိုကိုကြီးနဲ့ ရင်းနှီးပတ်သက်မှာကို စိုးရိမ်နေတာလေ။ လင်းဆစ်ကလည်း မပတ်သက်ချင်ပါဘူး။ ငယ်ငယ်ကတည်းက သူ့ကိုကိုကြီးကို ရိုသေလေးစား ကြောက်ရွံ့မိခြင်းထက်ပိုပြီး မမုန်းသည့်တိုင် မရင်းနှီးချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း…

မျက်ထောင့်နီနဲ့ကြည့်ပြီး လေသံမာမာနဲ့ ဆက်ဆံတဲ့ဟာ ဘယ်လို ပတ်သက်ချင်ပါ့မလဲ။

"လင်းဆစ်"

"အမေ့"

"ဟာ"

လင်းဆစ်ကိုယ်လေး ဆတ်ကနဲ တုန်သွားလေလျှင်…

"ဘာဖြစ်တာလဲ…ငါ့ကိုများ လန့်ရတယ်လို့။ ဘာလဲ…ဘယ် ကောင် ရှည်းစားစကားပြောလိုက်တာ ခံထားရလို့လဲ"

"မဟုတ်ပါဘူး"

"မဟုတ်ရင် ဘာကိုလန့်နေတာလဲ"

"ဟင့်အင်း"

ခေါင်းခါလိုက်တာကိုပဲ မယုံသလို မျက်ဝန်းတွေနှင့် သက်တံ အနားသို့ ရောက်လာ၏။ လင်းဆစ်ဘေးမှာ ဘာမပြော ညာမပြောနှင့် ဝင်ထိုင်လိုက်ပြီး…

"ခေါင်းချည်းပဲမခါနဲ့…နင် တစ်ခုခုဖြစ်နေတယ်ဆိုတာ ငါ သိတယ်နော်…လင်းဆစ်"

"သက်တံ"

"ပြော…ဘာဖြစ်နေတာလဲ။ ဘာပဲဖြစ်ဖြစ် နင့်မှာ တိုင်ပင်ဖော် တိုင်ပင်ဖက်ဆိုလို့ ငါပဲရှိတာနော်။ ငါ့ကိုမှ မပြောရင် နင် ဘယ်သူ့ကို သွားပြောမှာလဲ"



လင်းဆစ် မျက်လုံးလေးမှိတ်ပြီး တံတွေးမျိုချလိုက်မိ၏။ ဒီကိစ္စ အတွက် သူမ သက်တံကို ဘယ်လိုရင်ဖွင့်ရမလဲ။ ရင်ဖွင့်ရင်ရော သက်တံက ငြိငြင်မှာလား။ မပြောတာပဲ ကောင်းပါတယ်လေ။ ကိုယ့် ဘာသာပဲ ကြည့်ရှောင်တာ အကောင်းဆုံးပါပဲ။

"လင်းဆစ်"

"ဟင်"

"ပြောလေ"

"နင်ထင်သလို မဟုတ်ပါဘူး သက်တံရယ်…ငါ ကြွက်ပေါက် လေးတွေ့လို့ လန့်သွားတာပါ"

"ဟုတ်လား…ဘယ်မှာတွေ့တာလဲ"

"အဲဒါတွေ မေးမနေပါနဲ့တော့…အခု ငါ ရင်တွေအရမ်းတုန် နေလို့ပါ"

"ဒါဆို ရေသောက်မလား"

"အင်း"

သက်တံ ချက်ချင်းပဲ ထသွားပြီး ရေသန့်ဗူးတစ်ဗူးကို ယူလာခဲ့ ပြီး လင်းဆစ်လက်ထဲသို့ ထည့်ပေးလိုက်၏။ ကြောက်တတ်တဲ့သူနဲ့မှ ကြွက်က ဘယ်မှာတွေ့လာတယ် မသိပါဘူး။ လင်းဆစ် ရင်တွေတုန် နေမှာပေါ့လို့ ရင်ဘတ်ဖိပေးချင်စိတ်ပေါက်သွားပေမယ့် မဖြစ်နိုင်ခြင်း အကြောင်းတရားတွေနဲ့မို့…

"အခုထ ပြေရဲ့လား"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အကြောက်ပြေသွားပြီလားလို့ မေးတာ"

"အင်း…ပြေသွားပါပြီ။ ကျေးဇူးပဲ သက်တံ"

ကျေးဇူးဆိုတဲ့စကားကြောင့် သက်တံ မျက်မှောင်ကြုတ်သွားလေပြီး…

"နင့်စကားက သူစိမ်းဆန်လိုက်တာ"

"ဘာဖြစ်လို့လဲ"

"နင်နဲ့ငါ့ကြားမှာ ကျေးဇူးတင်တယ်ဆိုတဲ့စကား ပြောစရာလိုလို့လား လင်းဆစ်ရဲ့…အဲဒီစကားအတွက် ငါ ဘယ်လိုခံစားရနိုင်လဲ နင် တွေးမိရဲ့လား"

"ကျေးဇူးတင်လို့ တင်တယ်ပြောတာကို ခံစားစရာလား။ နင့်ကို က ပုံကြီးချဲ့တာ"

"ဘာ"

"မဟုတ်လို့လား"

သက်တံ စိတ်ထဲမှာ ခိုးလိုးခုလု ဖြစ်သွားလေ၏။ သူကပဲ ပုံကြီး ချဲ့သတဲ့။ လင်းဆစ်က တကယ်ပဲ သူနဲ့ပတ်သက်ပြီး ဘာကိုမှ အလေး မထားဘူးတဲ့လား။ ကိုယ်ကတော့ သူနဲ့ပတ်သက်လာရင် ဘာမဟုတ် တဲ့ သေးသေးမွှားမွှားကိစ္စကစ အမှတ်ရအလေးထားနေတတ်သူလေ။

ဒါကြောင့်…

ခုလို ပြောလိုက်တာကို မကျေနပ်နိုင်စွာနှင့်…

"နင် ပြောရက်လိုက်တာ လင်းဆစ်ရယ်…သက်တံဆိုတဲ့ကောင်က နင်နဲ့ပတ်သက်လာရင် ဘာမဟုတ်တဲ့ အသေးအမွှားကိစ္စက





အစ အလေးထားခဲ့သူပါဟ…အဲဒါကို နင်က ပုံကြီးချဲ့တယ်လို့ ထင် ဆိုတာလား။ ရပါတယ်…ထင်ပါ။ ငါကတော့ နင်နဲ့သက်ဆိုင် သမျှအရာအားလုံး ပုံကြီးချဲ့နေဦးမှာပဲ။ တစ်သက်လုံး ထာဝရ သေတဲ့ အထိပေါ့။ အဲဒါ ဘာဖြစ်လို့လဲ သိလား"

"ပြောပါဦး…ဘာဖြစ်လို့လဲ"

လင်းဆစ် သက်တံကို ခပ်ငေးငေးလေးကြည့်ပြီး နှုတ်ခမ်းလေး က ပြုံးလာ၏။ လင်းဆစ် ပြောခဲ့ဖူးတယ်လေ။ တစ်လောကလုံးမှာ လင်းဆစ် အားအကိုးဆုံးယောကျ်ားက သက်တံပါလို့။ အခု သက်တံ ကိုယ့်အနားမှာရှိနေတော့ ကြောက်တာတွေလည်းပြယ်၊ ရင်တုန်တာ တွေလည်း ပျောက်သွားပါပြီလေ။

သူ့အတွက်…

အပြုံးတွေသာ ပေးချင်ခဲ့သူမို့…

"ပြောလေ သက်တံရဲ့"

"အသေသတ်…မပြောဘူး"

"အထာကိုင်တာကြည့်"

"မကိုင်ပါဘူး၊ လက်က ဝိုက်ထားတာကို"

"ဇာလည်ကြောင်ပတ်နဲ့…ဟွန်း…မကြိုက်ရင် မကြိုက်ဘူး ပြောဖို့နဲ့ ရပါတယ်။ ကျေးဇူးတင်တယ်လို့ပြောတာကို နင် မကြိုက် ဘူးမို့လား။ နောက် ငါ မပြောမိအောင် ဆင်ခြင်ပါ့မယ်"

"တကယ်လား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြတော့ သက်တံ ကျေနပ်သွားလေ၏။ သူနဲ့ကိုယ့်ကြား သူ့စိမ်းဆန်မှုတွေမပွားရင် ပြီးတာပဲလေ။

"အဲဒါဆို ငါနဲ့ ခဏလိုက်ခဲ့"

"ဘယ်ကိုလဲ"

"ကုံကော်ပင်အောက်ကိုလေ"

"ဘာလုပ်ရအောင်လဲ"

"ပြောစရာရှိလို့…ထ"

လက်ဆွဲခေါ်တော့ လင်းဆက် ပါလာခဲ့၏။ သက်တံခေါ်ရင် ဘယ်တုန်းက ငြင်းဖူးလို့လဲလေ။ ကုံကော်ပင်အောက်ကိုရောက်တော့ သက်တံက ခုံလေးပေါ်မှာရှိနေတဲ့ အမှုန်အမွှားတွေကို ပါးစပ်နှင့် တစ်ဟူးဟူး မှုတ်ကာ ဖယ်ရှားပေးပြီး…

"လာ…ဒီမှာထိုင်"

"နင် ထိုင်ပါ၊ ငါက ငါ့ဘာသာ မှုတ်ပြီး ထိုင်ပါ့မယ်"

"လျှာမရှည်နဲ့…ထိုင်ဖို့ရှိတာထိုင်"

ပြောပြီး သူထိုင်မယ့်နေရာကိုပါ မှုတ်ပြီးထိုင်လိုက်ကာ ကုံကော်ပင်ကို ဘာရယ်မဟုတ် မော့ကြည့်ဖြစ်၏။ ပြီးမှ ပြန်ငုံ့လာတော့ ကြည့်လိုက်တာက လင်းဆက်မျက်နှာလေးကို။

"သက်တံ"

"ဟင်"

"နင်ပဲ ပြောစရာရှိတယ်ဆို…ဘာပြောမှာလဲ ပြောလေ"

"အဟွန်း"





"ဘာရယ်တာလဲ"

"ငါပြောရမယ့်စကားအတွက် ရှက်သလိုလိုကြီးဖြစ်လို့ပါ။ မပြောလို့ကလည်း မဖြစ်ဘူးဟ"

"အံမယ်…သူကပဲ ရှက်ရတယ်ရှိသေး"

မျက်စောင်းက ငွေကနဲရောက်လာတော့ သက်တံ ရင်ထဲမှာ ရင်ခုန်သံတွေက တဒိတ်ဒိတ်။ ဟိုတုန်းက သံယောဇဉ်အဆင့်မှာ ဒီရင်က မခုန်တတ်ခဲ့ပေမယ့် အခု ကိုယ့်ရင်ဘတ်ကိုယ်စမ်းပြီး စိတ်တွေ မရိုးသားတော့ဘူးဆိုတာနှင့် ဒီရင်ခုန်သံတွေက နိုးထလာခဲ့တာပဲလေ။

"တစ်လောကလုံးမှာ နင် အားအကိုးချင်ဆုံးယောကျ်ားက ငါပဲဆိုတာ သေချာလား လင်းဆက်"

"သေချာတာပေါ့"

"ငါကလည်း တစ်လောကလုံး ရှိရှိသမျှ မိန်းမတွေ အများကြီးထဲမှာ နင်တစ်ယောက်တည်း အားကိုးတာကိုပဲ ခံချင်တာဟ။ အဲဒီတော့ နင်နဲ့ငါ တစ်သက်လုံးမခွဲဘဲ အတူနေကြရအောင်လေ…နော်။ ချော်ရှင်စရာမိသားစုဘဝလေးကို တည်ဆောက်ကြတာပေါ့။ တစ်ယောက်အပေါ်တစ်ယောက် နားလည်မှုတွေအပြည့်နဲ့ပေါ့ဟာ"

လင်းဆက် သူ့စကားကို သိတော့သိနေပါတယ်။ ဒါပေမယ့် နားမလည်နိုင်။ စကားက ဆင်ခွေ့ရန့်ရှောင်ပုံစံနဲ့ ရည်းစားစကားလည်း မကျ ဘာမကျဆိုတော့လေ။ ကိုယ်ကပဲ စမေးရတော့မလိုပါလား။ အင်း…သူနဲ့ကိုယ့်ကြားမှာ အမြဲတမ်း ပွင့်လင်းခဲ့တာမို့…



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို ရည်းစားစကားပြောနေတာလား သက်တံ"

"မဟုတ်ပါဘူး"

"ဒါဆို"

"ချစ်ရေးဆိုတာလေ…ချစ်တဲ့အကြောင်းပြောတာ။ နင့်ကို ငါ ချစ်တယ်… လက်ထပ်ချင်တယ်…မင်္ဂလာဆောင်ချင်တယ်… လင်မယားဖြစ်ချင်တယ်"

"သက်တံ"

"ဟင်…ဘာလဲ"

"ထောင်တန်တဲ့စကားရယ်ရင်ပေါ့တဲ့။ နင်ပြောပုံက လေးလေး နက်နက် မရှိဘူး…သိလား"

"ဟုတ်လား…ဒါဆို ဆန်နှစ်အိတ်လောက်ထမ်းပြီး ပစိဖိတ် သမုဒ္ဒရာထဲကို ဆင်းပြောမယ်လေ"

"သက်တံ"

"အား"

မိုက်ခေါက်ကို လိမ်ဆွဲလိုက်တော့ သက်တံ အားကနဲ အော်လေ၏။ ချစ်တဲ့စကားပြောတဲ့နေရာမှာ ရယ်စရာဖောက်နေရင် ခံစားချက် ဘယ်လောက်ပဲပြင်းပြင်း ပေါ့ပျက်ပျက်နိုင်သွားမယ်ဆိုတာ မသိဘူး လား။

"နာတယ်…လွှတ်ပါဟ"

"မလွှတ်ဘူး"

"လွှတ်ပါဆို"





"မလွှတ်ဘူး"

"ကယ်ကြပါဦး…လူယုတ်မာကြီး ငါ့ကို အနုလွှတ်စမ်း၊ သူကြားမကောင်းအောင် အော်လိုက်မှာနော်"

"သက်တံစုတ်"

"အမယ်လေး…သေပါပြီ"

လင်းဆစ် လက်ထဲမှာ ပိုပြီး အားစိုက်လိုက်တာနှင့် သက်တံ မျက်နှာရှုံ့မဲ့ပြီး ကိုယ်ကြီး တွန့်လိမ်နေတော့၏။ ပြောနေတဲ့ကြားက သူကြားမကောင်းအောင် အော်ပြနေသေးတယ်။ သူ့ရင်ထဲမှာ တကယ် သေနက်မှု မရှိဘူးတဲ့လား။ ဒါကိုပဲ လင်းဆစ် စိတ်ထဲမှာတစ်မျိုး ဖြစ်၍ နှုတ်ခမ်းစူကာ…

"ဒီပုံစံနဲ့ပြောလို့ကတော့ နင် တစ်သက်မရဘူးမှတ်"

"ဟာ…လင်းဆစ်"

လင်းဆစ် ထထွက်သွားတော့မှ သက်တံ ပျာပျာသလဲဖြစ်ကာ လက်ကောက်ဝတ်ကို ဖမ်းဆွဲထားပြီး…

"နင်ကလည်း စိတ်ချည်းမဲ့…ငါက စတာကို"

"စတာ…ဟုတ်လား"

"အင်း"

"ကျန့်တဲ့အချိန် ဘယ်လိုပဲစစ ဒီလိုအချိန်မှာ နင် စစရာလားဟဲ့။ အဲဒီလိုလုပ်လို့ကတော့ နင့်စကားကို ငါ လက်မခံရေးချ လက်မခံပဲ"

အဲဒီလိုပြောပေမယ့် သက်တံက အပြုံးမပျက်စွာနှင့်သာ…

"စနောက်ခြင်းရဲ့အဓိပ္ပာယ်ကို နင် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

"မသိရင် မှတ်ထား…စနောက်ခြင်းရဲ့အဓိပ္ပာယ်က ချစ်ခြင်းပဲ။ ချစ်လို့စတာ မုန်းရင် ဘယ်သူက စလို့လဲ။ အခု ငါက နင့်ကို ချစ်တာ[illegible] လေ…နင်ကရော"

သူ့မျက်နှာကို မော့ကြည့်ပြီး သူပြောတာလည်း ဟုတ်ပါလား[illegible] လင်းဆစ် တွေးမိသွားလေ၏။ ချစ်လို့သာ စတာပေါ့။ မုန်းရင် ဒေါသ[illegible] ပဲ ဆက်ဆံကြတာ မဟုတ်ဘူးလား။

"နင် ငါ့ကို ချစ်လား"

ထပ်မေးလေတော့…

"မပြောဘူး"

"ဟာ…လင်းဆစ်"

သူ နောက်ကလိုက်လာမယ်ဆိုတာ သိနေတာကြောင့် လင်း[illegible] သူ့ရှေ့ကနေ ထွက်ပြေးလာခဲ့တာ လုံးဝ လှည့်မကြည့်တော့ပေ။ လှ[illegible] သာ လှည့်မကြည့်တာ နှလုံးသားကတော့ ထားခဲ့ပြီလေ…သက်[illegible] ဆီမှာ။





## အခန်း (၂၀)

"ဗျာ…ဘယ်လို ကိုကိုကြီး"

"မင်းမှာ နားမပါဘူးလား"

သက်တံ မကြားလို့ ထပ်မေးတာ မဟုတ်ပါဘူး။ ကြားလျက်နဲ့ [illegible]ဆုံလို့ ထပ်မေးတာလေ။ သက်တံရဲ့ဘဝရှေ့ရေးအတွက်တဲ့။ ဟုတ်ရဲ့ [illegible]းလို့ သံသယမဝင်ချင်ပေမယ့် မြန်မာ့စားကြီး စီစဉ်ပြီး ဒီလောက် [illegible]ဘောကောင်းတာကိုတော့ ယုံရခက်တယ်လေ။

"ကျွန်တော် ဂျပန်ကို သွားရမယ်…ဟုတ်လား ကိုကိုကြီး"

"ဟုတ်တယ်"

"ကျွန်တော်"



www.burmeseclassic.com

"ဆင်ခြေဆင်လက်တွေနဲ့ မသွားချင်ဘူးလို့တော့ မပြောနဲ့။ ငါက မင်းဘဝရှေ့ရေးအတွက် အာမခံချက်ရအောင် ထမင်းစား လက်မှတ်ပေးတာ။ အဲဒါကိုမှ မယူချင်ဘူးဆိုရင် မင်းဘဝ စုတ်ပြတ် သွားလိမ့်မယ်…နားလည်လား"

စကားလုံးကလည်း ရှင့်သီးလိုက်တာ။ သက်တံကို အဲ လောက်တောင် အထင်သေးသတဲ့လား။ သူပေးတဲ့ ထမင်းစား လက်မှတ်ကိုမယူလည်း သက်တံက ယောကျ်ားပဲလေ။ ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့ သတ္တိတွေ၊ ခွန်အားတွေ ရှိ သားပဲ။

ဒါပေမယ့်…

အစ်ကိုရင်းတစ်ယောက်လို လေးစားခဲ့ရသူမို့ သူ့စကား နားထောင်သင့် နားမထောင်သင့်က စဉ်းစားရဦးမည်လေ။ ဘဝရှေ့ရေး အတွက်ဆိုတာ ဟုတ်သလိုလိုရှိပေမယ့် သွားရမှာက ရေခြားမြေခြား မိသားစုနဲ့ ဝေးကွာရာဒေသကို…။

"ဘယ်လိုလဲ သက်တံ"

"ဗျာ"

"သွားမယ်မဟုတ်လား"

သက်တံ အဖြေရခက်စွာ နှုတ်ဆိတ်နေလေလျှင်…

"ငါက မင်းကို စိတ်ပူပြီး နုတ်ပြည်တင်ပေးတာကို မင်း မြင့်တယ်ထင်ပြီး ခုန်ချချင်တာလား…သက်တံ"

"အဲဒီလိုမဟုတ်ပါဘူး"





"မဟုတ်ရင် မင်း သွားရမယ်"

"သား"

ဦးကောင်းကင် ငြိမ်မနေနိုင်တော့ပေ။ သားက သူဖြစ်ချင်တာ တွေကိုပဲလုပ်နေတာ တစ်ဖက်က အရုပ်ကလေးမှ မဟုတ်ပဲလေ။ သူ ကိုယ်တိုင်က သွားချင်ရင် တော်သေးတာပေါ့။ သွားချင်စိတ်မရှိတာ ကို အတင်းလွှတ်လို့ ဖြစ်မတဲ့လား။ ပြီးတော့ ထားခမျာ ဒီသားလေး တစ်ယောက်ပဲရှိတာ။ ရေခြားမြေခြားအထိ ခွဲခွာပြီး ဘယ်လွှတ်ချင် ပါ့မလဲ။

ကိုယ်တောင်…

သားကို မခွဲနိုင်မခွာရက်လို့ ဒီအရွယ်အထိ ကိုယ့်မျက်စိ ရှေ့မှောက်မှာပဲထားခဲ့တာ။ ထားက မိန်းမသားဆိုတော့ ကိုယ့်ထက် ပိုဆိုးတော့မှာပေါ့။

"သူ မသွားချင်ရင် အတင်းမလွှတ်ပါနဲ့ သားရယ်။ မြန်မာနိုင်ငံ မှာလည်း အလုပ်တွေ အများကြီးပါ။ ရေခြားမြေခြားမှာ သွားရှာလို့ မှ ပိုက်ဆံမဟုတ်ဘူးလေ…သားရဲ့"

"မတူဘူး ဖေဖေ…ဒီမှာ တစ်လရာတဲ့ဝင်ငွေက ဟိုမှာ တစ်ပိုင်းလောက်နဲ့ရတယ်။ ငါ ယောကျ်ားပဲ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်မယ်ဆိုတဲ့ မာနရှိရင်တောင် အရင်းအနှီးမရှိရင် ဘာမှ လုပ်လို့မရဘူး။ အခု သားက စေတနာကို အရင်းခံပြီးပို့ပေးတာ ဘာလို သူ့ဘဝ အခြေမခိုင်ဘူးလေ။ မိန်းမယူရင်တောင် သူများ ထက်ညှိုးထိုးပြီး အပြောခံ အဆိုခံဘဝမျိုးဖြစ်မှာစိုးလို့ သားက သူ့

ရွှေအေသာစာပေ

www.burmeseclassic.com



ဘဝကို မြှင့်တင်ပေးချင်တာပါ။ ဒါကိုမှ လက်မခံဘူးဆိုရင် နေလေ-- ကိုယ့်ကိုယ်ကိုယ် ပတ္တမြားလို့ထင်ပြီး ရေမဆေးချင်ရင် ကျောက်ခဲဘဝနဲ့ပဲ ဘဝအတုံးခံလိုက်ပေါ့"

ဒါ စေတနာအစစ်အမှန် ဟုတ်မဟုတ်ဆိုတာ အမိကပဲ အသိဆုံးပါ။ ဖားတူပြီး ခရုခုန်မှာစိုးတာလား။ သက်တံက ဘယ်တုန်းကမှ သူ့ကို ယှဉ်ပြိုင်ဖို့ ကြိုးစားခဲ့တာမှ မဟုတ်ပဲလေ။ ပြိုင်ဖို့လည်း မဖြစ်နိုင်ပါဘူး။ သူက မိဘဆီကရမယ့် အမွေအနှစ်တောင် နည်းတာမှတ်လို့။

ကိုယ်က...

မေမေ့မျက်နှာနဲ့ အမှီပြုပြီးနေရတာမဟုတ်လား။ ဦးကောင်းကင်က ကိုယ့်အဖေရင်းမှ မဟုတ်တာ။ ဘာမျှော်လင့်စရာရှိလို့လဲ။ မေမေ့အတွက် လင်သေ မယားစားအခွင့်အရေးရှိပေမယ့် မေမေကိုယ်တိုင်က ဒါတွေကို မျှော်လင့်ခဲ့တာမှ မဟုတ်တာ။ သက်တံကို ဘွဲ့တစ်ခုရအောင် ကျောင်းထားပေးတဲ့အတွက်ပဲ သူတို့က ကျေးဇူးရှင်။ သက်တံလည်း အလုပ်တစ်ခုခုလုပ်ဖို့ စိတ်ကူးထားပါတယ်။

ဒါပေမယ့်...

နိုင်ငံရပ်ခြားသွားဖို့တော့ စိတ်ကူးမရှိပါဘူး။ ကိုယ့်နိုင်ငံမှာပဲ အခြေပြုမယ့်အလုပ်တစ်ခု လုပ်ဖို့ပါ။

"သား စေတနာနဲ့ စီစဉ်ပေးတာက ဟုတ်ပါတယ်။ ဒါပေမယ့် သားရယ်...ထားမှာ ဒီသားလေးတစ်ယောက်ပဲရှိတာ။ ပြေးကြည့်ရင် ဒီသားအမိနှစ်ယောက်ပဲ။ တွယ်တာစရာရှိတာဆိုတော့ သွားတဲ့သူကလည်း မသွားချင်၊ လွှတ်တဲ့သူကလည်း ဘယ်လွှတ်ချင်ပါ့မလဲ"

"ကျွတ်"

အမိက စိတ်ပျက်စွာ ကျွတ်ကနဲ လုပ်လိုက်မိ၏။ ဖေဖေ့ကိုလည်း မပြောချင်တော့ပါဘူး။ ဖွင့်ပြောရင် အပြစ်ရှိုးမှာလေ။ မိန်းမမျက်နှာက သားမျက်နှာထက် ပိုကြီးနေတာလေ။

"ဒါဆို သားရဲ့စေတနာက သဲထဲရေသွန်ဖြစ်ပြီပေါ့။ ဘယ်သူကမှ အသိအမှတ်မပြုကြဘူးလား"

ဒေါ်ထားထား သက်ပြင်းချလိုက်ပြီး...

"အန်တီထား အသိအမှတ်ပြုပါတယ်ကွယ်"

"ဟင်"

"စိတ်ချပါ သားရဲ့စေတနာတွေ အလကား မဖြစ်စေရပါဘူး။ သားက ကောင်းမယ်ထင်လို့ စီစဉ်တာကို အန်တီထား လက်ခံပါတယ်"

"ထား"

"မေမေ"

ခင်ပွန်းနဲ့သားကို ဒေါ်ထားထား လက်ကာပြလိုက်၏။ ဘာပဲဖြစ်ဖြစ် အမိက ကြည်ဖြူလို့ သူမတို့သားအမိ ဒီအိမ်မှာ အေးအေးချမ်းချမ်း နေခွင့်ရတာပေါ့။ တစ်ခါတလေ သားကို အပြစ်ဒဏ် ခပ်ပြင်းပြင်းပေးတာတွေကတော့ ချွင်းချက်ပေါ့လေ။ ကျေးဇူးရှင်လို့ အခိုပြုထိုက်သူတွေမို့ အမိကစကားကို နားထောင်ရမှာပေါ့။

အခုလည်း...







www.burmeseclassic.com

www.burmeseclassic.com



သူပြောနေတာတွေက သားဘဝရှေ့ရေးအတွက်ပဲဥစ္စာ။ ဒါကို ကိုယ့်ဘက်က လက်မခံဘူးဆိုရင် အမိက စိတ်မကောင်းဖြစ်သွားမှာ ပေါ့။

ဒါကြောင့်…

သားကို ရင်နာနာနဲ့ပဲ လွှတ်ရတော့မှာပေါ့။

“သားကြီး စီစဉ်ထားတဲ့အတိုင်း ဆက်လုပ်ပါ။ သားငယ်ကို နိုင်ငံခြားသွားဖို့ အန်တီထား ခွင့်ပြုပါတယ်”

“မဟုတ်သေးဘူး…ထား”

“ကို…ဘာမှမပြောပါနဲ့တော့…သားငယ်”

“ဗျာ”

“ဘယ်လိုလဲ…မင်းကိုကိုကြီးစကားကို သား နားထောင်မယ် မဟုတ်လား”

သက်တံမျက်နှာမှာ နေလောင်သရက်သီးလိုဖြစ်သွားပြီး…

“သား…သား…စဉ်းစားပါရစေဦး မေမေ”

“စဉ်းစားနေစရာမလိုဘူး သား…သားကြီး စီစဉ်ထားတဲ့ အတိုင်း မင်း ဂျပန်ကို သွားရမယ်။ ဒါ မေမေ့ရဲ့အမိန့်ပဲ”

အမိန့်တဲ့။ မနာခံရင် တောင်စွယ်နေကွယ်သတ်စေအမိန့်ထုတ် တာ မဟုတ်မေမယ့် ဘယ်နေရာက သေသွားမှန်းမသိအောင် စိတ်ညစ် ရတာတော့ အမှန်ပါ။

အမိက,ကတော့ အောင်နိုင်သူအပြုံးမျိုးနှင့် ကျေနပ်စွာ…





## အခန်း (၂၂)

(မောင်)

မောင်…

ဘယ်လောက်ဝေးဝေး

ရင်မှာနှောင်ဖွဲ့

တစ်ရက်ထက် တစ်ရက်

ပို…ပိုပြီး ချစ်လာတယ် မောင်…။

ထာဝရမခွဲ

မောင့်အနားမှာပဲနေချင်တယ်။

မောင့်ပခုံးထက်မှေးစက်

ဝေးရက်တွေအတွက် အလွမ်းဖြေပါရစေ



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မောင်
နှောင်အခါမှာလည်း
မောင်သာ နှလုံးသားမှာတည်မြဲ
လမ်းမခွဲကြေးနော် မောင်…။

ငယ်ငယ်ကတည်းက ကဗျာတိုတိုထွာထွာတွေ စပ်တတ်သူ ပီပီ လင်းဆစ် သူမ စပ်ထားတဲ့ ကဗျာစာရွက်ကလေးကို လက်ထဲမှာ ကျစ်နေအောင် ဆုပ်ထားမိတာ စာရွက်ကလေးခမျာ မွန်းကျပ်နေရှာ ရှာမည်။ ဒီကဗျာလေးကို စပ်မိတာ သက်တံ ဂျပန်ကို သွားတော့ မယ်ဆိုလို့လေ။

အခု…

နှစ်ယောက်သား ကံ့ကော်ပင်အောက်မှာ ထိုင်နေတာ တိတ်ဆိတ်စွာ။ ဘယ်ကစပြီး ဘာတွေပြောရမှန်းမသိ ဖြစ်နေကြတာ လေ။ ရင်ထဲမှာတော့ စကားတွေက အပြည့်ပေါ့။ နောက်တော့ လင်းဆစ်ကပဲ စ၍…

"သက်တံ"

"ဟင်"

"နင် ဂျပန်ကို တကယ်သွားတော့မှာပေါ့နော်"

သက်တံ သက်ပြင်းချလိုက်ပြီး…

"ငါ့ဆန္ဒ ငါ့သဘောကတော့ နင်နဲ့ဝေးတဲ့နေရာကို မသွားချင် ပါဘူး လင်းဆစ်ရယ်…ဒါပေမယ့် သူတို့အမိန့်၊ သူတို့အာဏာကိုမှ ငါက မလွန်ဆန်နိုင်တာ။ တစ်ခုတော့ ကောင်းပါတယ်။ အဲဒါမှ နင်နဲ့ ငါ လက်ထပ်ပြီးရင် နင့်ကို အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ထားနိုင် မှာလေ။ အဆိုးထဲက အကောင်းပေါ့ဟာ"

သူက အဲဒီအထိ တွေးထားပြီတဲ့လား။ ခွဲရမယ်ဆိုတော့ မျက်ဝန်းမှာ မျက်ရည်စို့စို့နှင့် ရင်ကနင့်နင့်ပါ။ သက်တံက ချစ်တယ် လို့ ဖွင့်ပြောထားပြီး လင်းဆစ်က အဖြေမပေးရသေးဘဲ နှလုံးသားချင်း သိနားလည်ထားတာက သူတို့နှစ်ယောက်သည် ချစ်သူတွေ။

"နင် သွားပြီဆိုတာနဲ့ ငါကတော့ အသက်ရှင်လျက်နဲ့ ဘဝ ဆုံးသလိုဖြစ်မှာတော့ ကျိန်းသေပါတယ်"

"အဲဒီလိုမတွေးနဲ့လေ လင်းဆစ်ရဲ့…လူချင်းဘယ်လောက်ပဲ ဝေးဝေး နင်နဲ့ ငါ့ရဲ့နှလုံးသားနှစ်ခုက ဘယ်သူမှခွဲလို့မရအောင် နီးနေ မှာပါ"

"ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမယ့် ငါ အရမ်းခံစားရတယ် သိလား။ နင် ငါ့အနားမှာ မရှိတော့ဘူးဆိုတဲ့အသိက ငါ့ရင်ထဲမှာ အုတွေ အသည်းတွေ ဆွဲနုတ်ခံလိုက်ရသလိုပဲ"

"ငါက နင့်ထက်ပိုတယ်ဆိုရင် နင် ယုံမလား"

မျက်နှာကို ငုံ့ကြည့်ပြီး မေးလိုက်တော့ လင်းဆစ် ဘယ်လိုမှ မျက်ရည်ကို တားဆီးနိုင်စွမ်းမရှိတော့ပေ။ ချစ်သူနဲ့ဝေးနေရမယ့်ဒုက္ခ က အမြင့်တစ်နေရာကနေ ပြုတ်ကျပြီး နာကျင်တာထက် အဆပေါင်း များစွာသာလိမ့်မည်။ ဒါအပိုပြောတာမဟုတ်ပါဘူး။ ချစ်တတ်သူတိုင်း နားလည်ခံစားတတ်ကြမှာပါ။

သက်တံ…







www.burmeseclassic.com

www.burmeseclassic.com



လင်းဆက် လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်တော့ လက်ထဲမှ စာရွက်ခေါက်ကလေးကို တွေ့လေလျှင် ယူပြီးဖြန့်ဖတ်ကြည့်လိုက်တော့ ကဗျာလေးတစ်ပုဒ်ပါ။ ကဗျာခေါင်းစဉ်လေးက 'မောင်' တဲ့။ ရင်ထဲမှာ စူးကနဲ နင့်ကနဲ ဖြစ်သွားပြီး...

"ဒါ နင့်ရဲ့ခံစားချက်အစစ်အမှန်လား"

"ဟုတ်တယ်၊ နင့်ကို ပေးမလို့ ငါ စပ်ထားတာ"

"ဒါဆို ငါ သိမ်းထားမယ်လေ။ နင့်ကို လွမ်းတဲ့အခါ ဖတ်ရတာပေါ့"

လင်းဆက် ခေါင်းပဲညိတ်ပြနိုင်ရှာ၏။ ကျလာတဲ့မျက်ရည်တွေကို သက်တံ သုတ်မပေးမိပေ။ ချစ်သူနဲ့ခွဲရကာနီးကျတဲ့မျက်ရည်တွေနဲ့ ကျပါစေလေ။

"နင့်မှာ လက်ခံရောရှိရဲ့လား"

"ရှိပါတယ်"

"နင် ငါ့ကို အဲဒီလို တကယ်ခေါ်ပါ့လား"

"ဟင်"

မျက်ရည်တွေ စိုရွှဲနေတဲ့ မျက်နှာလေးက မော့ကြည့်လာပြီး...

"ဘယ်လိုခေါ်ရမှာလဲ"

"မောင်လို့လေ"

"........."

"နင် ငါ့ကို ချစ်တယ်မဟုတ်လား"

"မေးနေစရာလိုသေးလို့လား သက်တံရယ်...ငါ ပြောခဲ့ပြီးပြီပဲ။





တစ်လောကလုံးမှာ ငါ အားအကိုးဆုံး ယောကျ်ားက နင်ပဲလို့။ အားကိုးတယ်ဆိုတာ ချစ်လို့ ယုံကြည်လိုက်ခြင်းပဲလေ"

"လင်းဆက်ရယ်"

သက်တံ...လင်းဆက်ပခုံးလေးကို ဆွဲယူပွေ့ဖက်လိုက်မိ၏။ ဟိုတုန်းကတော့ ချစ်သူမဟုတ်သည့်အတွက် ဒီလို မဖက်ခဲ့ဖူးဘူးလေ။ အခု ချစ်သူဖြစ်ပြီလည်းဆိုရော ခွဲရပေဦးတော့မည်။ ဒါကြောင့် လင်းဆက်ကလည်း မရုန်းမိပါဘူး။ ဝေးကွာခြင်းဆိုတာ လျှာဖျားမှာတင်ပြီး ပြောရတာတောင် ပြောတဲ့သူရဲ့ရင်ထဲမှာ နင့်နေမှာအမှန်ပါ။

"သက်တံ"

"ဟင်"

"ဟိုရောက်ရင် အစစအရာရာ ဂရုစိုက်ပါနော်"

"စိတ်ချပါ လင်းဆက်ရယ်...ငါ့မှာ မျှော်လင့်ချက်တွေ၊ ရည်ရွယ်ချက်တွေ ရှိနေပြီဆိုတော့ ဘာအတွက်ကြောင့်မှ အတိမ်းအစောင်းခံလို့ မဖြစ်ဘူးလေ"

"ငါ နင့်ကို သစ္စာရှိရှိနဲ့ စောင့်နေမယ်"

"အင်း...ငါ နင့်ကို ယုံပါတယ်"

"ကိုကိုကြီးကလည်း ဘာစိတ်ကူးပေါက်ပြီး အဲဒီလို စီစဉ်တယ် မသိပါဘူး။ ငါကတော့လေ မချမ်းသာရင်နေပါစေ...နင့်ကို မလွှတ်ချင်ဘူး"

"အဲဒါတွေထားလိုက်စမ်းပါ"

"ဘယ်မှာထားရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရင်ဘတ်ထဲမှာ ငါ့ကိုချစ်တဲ့အချစ်တွေကို သိမ်းထားပေါ့"

ရင်နင့်နေတာပြေမလားလို့ စကားကို ဖောက်လိုက်ပေမယ့် ပြေနိုင်ပါ့မလားလေ။ အချစ်တွေနဲ့ မူးရူးလောက်အောင် ရင်ထဲမှာ နင့်နေတာ ပြေဆေးလည်း မရှိခဲ့ပါဘူး။

"မောင်လို့ခေါ်သံလေး ကြားချင်တယ်။ မသွားခင် ငါ့နားနဲ့ ဆတ်ဆတ်ကြားပါရစေဟာ…နော်"

လင်းဆစ် ခေါင်းလေးမော့ပြီး…

"မောင်"

"ထပ်ခေါ်ပါဦး"

"မောင်"

"မောင်…လင်းဆစ်ကို အရမ်းချစ်တယ်"

"လင်းဆစ်လည်း မောင်နဲ့ ထပ်တူထပ်မျှပါ မောင်ရယ်"

"တကယ်နော်"

"အင်း"

"လင်းဆစ်ကို မောင် နမ်းချင်တယ်။ မျက်လုံး ခဏမှိတ်ထားပါလားဟင်"

နမ်းတာတောင် ချစ်သူချင်း ခွင့်တောင်းနေရသေးတယ်တဲ့လား။ ဒါတန်ဖိုးထားမြတ်နိုးခြင်းရဲ့ လက္ခဏာလေ။ လင်းဆစ် မျက်လုံးလေးကို အလိုက်တသိ မှိတ်ပေးလိုက်တော့ မျက်ခွံလေးပေါ်မှာ နွေးကနဲ ဖြစ်သွားခြင်းနှင့်အတူ…

မျက်ရည်တွေက ပါးပြင်ပေါ်သို့ ခုန်ပေါက်၍ ဆင်းလာတာ





ညှာမတာ။ နမ်းတဲ့သူရဲ့မျက်ဝန်းမှာလည်း ခပ်စိုစို။ လွမ်းရမယ့်ရက်တွေ မြန်မြန်ကုန်ဆုံးပါစေလေ။

သက်တံ…

ဒီတစ်ခါတော့ မမြင်ရက်တော့ပြီမို့ လင်းဆစ်ပါးပြင်ပေါ်က မျက်ရည်တွေကို သုတ်ပေးလိုက်မိစဉ်…

"မောင်သွားရင် လင်းဆစ်ကို နှုတ်မဆက်ခဲ့ပါနဲ့နော်"

"ဘာဖြစ်လို့လဲ လင်းဆစ်ရဲ့"

"နှုတ်ဆက်တယ်ဆိုတာ ထာဝရခွဲခွာခြင်းအတွက်ပဲ မောင်… မောင်နဲ့လင်းဆစ်က ပြန်ဆုံကြမှာပါ"

သက်တံ ဖြစ်နိုင်ရင် လင်းဆစ်ကိုပါ ခေါ်သွားချင်လိုက်တာ။ ဒါပေမဲ့လေ တစ်နေ့ရေကြည်သောက်ရဖို့အတွက် လောလောဆယ် ရေနောက်ကို ထိုင်ကြည့်နေရဦးမှာပေါ့။

"ကောင်းပါပြီ…မောင် နှုတ်မဆက်ပါဘူး။ လင်းဆစ်လည်း မောင့်ကို ယုံကြည်နေပါနော်။ မောင် လင်းဆစ်အပေါ်မှာ သစ္စာရှိနေမှာပါ"

"လင်းဆစ်လည်း မောင့်ကို ယုံပါတယ်"

ချစ်သူနဲ့ ထာဝရမဟုတ်ပေမယ့် ခဏတာ ကွေကွင်းရခြင်းက လည်း ဒုက္ခတစ်မျိုးပါလား။ သက်တံ ကဗျာစာရွက်ကလေးကို နောက်တစ်ခါ ဖြန့်ပြီး ပြန်ဖတ်လိုက်ကာ…

"(မောင်)ကဗျာလေးကို မောင် သိမ်းထားမှာပါ။ လင်းဆစ်ကို သတိရတိုင်း ပြန်ဖတ်ကြည့်မယ်လေ။ လင်းဆစ်ရဲ့ကိုယ်ပွားလေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်သဘောပါ"

"မောင်နဲ့ဝေးနေတဲ့အချိန်တွေမှာ မောင့်ကို လွမ်းလို့ဆိုပြီး မငိုရဘူးနော်…ကောင်မလေး"

လွမ်းတာတောင် မငိုရဘူးတဲ့လား။ ကွယ်ရာမှာငိုတာ သူမြင်တာမှ မဟုတ်ပဲလေ။ ဒီတော့ သူ့သဘောကျ ခေါင်းညိတ်ရတော့မှာပဲပေါ့။

"နော်…လင်းဆက်"

"အင်းပါ"

"လိမ္မာတယ်…မောင့်ကို အာဘွားပေး"

"ဟင်…ဘာဆိုင်လို့လဲ"

"မဆိုင်လည်းပေးပါ လင်းဆက်ရဲ့။ မောင့်အတွက် လက်ဆောင်လေ"

သူ့မျက်နှာကို ထိုးကပ်ပေးလေတော့ လင်းဆက် နမ်းလိုက်ရတော့၏။ ဘန်နီဖြိုးရဲ့သီချင်းကတော့ အလွမ်းပြေအနမ်းတဲ့။ သူတို့ကတော့ နောင်အချိန်မှာ အလွမ်းဖြေဖို့ အနမ်းတွေပါ။





## အခန်း (၂၃)

နှုတ်မဆက်ကြေးလို့ ပြောထားသဖြင့် လင်းဆက် သက်တံကို နှုတ်မဆက်တော့ပေ။ သူကလည်း နှုတ်မဆက်ပါဘူး။ သွားတော့ ...ပြီလေ။ လှုကြီးတွေကို ကန်တော့နေတဲ့ သက်တံကို နံရံကွယ်...နေ ချောင်းကြည့်ပြီး ကျိတ်ငိုရတဲ့အဖြစ်က မလွယ်ပါလား။ ရင်ထဲ...မှာ ဆူးတွေစူးနေတယ် ချစ်သူရေ…။

သက်တံကတော့…

မိဘတွေကို ကန်တော့ရင်း စိတ်က လင်းဆက် ဘယ်ချောင်ကပ်...ပြီး ငိုနေမလဲတွေးပြီး စိတ်ထဲမှာ ရင်ထဲမှာ ပူလောင်နေသည်။ မိဘ...တွေ ဆုပေးတာကိုလည်း နားထဲမှာ မကြားတစ်ချက် ကြားတစ်ချက်...။ သူတို့အဖြစ်က အချစ်ဓာတ်လမ်းလေး စရုံပဲရှိသေး အလွမ်း...တွေ စေ့စေ့ဆာဆာနဲ့ ထွက်ခွာသွားရမှာ ဘယ်လောက်ကြေကွဲစရာ...ကောင်းလိုက်ပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



"သား"

"........."

"သား"

"ဗျာ"

"သားကိုကိုကြီး စောင့်နေတယ်…သွားတော့လေ"

သွားတော့လို့သာ ပြောရတယ်။ ဒေါ်ထားထားမှာလည်း မျက်ရည်စက်လက်နှင့်ပါ။ တစ်ခါမှ မခွဲဖူးတော့ ကိုယ့်သား ဘယ်ခွဲချင်ပါ့မလဲလေ။

ဒါပေမယ့်…

မလွှတ်ပြန်ရင်လည်း အဓိကစေတနာတွေကို စော်ကား ဖြစ်မှာစိုးလို့ပါ။ အဓိကကလည်း စီစဉ်လိုက်တာ ဆိုင်းမဆင့်ဘုံ လေ။ ပြင်ဆင်ချိန်၊ ခံ့ဖြတ်ချိန်တောင်မရဘဲ သွားရမယ်အချိန် ဘယ်လိုလုပ်ရမလဲ။

"ဒါဆို သား သွားတော့မယ် မေမေ"

"အေး…အေး"

"ဦးကောင်း"

"ဟေ"

"ကျွန်တော် သွားတော့မယ်နော်"

"ကောင်းပါပြီကွာ"

သက်တံ ထရပ်လိုက်တာနှင့် ဦးကောင်းကင်နှင့်ဒေါ်ထား ထရပ်ပြီး ကားနားအထိ လိုက်ပို့ပြင်ကြလေ၏။ မျက်လုံးနှင့် သ





လင်းဆစ်ကို ရှာနေပေမယ့် မတွေ့ရပေ။ ဘယ်ချောင်မှာ ကပ်ပြီးငိုနေ ပြီလဲ။

နေခဲ့တော့ ချစ်သူ…

ဘယ်လောက်ပဲဝေးဝေး တစ်နေ့တော့ ပြန်ဆုံကြမှာပါ။ နှလုံး သားနှစ်ခုကို ယှဉ်တွဲသော့ခတ်လိုက်ပြီဖြစ်တဲ့အတွက် လူချင်းဝေးပေ မယ့် နှလုံးသားချင်း စိတ်ချင်းကတော့ နီးလျက်ပါလေ။

"မေမေ"

"ပြောလေ…သား"

"သားမရှိတဲ့အချိန်မှာ လင်းဆစ်ကို အရင်ကထက် ပိုပြီး ဂရုစိုက် ပါ မေမေရယ်…သူ အားငယ်နေမှာစိုးလို့ပါ"

"စိတ်ချပါ သားရယ်"

ပြောလိုက်တဲ့အသံက တုန်တုန်ယင်ယင်။ သားနဲ့ ခွဲခွာရမယ့် ခေင်တစ်ယောက်ရဲ့ရင်ထဲမှာ ပျော်နေနိုင်ပါ့မလားလေ။

"သက်တံ…လာလေကွာ"

"ဟုတ်…လာပြီ ကိုကိုကြီး"

"သား"

"ဗျာ"

သက်တံမှာ ဟိုဘက်လည်းပြောရ၊ ဒီဘက်လည်း ပြန်လှည့် ကြည့်ရနှင့်ပါ။

"ဟိုရောက်ရင် ကျန်းမာရေးကို ဂရုစိုက်နော်"

"ဟုတ်ကဲ့ပါ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားတရားကိုလည်း မမေ့နဲ့၊ ကြားလား"

"မေမေ သားအတွက်စိတ်ချပါ"

"ကဲ…ဒီနေ့ သွားဖြစ်ပါဦးမလား"

"လာပါပြီ"

အခိက စိတ်မရှည်သံနှင့်အော်လေတော့ သက်တံ ပျာပျာသလဲ သွားရတော့၏။ ငယ်နိုင်မို့ ကြောက်နေရသေးတာ ဆန်းတော့မဆန်းပေ။ ဒါ သက်တံ ပျော့ညံ့တာမဟုတ်ပါဘူး။ ထောက်ထားစရာတွေ ရှိလို့ ထောက်ထားနေတာပါ။

ကားပေါ်ကိုရောက်တော့…

"မေမေ…သား သွားပြီ၊ ဦးကောင်း ကျွန်တော် သွားပြီ"

နှုတ်မဆက်ချင်လို့ လက်မပြခဲ့တဲ့လက်က ကျစ်နေအောင် ဆုပ်ထားမိ၏။ ဟူက ထွက်ခွာလာရပြီ။ စိတ်ကတော့ ကျန်ရစ်ခဲ့သည် လေ။

အလွမ်းတွေက
စမ်းရေထဲ မျှောလို့ရတဲ့
ယန်းတွေမဟုတ်ဘူး ချစ်သူ…။
ရင်ကို နွမ်းလျ
စမ်းမရတဲ့ ဝေဒနာတွေနဲ့
ငါ…
ဟိုးအဝေးကို ထွက်သွားရပြီပေါ့။





## အခန်း (၂၄)

ဝရန်တာကနေ ကုံကော်ပင်ကြီးကို လှမ်းကြည့်ရင်း အခိက ကျေနပ်စွာ ပြုံးလိုက်မိ၏။ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးလေ။ သူ လင်းဆစ်အပေါ် စိတ်ပြောင်းပြီး ချစ်မိသွားခဲ့ပြီ။ အဲဒီလို ချစ်မိခြင်းအတွက် လင်းဆစ်ဘေးက အမှိုက်ကောင်ကို ရှင်းထုတ်ပစ်လိုက်ပုံဟာ မပီပြင်ဘူးလား။

ကိုယ့်ငွေကို အရင်းစိုက်ပြီး အကြောင်းမဲ့ ဒီကောင့်အပေါ် အတနှာထားဖို့များ ဝေးသေးပေါ့။ အခုက လင်းဆစ်ကြောင့် ရင်းနှီးခိုက်တာပါ။ အစက သတိမထားမိခဲ့ပေမယ့် သူငယ်ချင်းတွေ မီးထိုးချိန်လို့ သတိထားကြည့်မိရင်းကနေ လင်းဆစ်ကို စိတ်ဝင်စားလာ ချစ်မိသွားပြီဆိုတော့…

www.burmeseclassic.com



လင်းဆက်အနားမှာ ကိုယ်ကလွဲပြီး ဘယ်သူ့ကိုမှ ရှိမနေစေချင်။ ဒါကြောင့် သက်တံကို ရှင်းထုတ်လိုက်တာလေ။ သူပြန်မလာခင် ဒီမှာ ကိုယ်နဲ့လင်းဆက်က ညားကြလေသတည်းဖြစ်အောင် လုပ်ရမှာ။ အဲဒီ အတွက် မတရားဘူးဆိုရင်လည်း မတတ်နိုင်။ လောကမှာ အဓိက ငဲ့ညှာထောက်ထားရမယ့်သူ ဘယ်သူရှိလို့လဲ။ ကိုယ့်အပေါ်လည်း ငဲ့မယ့်သူ မရှိတော့ ကိုယ်လည်း မငဲ့နိုင်ပါဘူး။

"သား"

"ဟင်"

နောက်ကခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့…

"ဖေဖေ"

"ဒီနေ့ရော ဘယ်မှမသွားဘူးလား"

"မသွားပါဘူး"

"ဖေဖေ့သား ခုတလော အားလပ်ချိန်တွေမှာ အပြင်မထွက်ဘူး နော်… ထူးဆန်းနေသလိုပဲ။ အရင်ကဆို အလုပ်နားတဲ့ရက်တွေမှာ တောင် အိမ်မကပ်ဘူး။ လင်ဗန်းဖင်ဆီစွတ်ပြီး ဆုပ်တာမှ ကိုင်လို့ မိချင်မိဦးမယ်။ သားကို ဖမ်းလို့မိခဲ့တာမှ မဟုတ်တာ။ အခု အိမ်ကပ် နေတယ်ဆိုတော့…အဟွန်း"

"ဖေဖေက ဘယ်လိုထင်လို့လဲ"

"မထင်တတ်လို့ မေးနေတာပေါ့ကွ"

"ပြောပြရမှာလား"

"ပြောပေါ့ကွ…ကြားချင်လို့ မေးနေတာကို"





အဓိက အပြုံးမျက်နှာနှင့် ဖေဖေ့ဘက်သို့ လှည့်ရပ်လိုက်၏။ နောက်မှပြောလည်းပြောတာ၊ အခုပြောလည်းပြောတာမို့ အခုပဲ ပြောလိုက်တော့မယ်လေ။

"သား…အိမ်ထောင်ပြုတော့မယ် ဖေဖေ"

"ဟေ"

ဘယ်တုန်းကမှ အိမ်ထောင်ပြုဖို့ တိုက်တွန်းလို့မရတဲ့ သားက အခု အိမ်ထောင်ပြုမယ်ဆိုတော့ ဦးကောင်းကင် မအံ့သြဘဲနေပါ့ မလား။

"သား…အိမ်ထောင်ပြုတော့မယ်…ဟုတ်လား…သား"

"ဟုတ်တယ်လေ…ဘာလဲ…ဖေဖေ အရမ်းအံ့သြသွားတယ် မဟုတ်လား"

"အံ့သြတာပေါ့ သားရာ…ဖေဖေ ကိုယ့်နားတောင် ကိုယ် မယုံချင်ဘူး"

"ယုံလိုက်ပါ…သား တကယ်ပြောတာ"

"အေး…တကယ်ဆိုရင် ဖေဖေကတော့ ဝမ်းသာတယ် သား… ပြောပါဦး…ဘယ်ကမိန်းကလေးလဲ။ ဘယ်လိုပုံစံမျိုးလဲ။ ဖေဖေ ဘယ်တော့လိုက်တောင်းပေးရမလဲ"

"လဲတွေက များလှချေလား ဖေဖေရဲ့"

"ဖေဖေက သိချင်ဇောနဲ့ စိတ်လောသွားတာပါ သားရ"

ပခုံးကို ပုတ်ပြီး ပြောလိုက်တော့ အဓိက၏ ရယ်ခဲသော နှုတ်ခမ်းက ရယ်ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"စေးစေးသွားမကောင်းရပါဘူး ဖေဖေရဲ့"

"ဟော"

"သူက ဖေဖေတို့နဲ့ အနီးဆုံးမှာပဲရှိနေတာ"

ဦးကောင်းကင် တွေကနဲ ဖြစ်သွားလေ၏။ ဖေဖေတို့နဲ့ အနီးဆုံးမှာဆိုတော့ ကိုယ့်မိတ်ဆွေတွေထဲက ဘယ်သူ့သမီးများလဲ။ ကိုယ့်လုပ်ငန်းနဲ့ ပတ်သက်ယှက်နွယ်မှုရှိနေတဲ့သူတွေလား…စဉ်းစားရတာ စဉ်းစားလို့မရပေ။

"သား"

"……………"

"မင်း…ဒွဲပဲပြောကွာ"

"ဒွဲပြောရမယ်"

"အေးလေ"

"ကျွန်တော် လက်ထပ်ချင်တာ လင်းဆစ်"

"ဘာ…ဘယ်လို"

အံ့သြသည်ဆိုတာထက် ဦးကောင်းကင် ပို၍ အံ့သြသွားရ၏။ ဟုတ်ပါ့မလား…အိပ်မက်လားလို့တောင် ကိုယ့်ကိုယ်ကိုယ် လိမ်ချွဲကြည့်ချင်စိတ်ပေါက်သွားသည်။ သားက လင်းဆစ်ကို လက်ထပ်ချင်သတဲ့လား။ ဟုတ်မှဟုတ်သေးရဲ့လား။

"ဟုတ်ရဲ့လား သားရယ်"

"ဖေဖေက မယုံဘူးလား"

"ဘယ်လိုမှကို မယုံနိုင်တာ"





"မယုံမရှိနဲ့ ဖေဖေ…သား တကယ်ပြောနေတာ။ လင်းဆစ်ကို ကျွန်တော် ချစ်တယ်၊ လက်ထပ်ချင်တယ်။ အဲဒါကြောင့် ဖေဖေ အမြန်ဆုံး စီစဉ်ပေးပါ"

ဦးကောင်းကင် ဘုရားသာ တ,လိုက်ချင်တော့၏။ ကိုယ့်ကိုတောင် အမိန့်ပေးပြီး ခိုင်းနေသလိုပါလား။ ကိုယ့်သားက ဒါဆိုဒါသမားဆိုတာ သိပေမယ့် လင်းဆစ်က လက်ခံဦးမှဖြစ်မှာလေ။

"အလောတကြီးပါလား သားရယ်"

"ခပ်လောလောပဲ ဖေဖေ…သား လင်းဆစ်ကို သူများနောက် အပါမခံနိုင်ဘူး။ အဲဒါကြောင့်ပဲ ဟိုကောင့်ကို ရှင်းထုတ်ပစ်လိုက်တာ"

"ဟင်"

"သူတို့နှစ်ယောက် တရင်းတနှီးနေတာကို သား မကြိုက်ဘူး။ အဲဒါကြောင့် ခွဲထုတ်လိုက်တာပါ"

"မင်းကွာ"

"ဘာဖြစ်လို့လဲ ဖေဖေ"

"ကျွတ်"

ဆက်မပြောချင်တော့တာကြောင့် ဦးကောင်းကင် ခေါင်းသာခါလိုက်မိတော့၏။ သက်တံနဲ့လင်းဆစ် သံယောဇဉ်က သေးသေးကွေးကွေးမှမဟုတ်တာ မြင်နေကြားနေရတာ သိတာပေါ့။ ဒါကို အတင်းဖြတ်တောက်ပစ်ရမယ်တဲ့လား။ ဘယ်လိုလုပ်ပြီးရနိုင်မှာလဲ။ ကိုယ့်သားခိုင်းပြီး ကိုယ့်သားဘက်က မတရားရပ်တည်ပေးရမလား။

"သူများချစ်ခြင်းကို မခွဲကောင်းပါဘူး သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ သား မသိဘူး ဖေဖေ…သားက လိုချင်တာကို ရအောင်ယူတတ်တယ်။ ဖေဖေတို့ စီစဉ်မပေးနိုင်ဘူးဆိုလည်း ရပါတယ်။ သား ကိုယ့်နည်းကိုယ့်ဟန်နဲ့ လင်းဆစ်ကိုရအောင် ယူမယ်။ အဲဒါ သားရဲ့ဆုံးဖြတ်ချက်ပဲ"

"သား"

ဒီကောင်က ဖွတ်တရွတ်သမားဆိုတော့ ဦးကောင်းကင် ဘယ်လို ပြောရမှန်းပင် မသိတော့ပေ။ မတရားမှန်းသိသိနဲ့ သူ့ဆန္ဒကိုပဲ ဖြည့်ဆည်းပေးလိုက်ရမလား။ မဟုတ်ရင် မဖြစ်သင့်တာတွေဖြစ်ကုန်မှာ စိုးလို့ပါ။

"စဉ်းစားပါဦး သားရယ်…လင်းဆစ်က မင်းကို ချစ်လာနိုင်ပါ့မလား"

"သူချစ်တာ တုံ့ပြန်ဖို့မလိုပါဘူး။ သားဘက်က ချစ်လို့ မစွန့်လွှတ်ရရင်ရပြီ"

ပြောလေကဲလေ မန်းလေပြဲလေပဲမို့…

"ကောင်းပြီလေ…ဖေဖေ လင်းဆစ်ကို ပြောကြည့်ပါ့မယ်"

"ပြောကြည့်ရုံနဲ့ မရဘူးလေ…ရမှကိုဖြစ်မှာ"

ကိုယ့်သားက ရာမ မဟုတ်တဲ့ ဒသတော့ ဖြစ်နေပြီ။ ဟူး…ရင်လေးလိုက်တာ။





## အခန်း (၂၅)

"ရှင်…ဘယ်လို…ကို"

လင်းဆစ်ကို သားက ဒီလို ဒီအကြောင်းရှိပါတယ်လို့ ပြောလိုက်တာနှင့် ထားပုံစံက တုန်လှုပ်သွားတဲ့ပုံပါ။ မပြောလို့ကလည်း မဖြစ်ဘူးလေ။ သက်တံနဲ့လင်းဆစ် သံယောဇဉ်ကို ကိုယ်တွေထက် ထားက ပိုသိနေတာဆိုတော့ စိတ်တွေလှုပ်ရှားသွားမှာပေါ့။ ကိုယ်က ကိုယ့်သားအတွက် အတ္တရှိသလို သူလည်း သူ့သားအတွက် အတ္တရှိနေမှာပါ။

ဒါပေမယ့်…

ထားက သဘောထားပြည့်ဝတဲ့ မိန်းမလေ။ ဒါကို အနိုင်ယူသလိုဖြစ်ရင် တောင်းပန်ပါတယ် ထားရယ်။ အဲဒီအတွက် ကို အစစ်နည်းနည်းနဲ့ ပြန်ပြီးပေးဆပ်ပါ့မယ်။ ကို့ကို နားလည်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ထား…သားက လင်းဆစ်ကို မေတ္တာရှိလို့ လက်ထပ်ချင်တယ်တဲ့။ ဒီကောင်က ဖွတ်တရွတ်သမားဆိုတော့ ကိုယ်တို့စီစဉ်မပေးရင် သူ့သဘောနဲ့သူ လုပ်ချင်ရာလုပ်တော့မှာ ကို သိနေတယ်။ ဒီကောင်က အသက်သာ သုံးဆယ်ကျော်တာ။ အခုထိ လိုချင်တာကိုရအောင် ယူတတ်တဲ့ ကလေးဆန်ဆန်အကျင့်က ပျောက်သေးတာမဟုတ်ဘူး"

"ဪ"

စကားကို ပိတ်ပြီးချုပ်ပြီး ပြောသွားတာ ဒေါ်ထားထား ဘာပြောရတော့မလဲ။ ကိုယ့်သားလေးနဲ့ လင်းဆစ်က သံယောဇဉ် သိပ်ကြီးကြတာ။ သူမ အသိဆုံးပဲလေ။ ဒါကို ငယ်သံယောဇဉ်ကြိုးကြားမှာ ဓားက ဖျက်လို့ပျက်မည် ဖြတ်မည်မထင်။

ဒီကြိုးကိုဖြတ်ပြီး အခြားကြိုးနဲ့ ဆက်ထုံးလို့ ခိုင်ပါ့မလား။

"မဪနဲ့လေ ထားရဲ့…တစ်ခုခုတော့ ပြန်ပြောဦးမှပေါ့"

"ထားက ဘာပြောရမှာလဲ"

"တစ်ခုခုပေါ့"

"ထားမှာ ပြောစရာမရှိပါဘူး ကိုရယ်"

"ထားရယ်…ထား ဘာလို့ အဲဒီလောက် မျိုသိပ်နိုင်ရတာလဲ"

"ထားတို့သားအမိဘဝကို လူတန်းစေ့ထားပေးတဲ့ ကျေးဇူးအတွက် ထား ကျေနပ်ပါတယ်။ အဲဒါကြောင့် ကိုတို့သားအဖ ဘာပဲလုပ်လုပ် ထား အကောင်းမြင်ဝါဒနဲ့ ခွင့်လွှတ်နားလည်ပေးနိုင်ပါတယ်"





"ထားရယ်"

နားလည်ခွင့်လွှတ်ပေးခြင်းရဲ့နောက်မှာ ထား ရင်ထဲတစ်ခုခုတော့ ထိရှနေမှာပါ။ ဘယ်သူမဆို ကိုယ့်သွေးကိုယ် သိကြမှာပေါ့။ အခု သက်တံဘက်ကနေ သူ စဉ်းစားမပေးတာ ကျေးဇူးတရားအတွက်ကြောင့်လား။ ထားတို့သားအမိကို သနားလိုက်တာ။

ဒါပေမယ့်…

သားကလည်း နောက်ဆုတ်မှာမဟုတ်လေတော့…

"ကို…အတ္တကြီးသလို ဖြစ်နေမှာပါ"

"ဘာကိုလဲ…ကို"

"သားနဲ့လင်းဆစ်ကိစ္စအတွက် ကိုက စီစဉ်ပေးရမှာဆိုတော့လေ"

"ကိုကို ထား နားလည်တယ်လို့ ပြောပြီးပြီပဲ ကို…ထားတို့သားအမိအတွက် ထည့်မစဉ်းစားပါနဲ့။ ဒီကိစ္စအတွက် သားလည်း နားလည်ပေးနိုင်မှာပါ"

"အဲဒီလိုနားလည်မှုတွေကြောင့်ပဲ ကိုယ် စိတ်မလုံဖြစ်နေရတာပေါ့။ တကယ်ဆို ထားလည်း သက်တံအတွက်"

"မိခင်တစ်ယောက်အနေနဲ့ စိတ်မကောင်းတော့ ဖြစ်ရတာပေါ့ ကို…ဒါပေမယ့် ကို အမိကကို တားဆီးလို့ရနိုင်မှာမှ မဟုတ်တာ။ ထား သိတယ်…အမိက,က ဖွတ်တရွတ်ဖြစ်ချင်တာကို ဖြစ်အောင် လုပ်မယ်ဆိုတာကိုလေ"

ဦးကောင်းကင် သက်ပြင်းချလိုက်မိ၏။ ဒီအရေးက နှင့်ပြည်



www.burmeseclassic.com

www.burmeseclassic.com



ထောင် ရှစ်ခင်းကြတာမဟုတ်ပေမယ့် ကိုယ့်ရင်ထဲတော့ လေးနေတာပဲလေ။ မယားနဲ့သားကြား ဗျာများနေတာ ထားကတော့ နားလည်မှုအပြည့်အဝနှင့် အရာရာ အလျှော့ပေးခဲ့သူ။

အဲဒီလို အလျှော့ပေးလေ...

သူက ထားကို သနားလေပါပဲ။ ပတ္တမြားခင်နဲ့တုန်းက သူ စိတ်ဆင်းရဲခဲ့ရသလောက် ထားနဲ့မှာ သူ စိတ်ချမ်းသာမှုအပြည့်အ ရခဲ့သည်လေ။ အိမ်ထောင်ရေးဆိုတာ တစ်ဦးနဲ့တစ်ဦး နားလည်မှုတွေ တည်ဆောက်မှ ခိုင်မြဲတာမဟုတ်လား။ ပြီးတော့ အချစ်ပါမှသာ တာ။

"အဲဒါတော့ ဟုတ်တယ် ထား...သားက တားလို့ရမှာမဟုတ်ဘူး။ ကို ရင်လေးတယ်ကွာ...လင်းဆစ်ဘက်က သားကို ကြော လို့ လက်ထပ်ချင် လက်ထပ်လိမ့်မယ်။ ဒါပေမယ့် ချစ်လာမှာမဟုတ်ဘူးဆိုတာ ကို သိနေတယ်။ အဲဒါကြောင့်..."

"ဒါကတော့ ကိုရယ်"

"အရာရာပြည့်စုံတွက်မနေနဲ့ ထား...လူတိုင်းက ထား မျိုး မွေးနိုင်မှာမှမဟုတ်တာ"

"လင်းဆစ်က ထားစိတ်ထားမျိုးနဲ့ မိန်းကလေးပါ"

"စိတ်ထားချင်းတူပေမယ့် အခြေအနေက မတူဘူးလေ။ ထား ကို့ကြားမှာက အချစ်ရှိတယ်လေ။ သူတို့ကြားမှာက အချစ်မှမရှိတာ"

"သားကြီးက ချစ်တယ်မို့လား။ သူ လင်းဆစ်အပေါ် သည်း ရင် တစ်နေ့နေ့တော့ တုံ့ပြန်လာမှာပါ"





"သက်တံ့နဲ့က နှစ်ဦးနှစ်ဖက် ချစ်ကြတာလေ။ ထား ဘာလို့ သက်တံ့အတွက် စဉ်းစားမပေးတာလဲ"

ဒီစကားကြောင့် ဒေါ်ထားထားရင်ထဲမှာ ပူလောင်မှုတွေ ပြင်းပြသွားလေ၏။ သားအတွက် သူမ ဘာတွေစဉ်းစားပေးရမှာလဲ။ ကိုယ့်စကားကို အမြဲနားထောင်တဲ့သားမို့ ပြောရင်ရမှာပါ။ သားအပေါ် စေတနာမှန်းသိပေမယ့် နှလုံးသားကို ပေးဆပ်ပြီး ကျေးဇူးမဆပ်ရင် အခြားနည်းလမ်းနဲ့ ဆပ်နိုင်မှာမှ မဟုတ်ပဲလေ။

မေမေ့ကို ခွင့်လွှတ်ပါ သားရယ်...

ဒီကိစ္စအတွက် သားလေး ဘယ်လောက်ကြေကွဲခံစားနေရမယ်ဆိုတာကို မေမေ သိပါတယ်။

ဒါပေမယ့်...

နွမ်းနစ်နေတဲ့ဘဝကို ရေဆေးပြီး ခေါင်းမှာပန်တဲ့ ကျေးဇူးတရားအတွက် သူတို့ခေါင်းမှာ မိုးစိုလို့ အမိုးလိုတဲ့အခါမှာလည်း ကိုယ်က အရွက်နဲ့ပြန်ပြီး အုပ်မိုးပေးတယ်လို့ သဘောထားပေးပါ။

"ဦးဦး"

"ဟင်"

"စောစောက ဦးဦး သမီးကိုခေါ်ထားလို့"

"အေး...သမီး...လာ...ထိုင်ဦး"

"ဟုတ်"

လင်းဆစ် လူကြီးတွေရှေ့မှာ ခပ်ရိုရိုလေး ဝင်ထိုင်လိုက်၏။ သက်တံ့လို သူမကိုလည်း အပြင်ထွက်အလုပ်လုပ်ဖို့များ ပြောဦးမလား



www.burmeseclassic.com

www.burmeseclassic.com



လို့ သူမ ထင်ထားပေမယ့်…

"သမီး"

"ရှင်"

ဦးကောင်းကင် သက်ပြင်းချလိုက်ပြီး…

"မပြောမပြီး မတီးမပြည်ဆိုသလို သမီးကို ပြောစရာရှိလို့ ဦးဦး ခေါ်လိုက်တာပါ"

"ဟုတ်ကဲ့…ပြောပါ ဦးဦး"

"အင်း…သမီးကညာ အခါမလင့်စေနဲ့ဆိုသလို သမီးလည်း ကျောင်းတောင်ပြီးပြီဆိုတော့ အိမ်ထောင်ပြုရမယ့်အရွယ် ရောက်နေပြီ လေ။ အဲဒါကြောင့် သမီးရဲ့အိမ်ထောင်ရေးကိစ္စကို ဦးဦးက ပြောချင် တာပါ"

"ရှင်"

"သမီး အံ့သြမယ်ဆိုတာ ဦးဦး သိပါတယ်။ ဦးဦး လိုရင်း တိုရှင်းပဲ ပြောတော့မယ် သမီးရယ်။ သမီးရဲ့ကိုကိုကြီးက ဦးဦးကို ပူဆာနေလို့ပါ။ သမီးကို သူ မေတ္တာရှိလို့ လက်ထပ်ပါရစေတဲ့"

လင်းဆစ်ကိုယ်လေး တောင့်ကနဲ ဖြစ်သွားလေသည်။ ကိုကိုကြီး က လင်းဆစ်ကို မေတ္တာရှိနေလို့ဆိုပါလား။ ဟုတ်ရောဟုတ်ရဲ့လား။ အမြဲတမ်း ကြည့်မရဖြစ်ပြီး ဒီလောက် ဆူပူကြိမ်းမောင်းနေခဲ့တာကို ပြီးတော့ လင်းဆစ်ကို ချစ်တယ်လို့ ကိုယ်တိုင် တစ်ခွန်းတစ်ပါဒမှ မပြောဘဲ လက်ထပ်ချင်တယ်တဲ့လား။

ကြားလိုက်ရတဲ့စကားကြောင့် လင်းဆစ်ရင်ထဲမှာ မယုံကြည်နိုင်





ခြင်းများနှင့် သက်တံကိုလည်း သတိရမိသွားလေသည်။

"သမီးဘက်က လက်ခံချင်မှာ မဟုတ်ဘူးဆိုတာ ဦးဦး သိပါ တယ်။ ဒါပေမယ့် သမီးရယ်…ဦးဦးမျက်နှာကို ထောက်ထားပြီး"

စကားကို ဆက်မပြောဘဲ ဖြတ်ထားပေမယ့် ကျေးဇူးတရားဆိုတဲ့ စကားလုံးကြီးက ကိုယ့်ရင်ဘတ်ကို အားရှိပါးရှိ ထုချလိုက်သလိုပါပဲ။

"သား ဖွတ်တရွတ်ဆန်တတ်တာကို သမီး သိပါတယ်။ ဒါ ကြောင့် သမီးကို အေးအေးဆေးဆေးပဲ လက်ခံစေချင်တယ်။ နောက်ကြာ မဖြစ်သင့်တာတွေ ဖြစ်ကုန်ရင် မကောင်းဘူးလေ။ သမီးကို ဦးဦး တောင်းပန်တာပါ"

လင်းဆစ် နှလုံးခေါင်းထဲမှာ မွန်းစပ်စပ်ကြီးဖြစ်လာပြီး ချက်ချင်းပဲ မျက်ရည်က စို့တက်လာလေလျှင်…

ဒေါ်ထားထား…

လင်းဆစ်မျက်ရည်တွေကို မကြည့်ရက်သလို သူမကိုယ်တိုင် လည်း မျက်ရည်မနိုင်တော့ပြီမို့ ထထွက်လာခဲ့တော့၏။ ဒါကို ဦးကောင်းကင်ကလည်း သိတတ်စွာနှင့် မတားပေ။

"သမီး"

"………"

"ဦးဦး ဒီလိုတောင်းဆိုလို့ သမီးတို့အပေါ် မတရားမှန်းသိပါ သော်လျှယ်…ဒါပေမယ့် ဒီကိစ္စကို သမီး လက်ခံပေးပါနော်"

သမီးတို့တဲ့။ သက်တံကိုပါ ပြောတာလား။ ဟုတ်မှာပါ။ သက်တံနဲ့ လင်းဆစ်ရဲ့သံယောဇဉ်ကို သူတို့ မသိကြတာမှ မဟုတ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လေ။ သိသိနဲ့ တောင်းဆိုတာ။ မတရားမှန်းသိပေမယ့် အပြစ်လည်း မတင်ချင်။

တောင်းဆိုရက်လိုက်တာ…

သက်တံ…ငါ ဘယ်လိုဖြေရမလဲ သက်တံရယ်။

"သမီး လက်ခံမယ်လို့ ဦးဦး ထင်ပါတယ်"

"ဦးဦး"

"ပြောလေ သမီး"

"လင်းဆစ်မှာ ရွေးချယ်ခွင့်၊ စဉ်းစားခွင့် မရှိတော့ဘူးလား ဦးဦးရယ်"

"ခက်တယ်…သမီးရယ်"

"ဦးဦးလည်း သိမှာပါ…သမီး ကိုကိုကြီးကို ရှိသေလေးစား ပါတယ်။ ကိုယ့်အစ်ကိုကြီးလိုလည်း ကြောက်ခဲ့တယ်။ ချစ်ဖို့ဆိုတာ တော့ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်လို့ပါ"

"ဦးဦး နားလည်ပါတယ်"

"နားလည်ပါတယ်ဆိုရင် အဲဒီကိစ္စအတွက် အတင်းမတိုက်တွန်း ပါနဲ့လား ဦးဦးရယ်။ လင်းဆစ် ဦးဦးတို့ကျေးဇူးကို အခြားနည်းလမ်း ပဲ အရိုးကြေကြေ အရေစုတ်စုတ် လုပ်ကျွေးပြုစုပါရစေနော်"

"ခက်တယ် သမီးရယ်"

"မခက်ပါနဲ့ ဦးဦးရယ်…သမီးရင်ထဲမှာက"

"သက်တံပဲရှိနေတာမဟုတ်လား…သူတို့နှစ်ယောက်စလုံး ရင်ထဲမှာက သမီး ရှိနေတယ်။ ဒါပေမယ့် သားစိတ်ကို ဦးဦး





အသိဆုံးပေါ့။ သူ့ကို သမီးက လက်မထပ်နိုင်ဘူးလို့ ငြင်းလိုက်ရင် စိတ်ထင်ရာတွေ လျှောက်လုပ်မှာစိုးလို့ပါ။ ခုပဲကြည့်လေ"

ဘာကိုကြည့်ရမှာလဲ။ လင်းဆစ် ခေါင်းလေးမော့ပြီး နားစွင့် လိုက်စဉ်…

"ဦးဦး…ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ကွာ"

"…………….."

"သားက သက်တံကို သမီးနဲ့ ရင်းရင်းနှီးနှီးနေတာကို မကြိုက် လို့ ပထုတ်လိုက်တာ သမီးရဲ့"

"ရှင်"

"အဲဒါကြောင့် သက်တံအတွက်လည်း ဦးဦး စိတ်မကောင်း ဖြစ်မိတယ်။ တကယ်လို့ သမီး အမိကကို လက်မခံဘူးဆိုရင် ဒီကောင် သက်တံကို ထပ်ပြီး ရန်မရှာဘူးလို့ မပြောနိုင်ဘူး သမီးရဲ့…ဦးဦးက အဲဒါကိုပဲ စိုးရိမ်လို့ပြောနေတာပါ"

သူက ဒီလိုတဲ့လား။ အစကတည်းက သက်တံအပေါ် ဒီလောက် စေတနာမထားဘူးဆိုတာ ထင်တော့ထင်သားပဲလေ။ သူက သက်တံနဲ့လင်းဆစ်တို့ရဲ့ချစ်ခြင်းကို ခွဲလိုက်တာပဲ။ သူ ဘယ်လိုပဲခွဲခွဲ ပါ၊ လင်းဆစ်တို့က လူချင်းဝေးသည့်တိုင် နှလုံးသားချင်းကတော့ နီးနေတာပဲလေ။ လုပ်ရက်လိုက်တာ ကိုကိုကြီးရယ်။

သက်တံ…

ငါ ဘယ်လိုလုပ်ရမလဲ သက်တံရဲ့။ နင့်ကို ပြန်လာခဲ့ပါခေါ်လို့ သည်းမရ၊ ငါ နင့်ဆီကို ပြေးလာချင်လို့လည်းမရ။ ဒီလိုနဲ့ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ရေးကြရတော့မှာလား။ လက်မခံရင် သက်တံကို အရှုံးရာယ်ပြုနိုင်တယ်တဲ့။ ချစ်တဲ့စိတ်က ကိုယ့်ချစ်သူကို ဘာတစ်ခုမှ အထိနိုက်မခံနိုင်။

ဒါကြောင့်…

"လင်းဆက် စဉ်းစားပါရစေဦး…ဦးဦးရယ်"

"ကောင်းပါပြီ"

စကားကို အညွန့်တွေအကွန့်တွေနဲ့ပင် အဆင်ပြေနားထောင်ကောင်းအောင် မပြောဖြစ်တော့ဘဲ ဒီမျှနှင့် ပြတ်တောက်သွားလေလျှင်…

"လင်းဆက်ကို ဦးဦး ဘာပြောစရာကျန်သေးလဲဟင်"

"မရှိတော့ပါဘူး သမီးရယ်"

"ဒါဆို ခွင့်ပြုပါဦး"

"အေး…အေး"

လင်းဆက် ထွက်သွားတာကိုကြည့်ပြီး ဦးကောင်းကင်ရင်ထဲမှာ အကောင်းပကတိ ကျန်ခဲ့ပါ့မလားလေ။ အချို့ လူပေါင်းတစ်ရာလောက် အသက်ကိုကယ်ဖို့အတွက် ကိုယ့်တစ်သက်ကို ပေးလှူသွားကြတဲ့သူတွေရှိသလို ကိုယ့်သားကတော့…

သူတစ်ယောက် စိတ်ချမ်းသာရဖို့အတွက် ကျန်တဲ့သူတွေပေးဆပ်ရမှာက နှလုံးသားနဲ့မျက်ရည်တွေ…စိတ်မကောင်းခြင်းတွေပါ။





# အခန်း (၂၆)

ဒီရက်ထဲမှာ လင်းဆက် အလုပ်လုပ်ရတာ ဘာပဲလုပ်လုပ် စိတ်ပေါ်မလေ။ မပါဆို ချစ်သူနဲ့ဝေးနေရတဲ့အထဲ ကိုကိုကြီးနဲ့ လက်ထပ်ရမယ်ဆိုတဲ့ကိစ္စဝင်လာတော့ ပိုဆိုးတာပေါ့။ လင်းဆက်မှ ကိုကိုကြီးကို လက်မထပ်ချင်တာ။ အမြဲတမ်း အနိုင်ယူဗိုလ်ကျခဲ့တဲ့အရှိန်တွေက ချက်ချင်းပျက်သွားနိုင်မှာမှ မဟုတ်ပဲလေ။

သက်တံက အမြဲတမ်း လင်းဆက်ကို အလိုလိုက်အလျှော့ပေးခဲ့သူ။

ကိုကိုကြီးကျတော့…



www.burmeseclassic.com

www.burmeseclassic.com



ယေ်နိုင်မို့ အမြဲတမ်း နိုင်နေဦးမှာပါ။ ပြီးတော့ လင်းဆက် ကိုကိုကြီးကို လုံးဝ မချစ်ပါဘူး။ ဒီအကြောင်းတွေ တွေးမိတိုင်း သက်တံကို သတိတွေရ၊ သတိရတိုင်း မျက်ရည်ကကျရသည်လေး သက်တံများ ဖုန်းဆက်လေမလားလို့ အလုပ်လုပ်ရင်းလည်း ဖုန်းသံ လေးကို နားတစွင့်စွင့်နဲ့…အခုလည်း ဖုန်းစင်ဘေးမှာ မယောင်မလည်။

ဒီလို မယောင်မလည်လုပ်ရပေါင်းတွေလည်း များပြီလေ။

"ကလင်…ကလင်…ကလင်"

"ဟော"

သတိတရ စာအုပ်ထဲက 'မောင်' ကဗျာလေးကို ဖတ်နေစဉ်မှာ ဖုန်းသံမြည်လာသဖြင့် ရင်ထဲမှာ ဒိုင်းကနဲ ဆောင့်ခုန်သွားလေသည်။ ပြီး ချက်ချင်း ထရပ်မိကာ…

"ကလင်…ကလင်…ကလင်"

"လာပြီ"

"ကလင်…ကလင်…ကလင်"

ဝမ်းသာအားရနှင့် 'လာပြီ' လို့ ပြောလိုက်မိတာ ဖုန်းထဲ လူစကားကို နားလည်သလိုလို။

ဖုန်းကို ကိုင်တာပင် တုန်တုန်ယင်ယင်ဖြစ်လျက်…

"ဟယ်လို"

"ဒီဖုန်းက ဦးကောင်းကင်တို့အိမ်ကဖုန်း ဟုတ်ပါသလား ခင်ဗျာ"

"ဟင်"





အသံက သက်တံအသံမဟုတ်တော့ ရင်ထဲမှာ ချက်ချင်း ဟာသွားပြီး ဒူးတွေပင် ညွတ်ကျချင်သလိုလို။

"ဟယ်လို"

တစ်ဖက်က ထပ်ပြီးအသံပေးမှ လင်းဆက် အသံကို ထိန်းလိုက်ရင်း…

"ဟုတ်…ဟုတ်ပါတယ်ရှင်။ ဒီဖုန်းက ဦးကောင်းကင်တို့အိမ် ကဖုန်းပါ"

"အခုပြောနေတာ ဘယ်သူလဲမသိဘူး"

"ဦးကောင်းကင်ရဲ့တူမပါရှင်"

"ဪ…ဟုတ်ကဲ့၊ ကျွန်တော် သူ့ဖုန်းကို လှမ်းဆက်တာ စက်ပိတ်ထားတယ်ချည်းပဲ ပြောနေလို့ပါ။ အဲဒါ တစ်ခုလောက် ကူညီပါလားခင်ဗျာ"

"ဟုတ်ကဲ့…ကျွန်မ ဘာများကူညီရမလဲရှင့်"

"အခြားမဟုတ်ပါဘူး…သူနဲ့ အလုပ်ကိစ္စပြောစရာရှိလို့ အဲဒါ သူ့ကို ကျွန်တော့်ဖုန်းကို ပြန်ဆက်ပါလို့ ပြောပေးပါနော်"

"အခုခေါ်တဲ့ဖုန်းကိုလား"

"ဟုတ်ပါတယ်"

"ကျွန်မ ပြောလိုက်ပါ့မယ်နော်"

"ဒါဆို ကျွန်တော် ဖုန်းချလိုက်တော့မယ်…ကျေးဇူးတင်ပါတယ်ဗျာ"

"ဟုတ်ကဲ့…ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လူ ဖုန်းချအပြီးမှာ လင်းဆက် စိတ်မောစွာ သက်ပြင်းလည်းချ၊ ဖုန်းချလိုက်တာလည်း စိတ်ပျက်လက်ပျက်နှင့်ပါ။ ကိုယ်မျှော်နေတဲ့ ချစ်သူဆီကဖုန်းမှ မဟုတ်ပဲလေ။ ဖုန်းကို ခပ်စူးစူးလေးကြည့်နေရာမှ ဝမ်းနည်းစွာ ကျောခိုင်းလိုက်စဉ်…

"ကလင်…ကလင်…ကလင်"

"ဟော"

ခြေလှမ်းက ချက်ချင်း ပြန်လှည့်လာပြီး ကိုင်လိုက်တော့လည်း ချစ်သူဆီက ဖုန်းမဟုတ်ပေ။ ဒီတစ်ခါတော့ ဝမ်းနည်းရာကနေ စိတ်တိုလာမိ၏။

ထို့ကြောင့်…

စိတ်ဒုံးဒုံးချပြီး ဖုန်းကို သံယောဇဉ်ဖြတ်ပြီး ထွက်လာခဲ့တာ မီးဖိုချောင်ဘက်ကို။ စိတ်ကို အလုပ်ထဲမှာပဲ နှစ်ပြီး ချက်စရာရှိတာ ချက်နေစဉ်မှာတော့…

"ကလင်…ကလင်…ကလင်"

"…………"

"ကလင်…ကလင်…ကလင်"

ဖုန်းမြည်သံကို နားစွင့်ပြီးမှ မဟုတ်ပါဘူးဟု ခေါင်းကို ခါထုတ်လိုက်မိ၏။

"ကလင်…ကလင်…ကလင်"

ဖုန်းမြည်သံက အဆက်မပြတ် ထွက်နေပြီး နောက်တော့ ပျောက်သွားတာ တစ်ယောက်ယောက် ကိုင်လိုက်သည်ထင်ပါရဲ့။





ဖုန်းသံက မကိုင်မချင်း ခေါ်နေတာမျိုးလေ။ ကိုယ်နဲ့မဆိုင်ဘူးလို့ ဥပေက္ခာပြုလိုက်စဉ်မှာပဲ…

"သမီးရေ…လင်းဆက်"

"…………"

"လင်းဆက်"

"ဟင်"

ကိုယ့်နာမည်ကို ခေါ်ခေါ်နေတာ အန်တီထားရဲ့အသံမို့ လင်းဆက် ခေါင်းလေးငုံ့ကြည့်လိုက်မိသည်။ မြင်တော့မမြင်ရဘူးပေါ့လေ။ ဒါပေမယ့် အသံကြောင့် လှည့်ကြည့်မိတာ ဖြစ်၏။

"သမီး…လင်းဆက်"

"ရှင်…အန်တီထား"

"သားဆီက ဖုန်းလာတယ် သမီး…သမီးနဲ့ စကားပြောချင်လို့တဲ့"

"လာပြီ…လာပြီ…အန်တီထား"

သက်တံဆီက ဖုန်းလာတယ်ဆိုတာနှင့် ခြေလှမ်းတွေက သွက်ပြီးသွားပါ။ မျှော်နေတာပဲလေ။

"ရော့…သမီး ပြောလိုက်ဦး"

ဖုန်းကို လက်ပြောင်းယူလိုက်ပြီးနောက်…

"ဟယ်လို…မောင်…လင်းဆက်ပါ"

"လင်းဆက်…လှမ်းလိုက်တာ အချစ်ရယ်။ မောင့်ကို သတိရနေသေးရဲ့လားဟင်…မောင်ကတော့ လင်းဆက်ကို အချိန်တိုင်း သတိရ



www.burmeseclassic.com

www.burmeseclassic.com



နေတာ…သိလား”

သက်တံအသံက တကယ့်ကို ခွေးခွေးမြေ့မြေ့လေးပါ။ လင်းဆစ် သူ့ကိုပြန်ပြောဖို့အတွက် ဒေါ်ထားထား မျက်နှာကို ကြည့်လိုက်တော့ ဒေါ်ထားထားက အလိုက်သိစွာပဲ ထွက်သွားလေသည်။ ဒီတော့မှ လင်းဆစ် တစ်ခုခုပြန်ပြောမလို့ ပါးစပ်ဟလိုက်စဉ်မှာပဲ…

“လင်းဆစ်”

“ဟင်”

“မောင့်ကို တစ်ခုခုပြန်ပြောဦးလေ အချစ်ရဲ့…မောင်ကတော့ လင်းဆစ်ကို လွမ်းလို့သေတော့မယ်။ လွမ်းလို့မသေပေမယ့် သေလောက်အောင်ကို လွမ်းနေတာ”

“မောင်ရယ်…လင်းဆစ်လည်း မောင့်ကို လွမ်းတာပေါ့။ မောင် ပြောသလိုပဲ သေလောက်အောင်ကို လွမ်းနေတာ”

“တကယ်နော်”

“တကယ်ပေါ့”

“မောင် စိတ်ချပါရစေနော်”

စိတ်ချပါရစေဆိုတာနှင့် လင်းဆစ် ငိုချင်စိတ်ပေါက်သွားမိ၏။ ကိုကိုကြီးနဲ့ကိစ္စ ဖွင့်ပြောလိုက်ရကောင်းမလား။ မပြောရင် လင်းဆစ် သစ္စာမဲ့သလို ဖြစ်သွားမှာပေါ့။ ပြောပြမှ သူ ဘယ်လိုစီစဉ်မလဲဆိုတာ သိရမှာမဟုတ်လား။

“မောင်”

“ပြောလေ”





“လင်းဆစ် မောင့်ကို ပြောစရာရှိတယ်။ ဒါပေမယ့် မောင် လင်းဆစ်ရဲ့သစ္စာတရားကို ယုံကြည်ဖို့တော့ လိုတယ်နော်။ လင်းဆစ် မောင့်ကို အရမ်းချစ်တယ်။ မောင်နဲ့သာ ဝေးရရင် သေမလားပဲ။ အဲဒါကြောင့် လင်းဆစ် မောင့်ကို ပြောပြမှာပါ”

“မောင်…လင်းဆစ်ကို ယုံပါတယ်၊ ပြောပြလေ”

ပြောပြဆိုတော့ လင်းဆစ် တံတွေးတစ်ချက် မျိုချလိုက်ပြီး…

“ကိုကိုကြီး…မောင့်ကို ဂျပန်လွှတ်တာ တကယ့်စေတနာအရင်းခံနဲ့ မဟုတ်ဘူး မောင်…လင်းဆစ်အနားကနေ မောင့်ကို ခွာထုတ်ပစ်တာ…သိလား”

“ဘာ…ဘယ်လို…လင်းဆစ်”

“ဟုတ်တယ် မောင်…အခု ကိုကိုကြီးကလေ”

“အင်း…ဘာဖြစ်လဲ…ဆက်ပြော”

“လင်းဆစ်…လင်းဆစ်ကို လက်ထပ်ချင်တယ်ဆိုပြီး လူကြီးတွေကို အပူတိုက်နေတာ မောင်ရဲ့”

“ဘာ”

“အဲဒါ လင်းဆစ် ဘာလုပ်ရမလဲ”

ပြောရင်း လင်းဆစ် ငိုသာငိုပါလေတော့၏။ သက်တံရင်ထဲမှာတော့ ဗုံးတစ်လုံး ပေါက်ကွဲသွားသလိုဖြစ်ကာ…

“လင်းဆစ်ပြောတာ တကယ်ပဲလား လင်းဆစ်”

“လင်းဆစ်က ညာပါ့မလား မောင်ရဲ့”

“ဒါဆို မောင် ပြန်လာခဲ့မယ်။ လင်းဆစ် မောင့်ကို စောင့်နေ။



www.burmeseclassic.com

www.burmeseclassic.com



အဲလို သူလုပ်ချင်တိုင်းလုပ်လို့ မရစေရဘူး"

"မောင်"

ငယ်နိုင်မို့ ကြောက်ခဲ့ရတာမှန်ပေမယ့် ဒီလောက်အထိတော့ အကြောမခံနိုင်ပေ။ ကျေးဇူးတရားကြောင့် အရာရာ ခေါင်းငုံ့နေခဲ့ပေမယ့် နှလုံးသားရေးနဲ့ပတ်သက်လာရင်တော့ သက်တံ အရှုံးမပေးနိုင်ပါဘူး။ လင်းဆက်နဲ့ အခေးမခံနိုင်ဘူးလေ။ ကြားလိုက်ရတာနှင့်တောင် ရင်ထဲမှာ ဖြောင်းဆန်အောင် ဆူဝေနေပြီ။

"မောင်...တကယ်ပြန်လာမှာလားဟင်"

"တကယ်ပြန်လာမယ်"

ပြောလိုက်တာ အံကြိတ်သံနှင့်ပါ။

"ကောင်းပြီလေ...မောင့်ကို လင်းဆက် စောင့်နေမယ်။ မောင့်အပေါ်ထားတဲ့ သစ္စာတရားကို လင်းဆက် အသက်နဲ့လဲပြီး ထိန်းသိမ်းမယ် မောင်"

"လင်းဆက်ကို မောင် ယုံတယ်။ မယုံတာက ကိုကိုကြီးကိုပဲ။ ဒီလူ ဒီလောက်ကောက်ကျစ်နေတာ လင်းဆက်ကို မောင် စိတ်မချဘူး။ အမြန်ဆုံး ပြန်လာခဲ့မယ်"

ပြောပြီး အပူတွေကြောင့် ချစ်သူကို ဖုန်းချဖို့တောင် မပြောဖြစ်ဘဲ ဖုန်းချလိုက်မိသည်။

ဒီလိုလုပ်လို့ ရကြေးလား ဦးအဓိကရယ်...

တစ်သက်လုံး ငြိမ်ခံလာခဲ့သမျှ ပေါက်ကွဲပြီဆိုတော့...





## အခန်း (၂၈)

လင်းဆက် သူ့အခန်းကို ရှင်းပေးရင်း စိတ်တွေလေးနေမိသည်။ လေးဆို လုပ်ကိုင်ပေးရတာ အရင်တုန်းကလို စေတနာမပါတော့ဘူးလေ။ အရင်တုန်းကတော့ ကိုယ့်အစ်ကိုကြီးပဲဆိုပြီး ချစ်ကြောက်ရိုသေခြင်းများနှင့်ပေါ့။ အခုတော့ သူ့ရဲ့အကြံပက်စက်မှုကြောင့် အော့နှလုံးနာနေတာလေ။ မေတ္တာကို တုံးတာ။

"ကျွီ"

"ရှပ်...ရှပ်...ရှပ်"

တံခါးဖွင့်သံနှင့်အတူ ခြေသံကိုပါ ကြားလိုက်ရသဖြင့် လင်းဆက် လှည့်ကြည့်လိုက်တော့ ကိုကိုကြီးမို့...

www.burmeseclassic.com



"အမေ့"

"ဘာဖြစ်တာလဲ"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ…လူကိုမြင်တာနဲ့ ကျားကို တွေ့လိုက်တဲ့အတိုင်းပဲ"

ဖြစ်နိုင်ရင် ဟုတ်တယ်လို့ ပြောချင်လိုက်တာ။ ချက်ချင်းအခန်းထဲကနေ ပြန်ထွက်ဖို့ အဝတ်တွေကို ကပျာကယာ ခြင်းထဲသို့ ထည့်လိုက်စဉ် သူက လင်းဆက်အနားကို လာရပ်ပြီး…

"လင်းဆက်"

"ရှင်"

"နင့်ကို ငါ ပြောစရာရှိတယ်"

"အင်"

"လက်ထပ်ဖို့ကိစ္စ နင့်ဘက်က ဘာလို့ အခုထိ အဖြေမထွက်သေးတာလဲ။ ဘာလဲ…ငါ့ကို လက်ထပ်ရင် နင် နစ်နာတယ်ထင်လို့လား"

"ကိုကိုကြီး"

လင်းဆက် သူ့ဘက်သို့ လှည့်ရပ်လိုက်၏။ အချစ်နဲ့ပတ်သက်လို့ လင်းဆက်မှာ သတ္တိတွေ ရှိလာခဲ့ပြီ။ မောင်က ပြန်လာမယ်လို့ ပြောပြီးပြီပဲလေ။ လင်းဆက် ကြောက်ပြီး လက်ခံစရာအကြောင်းမှ မရှိတာ။

"ငါ နင့်ကို ချစ်တယ်"

"လင်းဆက်က ကိုကိုကြီးကို လေးစားခဲ့တာပါ"





"မချစ်နိုင်ဘူးလို့ ပြောလိုက်တာလား"

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းတဲ့။ လင်းဆက် ဆိတ်ဆိတ်ပဲ နေပစ်လိုက်၏။

"ဟုတ်လား…လင်းဆက်"

"ဟုတ်တယ် ကိုကိုကြီး‥လင်းဆက်က သက်တံကိုပဲ ချစ်တာ။ သူ့အပေါ် လင်းဆက် သစ္စာမဖောက်နိုင်ဘူး"

"အဟွန်း"

မဲ့ပြုံးပြုံးလိုက်ပြီး…

"ငါကလည်း နင့်ကိုမှ ချစ်မိနေတာလေ။ ချစ်မိပြီဆိုမှတော့ ရအောင်ယူရမှာပဲ။ သက်တံနဲ့ယှဉ်ပြီး ငါ အရှုံးမပေးနိုင်တာလည်း သေချာတယ်။ နင် သူ့ကို မျှော်လင့်မနေနဲ့။ ငါ့ကိုပဲ နင် လက်ထပ်ရမယ်"

"အဲလိုလုပ်လို့ရမလား"

"ဘာလို့မရနိုင်ရမှာလဲ။ အမိကဘဝမှာ လိုချင်တာရရစေမယ်။ ဖြစ်ချင်တာဖြစ်အောင် လုပ်မယ်…ဒါပဲ"

"လင်းဆက် ကိုကိုကြီးကို လက်မထပ်နိုင်ဘူး"

"သေချာလား"

"သေချာတယ်"

"ငါကလည်း အတပ်ပြောမယ်။ ငါ့ရင်ခွင်ကလွဲပြီး နင် ဘယ်ကောင့်ရင်ခွင်ထဲမှ မရောက်စေရဘူး"

"အဲဒါ ကိုကိုကြီး အတ္တကြီးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…ငါက ငါ့အတွက်ကလွဲပြီး ဘယ်သူ့မျက်နှာကိုမှ မကြည့်တတ်တဲ့ကောင်ပဲ။ အခုသက်တံက ဂျပန်မှာလေ…သူ ဘာလုပ်နိုင်မှာမို့လို့လဲ။ နင် ငါ့ကို လက်ထပ်ကိုထပ်ရမယ်"

"မထပ်ဘူး"

"လင်းဆစ်"

"ဖယ်ပါ"

ပခုံးကို လာရောက်ဆုပ်ကိုင်လိုက်သဖြင့် လင်းဆစ် သူ့လက်ကို ဖယ်ချကာ ထွက်သွားဖို့ပြင်လေလျှင်…

"အင့်"

"အမေ့"

လက်ကောက်ဝတ်ကို ဖမ်းဆုပ်ပြီး ဆောင့်ဆွဲလိုက်လေသဖြင့် လင်းဆစ်မျက်နှာက သူ့ရင်ဘတ်နှင့် ပြေးတိုက်လေသည်။ လင်းဆစ် ချက်ချင်း လူချင်းပြန်ခွာပေမယ့် မရဖြစ်ကာ…

"ဖယ်ပါ"

"မင်းကို ကိုယ် အရမ်းချစ်တယ်။ မထင်မှတ်တဲ့ ချစ်မိသွားတာ တကယ်ပါ"

"မသိဘူး…လွှတ်"

"………"

"ကိုကိုကြီး"

"………"

"လင်းဆစ်ကိုလွှတ်ပါ"





"ဘာလို့လွှတ်ရမှာလဲ။ မင်းကို ငါ သိမ်းပိုက်မလို့ မင်း ငါနဲ့ လက်ထပ်ရမယ်"

"လွှတ်နော်"

သူ့ဘက်က ကြမ်းလာပြီး လင်းဆစ်ကိုယ်လေးကို သိမ်းကျုံးဖက်ထားသဖြင့် လင်းဆစ် ရုန်းနေရတာ ချွေးတွေပင်ပြန်လာသည့်တိုင် ရုန်းလို့မရပေ။ ဒါကြောင့်…

"လူယုတ်မာကြီး"

"………"

"ရှင့်ကို မုန်းတယ်"

"ဘာ"

"အဟင့်…ဟင့်"

"တောက်"

"မယုတ်မာနဲ့…လွှတ်"

"ဟာကွာ…ကဲ"

"ဖြန်း"

"အား"

ပါးပြင်ထက်မှာ နာကျင်တာထက် အခေါင်းများစွာ လင်းဆစ် ရင်ထဲ နာကျင်သွားရ၏။ လင်းဆစ်ကို ကယ်ပါဦး မောင်ရယ်။ လင်းဆစ်ဘဝ ပျက်ရတော့မှာလား။ သူ့လက်ထဲမှာ ကျရှုံးရတော့မှာလား။

အဓိက…



www.burmeseclassic.com

www.burmeseclassic.com



လင်းဆစ်ကိုယ်ကို ရွှေကနဲ ပွေ့ချီလိုက်သည့်နောက်…

"ဟင့်အင်း…လင်းဆစ်ကို သနားပါ ကိုကိုကြီးရယ်… လင်းဆစ် တောင်းပန်ပါတယ်"

လက်အုပ်လေးတချီချီနှင့် တောင်းပန်နေပေမယ့် အစ်ကိုက ဘာမှ မကြားလေသည့်နှယ်။ သူ့ဆန္ဒတွေ ပြည့်ဝဖို့သာ ကြိုးစားလေတော့…

"အဟင့်…ဟင့်…ဟီး"

"မငိုနဲ့လေ…ဘာလို့ငိုတာလဲ"

"…………"

"ငါက မင်းကို ချစ်သလောက် မင်းက ငါ့ကို မချစ်ဘူးဆိုတော့ ငါ ဒီနည်းလမ်းသုံးမိတာ အပြစ်မတင်နဲ့"

လူယုတ်မာကြီးလို့ လင်းဆစ် အကြိမ်ကြိမ်ရွတ်နေမိတာ ရင်ထဲမှာသာ။ သွားပြီ…လင်းဆစ်ဘဝက အစ်ကိုရင်ခွင်ထဲမှာ ပျက်စီးသွားပြီလေ။ လင်းဆစ်ကို ခွင့်မလွှတ်နဲ့တော့ မောင်။ ကျားရှေ့မှာမှ မှောက်လျက်လဲကျမိခြင်းရဲ့ ရလဒ်က…

ကိုယ်ချစ်ရသူနဲ့ ဝေးကြပြီပေါ့ တစ်သက်တာ။

လင်းဆစ်ဘဝပျက်သွားပြီ မောင်ရေ…လင်းဆစ်ဆီကို ပြန်မလာခဲ့ပါနဲ့တော့။ တော်ရာအရပ်မှာပဲ ပျော်သလိုနေပါတော့နော်။ လင်းဆစ်က မောင့်အချစ်၊ မောင့်မေတ္တာနဲ့ မထိုက်တန်တော့တဲ့ အကြွေပန်း ဖြစ်သွားပါပြီ မောင်။





## အခန်း (၂၈)

"သမီး"

"…………"

"သမီး…လင်းဆစ်"

လင်းဆစ် ငိုရလွန်းလို့ နှာခေါင်းတွေပိတ်၊ မျက်လုံးတွေလည်း အစ်စပ်နေပါပြီ။ အပြင်လည်းမထွက်တာကြောင့် ဘာများဖြစ်နေလဲလို့ ဒေါ်ထားထား မနေနိုင်စွာ လာကြည့်တာလေ။ လင်းဆစ်ရင်ထဲမှာတော့ မီးတွေတောက်နေပြီပေါ့။ ချစ်သောသူနဲ့ ကွေကွင်းရခြင်း၊ မချစ်သောသူနှင့် ပေါင်းသင်းရခြင်းဆိုတဲ့ ဒုက္ခတွေကို လင်းဆစ် လည်စင်းခံနေရတာမဟုတ်လား။

သူမမှာ…

ဘယ်သူ့ကို ပြေးတိုင်တန်းပြီး ရင်ဖွင့်ရမှန်းမသိဖြစ်နေတာ။ အန္တီထားကို မြင်လိုက်ရတော့…



www.burmeseclassic.com

www.burmeseclassic.com



"အန်တီထား"

"ဟင်"

"အဟင့်…ဟင့်"

မိမိရင်ခွင်ထဲကို တိုးဝင်လာပြီး လင်းဆစ် ငိုလေတော့ ဒေါ်ထားထား ဘာမှန်းမသိနှင့်ပဲ ပြန်ဖက်၍ ရင်ထဲမှာ ဘာဖြစ်သွားမှန်းမသိပေ။ စိုးရိမ်သောကတွေလား။

"အန်တီထားရယ်…အိ…ဟီး"

"သမီး…လင်းဆစ် ဘာဖြစ်တာလဲ၊ အန်တီထားကို ပြောစမ်း ဘာဖြစ်လို့လဲဟင်"

"သမီး…သမီး"

ရှိုက်သံနှင့်မို့ စကားက ချက်ချင်းမဆက်နိုင်။ ပြီးမှ…

"သမီးဘဝ သွားပြီ အန်တီထားရဲ့။ ကိုကိုကြီး အရမ်းယုတ်မာတယ်။ လူယုတ်မာ…သူ လင်းဆစ်ကို အနိုင်ကျင့်တာ။ ခုတော့ သမီး သူ့ကို မဖြစ်မနေ လက်ထပ်ရတော့မှာ"

"ဘယ်လို…ဘယ်လို"

"သက်တံနဲ့သမီးက တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြတာ။ ခုတော့ သူ့ကြောင့် ဝေးရတော့မယ်။ သမီး သေချင်တယ် အန်တီထားရယ်"

"ဒါဆို…သူက သမီးကို"

လင်းဆစ် ခေါင်းညိတ်ပြီး ငိုနေတာ တသိမ့်သိမ့်ပါ။ ဒေါ်ထားထားလည်း မခံစားနိုင်စွာ မျက်ရည်တွေကျလာတော့၏။





သားနဲ့လင်းဆစ်အဖြစ်က မေတ္တာစစ်လို့ မဖြောင့်ဖြူးကြတာလည်း မဟုတ်။ သစ္စာမှန်လို့ ကျော်လွှားရတာလည်း မဟုတ်တော့ပေ။

အခုအခြေအနေက…

ဖူးစာမပါလို့ကိုပဲ လွဲသွားကြပြီပေါ့။ အစကတည်းက မမျှော်လင့်ခဲ့ပါဘူး။ ဒါပေမယ့် သေအံ့ဆဲဆဲ လူမမာတစ်ယောက်လို အသက်ငွေ့ငွေ့လေးတော့ ကျန်နေသေးရင် မျှော်လင့်ချက်တစ်စုံတစ်ရာ ထားခဲ့တာမျိုးတော့ ဖြစ်ခဲ့သည်လေ။

သူ့ စိတ်များပြောင်းသွားမလား။

ကိုယ်ချင်းစာတရား ရင်မှာထားတတ်ပြီး ကလေးနှစ်ယောက် အပေါ် နားလည်ပေးနိုင်မလားရယ်လို့ပေါ့။ လက်မထပ်ရသေးခင်အထိ အပြောင်းအလဲတွေ ရှိနိုင်သေးသည်လို့ ထင်ခဲ့တာ။ အခုက လက်မထပ်ရသေးပေမယ့် ကျိန်းသေပြီးရင်း ကျိန်းသေတဲ့အခြေအနေ ရောက်အောင် အမိကက ဖန်တီးလိုက်ပြီကိုး။

"သမီးရယ်"

ဒီလို ညည်းတွားရုံမှအပ ဘာများတတ်နိုင်တော့မှာလဲ။

"သမီး…သမီး ဘာလုပ်ရမလဲဟင်…အန်တီထား"

"ဘာများတတ်နိုင်ဦးမှာလဲ သမီးရယ်။ သမီး သူ့ကို လက်ထပ်ရမှာပေါ့"

"သမီး သူ့ကို လက်မထပ်ချင်ဘူး"

"လက်မထပ်ချင်လို့ မရတော့ဘူးလေ"

"သမီးတော့ သေပဲသေချင်တယ် အန်တီထားတယ်။ သမီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



သက်တံ ပြောပြီးသွားပြီ။ သက်တံက သူပြန်လာခဲ့မယ်တဲ့။ အဲဒါကြောင့် သေပဲသေချင်တယ်”

“မလုပ်ကောင်းတာတွေတော့ မလုပ်ပါနဲ့ သမီးရယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေရင် အဖန်ငါးရာငါးကမ္ဘာတောင် မကျွတ်မလွတ်ဘဝနဲ့နေရမှာ။ အရာရာကို ကံက စီမံတာပဲလေ။ ကံကိုပဲ ပုံချလိုက်ပါတော့”

လင်းဆစ်ရင်ခွင်ထဲကနေ ဒေါ်ထားထားမျက်နှာကို မော့ကြည့်လိုက်ပြီး…

“မျှော်လင့်ချက်တွေနဲ့ ပြန်လာမယ့် သက်တံကို သမီး ဘယ်လိုနှလုံးသားမျိုးနဲ့ ရင်ဆိုင်ရမှာလဲ အန်တီထားရယ်”

“ဒီလိုပဲ မီးစင်ကြည့်ကရတော့မှာပေါ့ကွယ်…ပြန်မလာနဲ့တော့လို့လည်း အကျိုးအကြောင်းကို အန်တီထား ဖွင့်မပြောရက်ဘူး။ ရေခြားမြေခြားမှာ တစ်ခုခုဖြစ်နေမှာစိုးလို့ပါ”

ဖြစ်နိုင်ရင် စွန့်စားလိုက်ချင်ပါတယ် သက်တံ။ ဒါပေမယ့် ငါ့ဘဝက အရင်တုန်းကလို မဖြူစင် မသန့်ရှင်းတော့ဘူးလေ။

ဒါကြောင့်…

မခေါ်သာတော်ရာအရပ်မှာပဲ ကိုယ်စီအလွမ်းတွေကို သီကုံးပါရစေတော့။





## အခန်း (၂၉)

“မင်း…အဲဒါတော့ နည်းနည်းများလာပြီ လင်းဆစ်။ ဘယ်အရာကိုမှ မင်း စိတ်မပါတာထားပါ။ အခုက မင်္ဂလာဝတ်စုံ သွားချုပ်မှာကွ။ မင်း မပါဘဲနဲ့ ငါက ဘယ်လိုချုပ်ရမှာလဲ ပြောပါဦး”

“ဘယ်လိုပဲချုပ်ချုပ်ပါ…ဝတ်လို့ရလို့ မင်္ဂလာပွဲဖြစ်မြောက်သွားရင် ပြီးတယ်မဟုတ်လား။ အရာရာမှာ ကိုကိုကြီး ဆန္ဒပြည့်ဝဖို့ ကိုကိုကြီး စိတ်တိုင်းကျလုပ်ခဲ့တာပဲ မဟုတ်ဘူးလား။ ခုလည်း ကိုကိုကြီး စိတ်တိုင်းကျပဲ ကြိုက်သလိုချုပ်ပေါ့။ ဖြစ်နိုင်ရင် ကြွပ်ကြွပ်အိတ်ထဲ ဖင်ဖောက်ပြီး စွပ်ပေးလည်း လင်းဆစ်ကတော့ ဝတ်မှာပဲ”

“ဘာကွ”

“သား”



www.burmeseclassic.com

www.burmeseclassic.com



အမိက ထရပ်မလိုဖြစ်သွားတော့ ဦးကောင်းကင်က လက်ကို ဆွဲချပြီး ပြန်ထိုင်ခိုင်းလေသည်။ ကိုယ်ကတော့ ချစ်လိုက်ရတာ၊ သူ့ဘက်ကတော့ ဥပေက္ခာ။ မခံစားနိုင်တော့ ဒေါသတွေဖြစ်၊ ဒေါသဖြစ်တော့ အော်ချင်ဟစ်ချင်စိတ်က ထိန်းရခက်နေတာလေ။ တကယ်ဆို ဖြစ်မိပြီးသွားတဲ့ အခြေအနေကို သူ လက်ခံပါတော့လား။

ခုတော့…

ဟိုလူ့လွမ်းသလိုလို၊ ဒီလူ့ချွေးသလိုလိုနဲ့ ကိုယ့်ကိုကျ မတူမတန် သလိုလုပ်နေတာ နေသာခံခက်ပါပဲ။ တကယ်ဆို ကိုယ် လက်မထပ်မှာစိုးလို့ သူကတော့ တောင်းပန်ရဦးမယ့်အခြေအနေမှာ ကိုယ်ကပဲ ပြန်တောင်းပန်နေရတော့မလိုလို။

"မင်းက အဲဒီလိုလား လင်းဆက်"

"ဟုတ်တယ်"

"တောက်"

"စကားကို အေးအေးဆေးဆေး ပြောစမ်း…သား၊ မင်းက နေရာတကာမှာ ဒေါသချည်းပဲ။ မင်း အဲလိုလုပ်လေ ပိုဆိုးလေဖြစ်မှာပေါ့။ ပြောတော့ ချစ်တယ်ဆိုပြီး သည်းမခံနိုင်ရင် တစ်ဖက်က ဘယ်လိုတုံ့ပြန်မလဲ။ ကိုယ်က နူးညံ့မှ သူက သိမ်မွေ့နိုင်မှာ။ မင်းကြမ်းရင် သူကရော ရမ်းဖို့ ဘယ်ဝန်လေးမှာလဲ"

"ဖေဖေ…ဖေဖေက သူ့ဘက်က ကာဆီးကာဆီးနဲ့ ဘာလို့ လမ်းခင်းပေးနေရတာလဲ"

"ငါက အမုန်းတရားကို ပြောပြတာလေကွာ"





"အမုန်းတရားအတိုင်း တကယ်ဆိုရင် ခုအချိန်မှာ သူက တောင်းပန်လိုက်လျှောရမယ့်သူလေ"

"မင်း ချွေးစကား့မပြောနဲ့ အမိက"

"ကို"

ဒီတစ်ခါ မတ်တတ်ထရပ်လိုက်သူဟာ ဦးကောင်းကင်ပဲမို့ ဒေါ်ထားထားပါ ထရပ်ပြီး လက်ကိုဆွဲထားလိုက်ရ၏။ ဒီအချိန်မှာ သူတင်းကိုယ်တင်း တင်းနေကြလို့မဖြစ်ဘူးလေ။ မှားယွင်းခဲ့တာတွေအတွက် ပြန်လည်ပြင်ဆင်လို့မှ မရတော့တာ။

"ကြောင်အိုတော့ ကြွက်မလေးပုံစံမျိုးနဲ့ မင်းက ငါ့ကို ပမာမခန့် လုပ်တာလား အမိက…မင်းပြောတဲ့ အမုန်းတရားဆိုတဲ့စကားကို မင်း သေသေချာချာ ပြန်စဉ်းစားကြည့်စမ်း…လင်းဆက်က ပြန်တောင်းပန်ရမယ်ဆိုတော့"

"မဟုတ်လို့လား"

"ဟုတ်တယ်…အဲဒါ မင်း ယုတ်မာခဲ့တာလေ။ ချွေးကျင့်ချွေးကြံ ကြံခဲ့တာ"

"ကဲ…တော်ကြပါတော့"

မအော်စဖူး ဒေါ်ထားထား အော်လိုက်မိ၏။ အော်ကြီးဟစ်ကျယ်တွေနဲ့ သားအဖ ပြောနေကြတာ လူကြားလို့မှမကောင်းပဲ။ ဒါကြောင့် လင်းဆက်ကိုပဲ တောင်းပန်သလို ကြည့်လိုက်ကာ…

"အန်တီထား တောင်းပန်ပါတယ် သမီးရယ်…လိုက်သွားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



လင်းဆစ်က နူးညံ့သိမ်မွေ့တဲ့ မိန်းကလေးလေ။ ကိုကိုကြီးကို ဘယ်လောက်ပဲမုန်းမုန်း အနံတီထားမျက်ရည်တွေကို မြင်ရတော့ စိတ်မချမ်းသာ။ ကွဲအက်သွားတဲ့ ဖန်ခွက်တစ်လုံးလို သူမဘဝက ဖာထေး ပြုပြင်လို့မှ မရတော့ပဲလေ။

"ကောင်းပြီ…လင်းဆစ် လိုက်မယ်"

ပြောပြီး ထရပ်လိုက်စဉ်မှာပဲ…

"မေမေ…မေမေ"

"ဟင်"

ခေါ်သံကြောင့် အားလုံး လှည့်ကြည့်လိုက်တော့…

"မေမေ"

"သား"

"မောင်"

လင်းဆစ်ရဲ့ မောင်ဆိုတဲ့အသံက လည်ချောင်းထဲမှာသာ ဖြစ်၏။

"လင်းဆစ်"

"သက်တံ"

"မင်း…မင်း ဘာလို့ပြန်လာတာလဲ သက်တံ"

မေးရင်းက လင်းဆစ်လက်ကို ဖျတ်ကနဲ ဆုပ်ကိုင်လိုက်တာ ဝိုင်စိုးဝိုင်နင်းပါ။ ဒါကိုမြင်ပြီး ရင်ထဲမှာ အူတွေ အသည်းတွေ လိပ်တက်လာသလိုပါပဲ။ ဒါ တမင်သက်သက် လုပ်ပြတာလား။ သူက လင်းဆစ်ကို လက်ထပ်ချင်တယ်တဲ့။ လင်းဆစ် ပြောပြလို့





သိပြီးပြီလေ။ ဒါကြောင့်ပဲ အချိန်မလွန်ခင် မြန်မြန်ပြန်လာခဲ့တာပေါ့။

"ဟေ့ကောင်"

"ဗျာ"

"မေးနေတာ ဖြေလေကွာ"

သက်တံ အဖြေမပေးဘဲ ခေါင်းငုံ့ကာသာ ရပ်နေလေတော့…

"လက်စသတ်တော့ မင်းက ငါ့အကြံတွေကို သိသွားပြီ ထင်တယ်။ သိလည်း မင်း နောက်ကျသွားပြီ သက်တံ။ ပြန်လာပြီးရင် တော်သလိုနေ။ သူများမယားကို ကြာကူလီလုပ်မယ်တော့ မကြံနဲ့"

"ကိုကိုကြီး"

"နင့်ပါးစပ်ကို ပိတ်ထားစမ်း"

"ကိုကိုကြီး သက်တံကို မတရားမပြောပါနဲ့။ ကိုကိုကြီးကမှ သူများအချစ်ကို လုယူခဲ့တဲ့ ဒသဘီလူး"

"ဘာ"

လှည့်ကြည့်လာတဲ့ မျက်ဝန်းတွေကိုက စူးရှုရဲရဲပါ။ နှုတ်ခမ်းကို ဖိကိုက်လိုက်ပြီးမှ…

"ငါးပိကောင်ဖြစ်နေတာတောင် အမြီးလှုပ်ချင်သေးတဲ့ မိန်းမ… တဲ…"

"ဖြန်း"

"အား"

"ဟာ"

လင်းဆစ်မျက်နှာလေး လည်ထွက်သွားချိန်မှာ သက်တံ



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီး နောက်ထပ် လင်းဆက်ကို ထပ်ရိုက်လို့မရအောင် လက်ကို ဆွဲထားရင်း…

"ကိုကိုကြီး…ခင်ဗျား လွန်လာပြီနော်"

"လွန်တော့ မင်းက ဘာလုပ်ချင်လဲ"

ပြောလည်းပြော လက်ကလည်း လှုပ်ရှားသွားကာ…

"ခွပ်"

"………"

"အဓိက…ဟော့ကောင် မင်း တော်စမ်း"

"ခွပ်"

"အမယ်လေး…သား…သက်တံ"

"အဓိက"

အခြေအနေက ရှုပ်ထွေးသွားလေတော့၏။ သက်တံ လဲကျသွားချိန်မှာ ဦးကောင်းကင်က အဓိကကို ဝင်ဆွဲပြီး ဒေါ်ထားထားက သားကို ပြေးဖက်ပြီး ငိုလေတော့၏။ သက်တံ ကိုယ့်အသားနာတာကို ဂရုမစိုက်နိုင်။ လင်းဆက်ကိုသာ စိုးရိမ်နေလျက်…

"လင်းဆက်"

"သက်တံ"

"တွေ့လား…တော်တော်ချစ်နေကြတယ်ပေါ့လေ ဟုတ်လား"

"………"

"တောက်"

"ခွေးသား…မင်း ခွေးစိတ်ပေါက်နေသလား အဓိက"





"ဟုတ်တယ်…ကျွန်တော် ဘာစိတ်ပေါက်ပေါက် အဲဒါ သူတို့ကြောင့်။ ကျွန်တော့်ရှေ့မှာတောင် ဖြစ်နေကြတာ ဖေဖေ ကြည့်ဦးလေ"

ကိုကိုကြီးကိုကြည့်ပြီး လင်းဆက်အတွက် စိုးရိမ်မှုတွေနှင့် သက်တံ ရင်ထဲမှာ ခြောင်းဆန့်သွားသည်။ ခုကတည်းကတောင် လင်းဆက်အပေါ် ဒီလောက်နိုင်နေတာ ရှေ့ဆိုပိုဆိုးမှာပေါ့။ လင်းဆက် စိတ်ဆင်းရဲရှာ မလွှဲမသွေဖြစ်ပြီး အိမ်ထောင်ရေးကလည်း သာယာမှာမဟုတ်ပေ။

ကိုယ်မျှော်လင့်ချက်တွေနဲ့ ဖြန့်လာခဲ့ပေမယ့် နောက်ကျသွားပြီပေါ့။

"လင်းဆက်"

"………"

"ကောင်မ…လာစမ်း"

"ဟော့လူ"

လင်းဆက်ကို အတင်းလက်ဆွဲခေါ်လေသဖြင့် နောက်ထပ်ရိုက်မှာ စိုးရိမ်ခြင်းတို့နှင့် အော်လိုက်တာပေမယ့် ထင်သလိုမဟုတ်ဘဲ ခေါ်ရုံခေါ်သွားတာ ဖြစ်လေ၏။ လင်းဆက်မှာ ခြေချင်းခလုတ်တိုက်လုတတ်နှင့် ပါသွားပုံကိုကြည့်ပြီး သက်တံ လူသတ်ချင်စိတ်တောင် ပေါက်လာတာ တကယ်ပါပဲ။

ဒေါ်ထားထား…

သားလက်မောင်းကို ခပ်ကျစ်ကျစ် ဆုပ်လိုက်ပြီး…

"သား"

"………"



www.burmeseclassic.com

www.burmeseclassic.com



"ဖူးစာမပါလို့ လွဲသွားကြပြီလို့ပဲ သတ်မှတ်လိုက်ပါ သားရယ်"

"ဒါဆို သူတို့က"

"လက်မထပ်ရသေးပေမယ့် သူ ပိုင်သွားပြီ…သား"

ဩော်…ဒါဆို ကိုယ်စိုက်တဲ့အပင်ကအခိုင် ကိုယ်တိုင်ပဲ ချိုင် သွားတာမျိုးပေါ့။

ဒီလိုမှန်းသိခဲ့ရင် ဂျပန်ကို သူ မသွားခဲ့ပါဘူး။ ခုတော့ တကယ်ပဲ ဝေးကြတော့မှာလား လင်းဆက်ရယ်။ ဒီလောက်ချစ်တဲ့ ချစ်သူနှစ်ဦးကိုမှ ခွဲရက်လေတဲ့ ကံကြမ္မာ…

ဒီလောက် ရက်စက်တတ်တာ…

အသက်ကိုသာ နုတ်ယူသွားပါတော့လား။





## အခန်း (၂၀)

"တောက်"

သက်တံ တက်တခေါက်ခေါက်နှင့်ဖြစ်ကာ မျက်ရည်တွေလည်းကျ၊ အံတကြိတ်ကြိတ်လည်း ဖြစ်နေရ၏။ ဒေါသတွေ၊ ဝမ်းနည်းမှုတွေ ပြွည့်ကျပ်လို့ ရင်ဘတ်ကြီးတောင် ဖောင်းတက်လာသလိုပါပဲ။

"ဒီလောက်တောင် ရက်စက်သလားကွာ"

ပြောပြီး ကံ့ကော်ပင်ကို လက်သီးနှင့် ထိုးချလိုက်စဉ်…

"သား"

"……….."

"မလုပ်ပါနဲ့ သားရယ်"

ဒေါ်ထားထား သားကို စိတ်မချလို့ လိုက်လာရင်းကနေ သားအဖြစ်ကို မြင်လိုက်ရတော့ အတင်းပဲ ခါးကိုပြေးဖက်ပြီး ဆွဲထားမိ လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ သားရယ်···မေမေ့ကို ရင်ကွဲအောင်မလုပ်ပါနဲ့။ မေမေတို့မှာက ခင်မင်တွယ်တာစရာဆိုလို့ ဒီသားအမိနှစ်ယောက်ပဲ ရှိတာပါ။ သား တစ်ခုခုဖြစ်ရင် မေမေ ရင်ကျိုးရမှာ သားရဲ့"

"ကျွန်တော်တို့အဖြစ်က ရင်နာစရာကောင်းလွန်းလို့ပါ မေမေရာ"

"သား"

"…………"

"မေမေ့မျက်နှာကို ကြည့်စမ်း"

သားမျက်နှာကို လက်ဖဝါးနှစ်ဖက်နဲ့ ဆွဲလှည့်လိုက်ပြီး···

"ဒီလောက်ဒေါသထွက်နေရအောင် လင်းဆစ်က သားအပေါ် သစ္စာမဲ့ခဲ့တာမဟုတ်ဘူး သား···သားကို ချစ်လျက်နဲ့ သူ့ခမျာ အနိုင်ကျင့်ခံလိုက်ရတာပါ"

"အဲဒီအနိုင်ကျင့်တဲ့သူကိုပဲ သား မကျေနပ်တာပေါ့"

"ကျေနပ်လိုက်···သား"

"ဗျာ"

သက်တံ နားမလည်ပေမယ့် ဒေါ်ထားထားကတော့ သူ့မစကားကို သူမ နားလည်ပါသည်။ တကယ်တော့ အမိကက နိုင်သလိုလို့နဲ့ ရှုံးသွားတာလေ။ သူ လင်းဆစ်ခန္ဓာကိုယ်ကို ရလိုက်ပေမယ့် လင်းဆစ် ရင်ထဲကနှလုံးသားကို ရနိုင်မှာမှမဟုတ်တာ။ သူမက လင်းဆစ်ရဲ့ အနီးကပ်ဆုံးနေလာသူမို့ လင်းဆစ်စိတ်ကို သူမ အသိဆုံးပဲပေါ့။

လင်းဆစ်က···





ပန်းသည်းတစ်ခုကိုတောင် ကြိုက်ရင် မြတ်မြတ်နိုးနိုးနဲ့ သိမ်းထားတတ်သူ။ နှလုံးသားရေးကိစ္စဆို ပိုဆိုးတော့မှာပေါ့။ သူ့လောက် အစွဲအလမ်းကြီးတာ သူပဲရှိတယ်ဆိုတော့··

"သူနိုင်တယ်လို့ မင်း ထင်နေသလား သား။ တကယ်က သူ ရှုံးတာကွ။ လင်းဆစ်ကို ပိုင်ဆိုင်ရလို့ သူ စိတ်ချမ်းသာမယ်လို့ ထင်လား။ အိမ်ထောင်ရေးသာယာမယ်လို့ မင်း ထင်နေလား။ မထင်နဲ့ မေမေ သိတယ်။ လင်းဆစ်က သူ လိုချင်တာတွေ ပေးမှာမဟုတ်ဘူး"

"သား မခံစားနိုင်လွန်းလို့ပါ မေမေရာ···သားရင်ထဲမှာ မှုလောင်လွန်းလို့ပါ။ သားရင်ဘတ်တွေ အရှိန်အောင့်နေပြီ မေမေရဲ့"

"မင်း ယောကျ်ားမဟုတ်ဘူးလား သား"

"လင်းဆစ် သားအပေါ် သစ္စာဖောက်တာဆိုရင် သား ယောကျ်ားမာနနဲ့ ဖြေနိုင်ပါတယ်။ အခု သူက သစ္စာကြီးပါလျက်နဲ့ သားတို့အချစ်၊ သားတို့သစ္စာကို ရိုက်ချိုးခံလိုက်ရတာ။ အဲဒါကို သား မဖြေနိုင်ဘူး"

ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် အခြေအနေက ပြင်ဆင်လို့မှ မရတော့ပဲလေ။

"သား"

"တော်ပါတော့ မေမေရယ်···သား စိတ်ရှိသလောက် ပေါက်ကွဲပါရစေ"

"သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ပြောလေ…သား"

"သားကို မျက်ရည်ကျခွင့်ပေးပါ မေမေရယ်"

မတတ်နိုင်တော့ပြီမို့ ဒေါ်ထားထား ခေါင်းညိတ်လိုက်ရတော့ ၏။ အခိကရဲ့ အတ္တကြီးမှုတွေကြောင့် မျက်ရည်ကျရတာ တစ်ယောက် လည်းမဟုတ်၊ နှစ်ယောက်လည်းမဟုတ်ပါ။ ရင်ထဲမှာ ပေါ့သွားအောင် သား လုပ်ချင်တာလုပ်ပါစေတော့ လှည့်ထွက်လိုက်စဉ်…

"ထား"

"ဟင်…ကို"

"ကို တောင်းပန်ပါတယ် ထားရယ်…ကို့သားကြောင့် အားလုံး စိတ်ဆင်းရဲနေကြရပြီ"

"ရပါတယ် ကို…ဒီအရိပ်ကို ခိုမိမှတော့ အရွက်ကြွေကြွေ အကိုင်းကျိုးကျိုး ထိနဲ့မိုးဖို့ ထား မကြိုးစားပါဘူး။ ဖြစ်လာသမျှ ရင်ဆိုင် ရတော့မှာပဲပေါ့"

"ထားရယ်"

သားရဲ့လုပ်ရပ်တွေကြောင့် ဦးကောင်းကင် ဘယ်သူ့ကို မျက်နှာပြချင်စိတ်တောင် မရှိတော့ပေ။ အတ္တကြီးတဲ့ ကိုယ့်သားကအော မပူလောင်ရဘူးတဲ့လား။ ကိုယ်ပြုသည့်ကံအတွက် ကိုယ်ခံရဦးမည် ဆိုတာ ဒီကောင် သိနေပြီ။

အခုပဲ…

လင်းဆစ်က သူလိုချင်တာတွေ မတုံ့ပြန်နိုင်တော့ ဒေါသ





ထွက်ပြီး ပေါက်ကွဲနေတာ။ ကလေးမလေးခမျာလည်း သနားစရာ။

"အရာအားလုံးအတွက် ကို တောင်းပန်ပါတယ်နော်"

"ထား…ဘာကိုပြောတာလဲ"

"ထားတို့သားအမိ ကို့ကျေးဇူးကို ဆပ်နေတာပါ။ စိတ်ချ ကို…ထား သားကို ဒီအိမ်ကနေ ထွက်သွားခိုင်းလိုက်တော့မယ်"

"ထား"

"…………"

"သား ခံစားနေရတာကို ထား မကြည့်ရက်တော့လို့ပါ"

"အဲဒီလိုတော့ မပြောပါနဲ့ ထားရယ်…ထားရဲ့သားက ကိုယ့် သားပဲလေ။ ကိုယ်ရော ကြည့်ရက်တယ်လို့ ထားက ထင်နေလား။ မင်း ပြောပါ…ဒီကိစ္စကလွဲရင် ကျန်တာကို ဘာပဲလုပ်ပေးရလုပ်ပေးရ ထားတို့သားအမိ စိတ်ချမ်းသာအောင် ကို လုပ်ပေးပါ့မယ်"

"ရပါတယ်…ထားတို့အတွက် လုံလောက်နေပါပြီ"

ဒေါ်ထားထား ဒါပဲပြောပြီး ထွက်သွားလေတော့ ဦးကောင်းကင် ရပ်ကျန်ခဲ့ရမလိုလို လိုက်သွားရမလိုလိုဖြစ်ပြီး စိတ်မကောင်းခြင်းတို့ နှင့် သက်တံကိုကြည့်၍ သက်ပြင်းချလိုက်မိ၏။ ဒါ ဝဋ်ကြွေးတစ်ခု လေလား။

နောက်တော့…

သက်တံကို အားနာစွာပဲ လှည့်ထွက်လာခဲ့တော့၏။ အမိက အတွက် သက်တံက အဖြည့်ခံလူသားလေလား။

သက်တံ…



www.burmeseclassic.com

www.burmeseclassic.com



မွန်းကျပ်နေတဲ့ စိတ်၏ထွက်ပေါက်က သက်တံအတွက် ခုချိန်မှာ မျက်ရည်ပဲလေ။ သစ္စာတွေ၊ ကတိတွေ ထားခဲ့ကြပါလျက် နှစ်ဦးနှစ်ဖက် သစ္စာမဲ့ကြတာမဟုတ်ပါဘဲ အခုတော့ စာတစ်ရွက်လို ကျောချင်းခိုင်းပြီး ဝေးလေပြီ။

လင်းဆစ်ရယ်…

နင့်ကို ငါ အသက်ထက်ဆုံး ချစ်သွားမှာပါ။

မုန်းလည်းမမုန်း…

မေ့လည်းမမေ့…

ထာဝရ အစားထိုးမရနိုင်တဲ့ အချစ်မျိုးနဲ့ ချစ်သွားမှာပါ။ ဒါ သူများမယားကို ပြစ်မှားလိုခြင်း မဟုတ်ပါ။ သစ္စာတည်ခြင်းပါပဲလေ။





## အခန်း (၁၀)

"ဒါက ဘယ်ကိုလဲ"

မေးလိုက်တဲ့အသံကြောင့် လင်းဆစ် ခြေလှမ်းတို့ရပ်တန့်သွားပြီး ရင်ထဲက ဝမ်းနည်းကြေကွဲမှုတို့သည် ဒေါသဘက်သို့ ကူးပြောင်းရှိသွားလေ၏။ ဒီမျက်နှာကိုမြင်တိုင်း ရင်ထဲမှာ အမုန်းမီးတောက်တွေက တဟုန်းဟုန်း တောက်လောင်နေခဲ့တာလေ။ အခု လှုပ်ကနဲဆိုတာနဲ့ ဘယ်ကိုလဲ၊ ဘာလုပ်မလို့လဲဆိုတာတွေက ကိုယ့်သိက္ခာတွေကို စော်ကားနေတာ။

သူမ…

သက်တံကို ဘယ်လောက်ပဲချစ်ချစ် အကြွေပန်းကို ကောက်ခိုင်းတာမျိုး မသန့်ရှင်းတဲ့ ကိုယ့်ခန္ဓာကိုယ်နဲ့ သူ့ရင်ခွင်ထဲ ဘယ်တော့မှ တိုးမဝင့်ပေ။ သူများကို သူ့စိတ်နဲ့ နှိုင်းပြီး သဝန်တိုနေတာ ဆေးခြင်းသလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့…မေးနေတယ်လေ"

"ခြံထဲဆင်းမလို့"

"ဘာလုပ်ရအောင်လဲ"

"ဒီမှာ"

အရင်တုန်းက ရှိသေလေးစားစွာနဲ့ ကြောက်ရွံ့ခဲ့ရတာတွေ အခု မျက်ပြယ်သွားပြီလေ။ ကြောက်စိတ်တွေ ကုန်သွားပြီမို့ ရဲရဲ မျက်နှာကို ကြည့်၍…

"ရှင်…စိတ်ချပါ၊ ရှင့်ကြောင့် ညစ်နွမ်းသွားတဲ့ ကျွန်မခန္ဓာ ကိုယ်နဲ့ ဘယ်သူ့အပေါ်မှ မဖောက်ပြန်ဘူး။ ဒါကိုမှ စိတ်မချဘူးဆိုရင် လူသတ်ပြီးတော့သာ ဆေးစိမ်ထားလိုက်တော့"

"ဖြစ်နိုင်ရင် လုပ်ချင်တာ"

"အခု…ကျွန်မ သွားရမှာလား၊ မသွားရဘူးလား"

"သွား…မကြာစေနဲ့"

ချစ်လို့ ကျီစယ်ချင်တဲ့ မျက်စောင်းက ချစ်ဖို့ကောင်းပေမယ့် အခုမုန်းလို့ထိုးတဲ့မျက်စောင်းက ဓားထက်ထက်ပမာနှယ်။ သွားလို့ ခွင့်ပြုလိုက်တာနှင့် ဆက်လျှောက်လာတဲ့ ခြေလှမ်းတွေက မညင်သာ။ နူးညံ့သိမ်မွေ့ခြင်းဆိုတာ ချစ်ရသူအတွက်သာဖြစ်ပြီး မုန်းသူအတွက် ကတော့ ဒီလို ကြမ်းတမ်းခြင်းတွေသာ။

သူ မသိလို့ပါ…

အချစ်ဆိုတာ တောင်းတိုင်းမရ၊ ယူချင်တိုင်းမပေး၊ ပေးတိုင်း လည်း ယူလို့မရတဲ့အရာလေ။ ဒါကို သူက အချစ်ကို ဘောထားပြီး





သူ့ကိုရအောင်ယူခဲ့တာဆိုတော့…

သူနဲ့တန်တဲ့အရာသည်…

"ဟင်"

လင်းဆစ် ခြေလှမ်းတွေ ရပ်တန့်သွားလေ၏။ ကုံကော်ပင် အောက်မှာ ပက်လက်အိပ်နေတာ သက်တံ။

"သက်တံ"

"………"

မောင်လို့ခေါ်လို့ မဖြစ်တော့တာမို့ သက်တံလို့ခေါ်ပြီး လှမ်းသွား တဲ့ခြေလှမ်းတွေက ခပ်သွက်သွက်ပါ။

"သက်တံ"

"ဟင်"

လင်းဆစ်ကိုမြင်တော့ သက်တံ ထထိုင်လိုက်၏။ ဒီနေရာလေး မှာ အမှတ်တရတွေ အများကြီးရှိခဲ့တာမို့ အချိန်တိုင်းလိုလို သူ ဒီနေရာ လေးမှာ ရှိနေခဲ့တာပါ။ လင်းဆစ်ရော ဒီလိုပဲလား။

"လင်းဆစ်"

"သက်တံ"

ထထိုင်လိုက်ပေမယ့် သက်တံလက်ထဲမှာ စာရွက်ကလေး တစ်ရွက်ရှိနေပြီး ရင်ဘတ်နှင့်ကပ်ထားတာမြင်ရလေတော့ လင်းဆစ် ရင်ထဲ ဆို့တက်သွားလေ၏။ ဒီစာရွက်ကလေးကို လင်းဆစ် မှတ်မိ တာပေါ့။ 'မောင်' ကဗျာ ရေးထားတဲ့ စာရွက်ကလေးလေ။

လင်းဆစ်…



www.burmeseclassic.com

www.burmeseclassic.com



သက်တံရှေ့မှာ ရပ်လိုက်ပြီး…

"နှင်း…ဒီစာရွက်ကလေးကို စုတ်ဖြဲပစ်လိုက်ပါတော့ သက်တံရယ်"

"ဘယ်လို"

"နှင်းနဲ့ တန်မှမတန်တော့တာ"

"အဲဒီလိုတော့ မပြောနဲ့လေဟာ"

ပြောပြီး သက်တံ ထရပ်လိုက်၍…

"ဒီကဗျာလေးက ငါ့အတွက် အရမ်းတန်ဖိုးကြီးတယ်။ ငါ လွှင့်မပစ်နိုင်ဘူး လင်းဆက်။ ငါနဲ့ မတန်ဘူးလို့ ဘယ်သူက ပြောလဲ။ တန်လို့ပဲ သိမ်းထားတာ။ တို့နှစ်ယောက်က သစ္စာမဲ့ခဲ့ကြတာ မဟုတ်ဘူးလေဟာ…ဖူးစာမပါလို့ လွဲခဲ့ကြတာပါ"

"သက်တံရယ်"

"အခု နှင်း ဘာလာလုပ်တာလဲ"

"နှင့်လိုပဲပေါ့"

"နှင့်ကို ငါ နားလည်ပါတယ်ဟာ…ဖြစ်နိုင်ရင်လေ ငါ နှင့်ကို ခေါ်ပြီး ကမ္ဘာ့အပြင်ဘက်ထိ ထွက်သွားချင်တာ"

"ငါက"

"နှင့်ဆန္ဒ မပါခဲ့ဘူးမို့လား"

"…………"

သက်တံမျက်နှာကို မော့ကြည့်လိုက်တဲ့ မျက်ဝန်းထဲမှာ မျက်ရည်တွေ။ သူခေါ်တိုင်း ကိုယ်က လိုက်ရက်ပါ့မလား။ ကိုယ့်ဆန္ဒမပါခဲ့တာ





မှန်ပေမယ့် ကိုကိုကြီး အခန်းထဲကို ဝင်မိတာက ကိုယ့်အမှားလေ။ ပြီးတော့ သက်တံက ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ ဘာကိုမှ ထည့်မတွက် သည့်တိုင်…

ကိုယ်ကတော့…

ကိုယ်ချစ်တဲ့သူကို ဒုက္ခသောက အထိုက်မခံနိုင်ပေ။ နှင်းနဲ့ငါ စထိုက်တန်တော့လို့ပါ သက်တံရယ်။

"လင်းဆက်"

"…………"

"နှင်းနဲ့ငါ ထွက်ပြေးရအောင်ဟာ"

"မဖြစ်နိုင်တာ သက်တံရယ်"

"ဘာလို့မဖြစ်နိုင်ရမှာလဲ…သူနဲ့နှင်းက လက်မှမထပ်ရသေးတာ"

"လက်မထပ်ရသေးပေမယ့် ငါက သူ့ရဲ့မိန်းမ ဖြစ်နေပြီလေဟာ"

"ဗျာတ်"

အဲဒီစကားကိုပဲ သက်တံ မကြားနိုင်တာပါ။ ဒါ လင်းဆက်အမှား မှ မဟုတ်ပဲလေ။ သူ ခွင့်လွှတ်နိုင်တာပဲဥစ္စာ။

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ သက်တံရယ်…နှင်း မရှုံးချင်စမ်းပါနဲ့တော့"

"ငါ မရှုံးလို့ပြောနေတာဟ"

"ငါက နှင်းနဲ့တူပြီး လိုက်မိုက်မယ်လို့ နှင်း ထင်နေလား



www.burmeseclassic.com

www.burmeseclassic.com



သက်တံ။ ငါ့ရဲ့ မသန့်ရှင်းတဲ့ ခန္ဓာကိုယ်ကို နှင့်ရင်ခွင်ထဲ ငါ ဘယ်တော့မှ ထိုးမအပ်ဘူး…သိလား"

"လင်းဆစ်"

သက်တံက တကယ်ပဲ ရွှန်စားချင်သူပါ။ အနိုင်ကျင့်ခံရတာကို အပြစ်လို့ပြောလို့ရမလား။ ဒါကြောင့်ပဲ သူ့လက်ကိုဆွဲပြီး ပြေးထွက်သွားချင်တာ။

"ငါ့ကို သနားပါ သက်တံရယ်"

"ဘာကိုသနားရမှာလဲ…နှင် သူနဲ့လက်ထပ်လို့ စိတ်ချမ်းသာရမယ်လို့ နှင် ထင်နေသလား။ အခုတောင် နှိပ်စက်နေတာ။ နောက်ဆို ဘယ်မှာလဲ။ အဲဒါကို ငါ မကြည့်ရက်ဘူးဟ။ နှင်တို့အိမ်ထောင်ရေး မသာယာဘူးဆိုတာ ငါ သိနေတယ် လင်းဆစ်ရဲ့…နှင့်ကို ငါ ဒုက္ခမရောက်စေချင်ဘူး"

"အဲဒါ…ငါ့ဘဝရဲ့ကံပဲ သက်တံ၊ ဖြစ်လာသမျှ ငါပဲ ရင်စည်းခံမယ်"

လင်းဆစ်ကလည်း ပြတ်၏။ မဖြစ်နိုင်တော့ဘူးဆိုမှတော့ ရွှေအိုးထမ်းလာလည်း ရွှေစော်နံလို့ ပြန်လိုက်ပါဦးပဲပြောရမှာ။

"ငါ့ကို နားလည်ပါ"

ပြောပြီး လင်းဆစ် သူ့ရှေ့မှာ ပြေးထွက်လာခဲ့တော့၏။ ဝေးလက်စနဲ့ ဝေးပါစေတော့လေ။

"လင်းဆစ်"

လုံးဝ လှည့်မကြည့်တော့ပါဘဲ လင်းဆစ် ပြေးထွက်လာခဲ့ပြီး





နောက် အိမ်ထဲကိုရောက်တော့…

"ဘယ်လိုဖြစ်လာတာလဲ"

"…………"

"ဘာလဲ…ဟိုကောင်နဲ့တွေ့ပြီး အလွမ်းတွေသယ်နေကြတာ မဟုတ်လား။ မဟုတ်ဘူးလို့တော့ မငြင်းနဲ့။ ငါ မြင်တယ်ကွ… နားလည်လား"

"ကျွန်မကလည်း မငြင်းပါဘူး"

"ဘာ"

"ဒါပေမယ့် ရှင် သိထားစမ်းပါ။ သက်တံက အကြွေပန်းကို ကောက်နမ်းမယ့်ယောကျ်ားမျိုး မဟုတ်ဘူး။ ကျွန်မကလည်း ရှင် ဖျက်ဆီးခဲ့တဲ့ဘဝနဲ့ သူ့ရင်ခွင်ထဲ တိုးဝင်မယ်လို့ ရှင် ထင်နေသလား"

"မင်း…တောက်"

လက်ရွယ်လိုက်တာနှင့် လင်းဆစ်က မျက်နှာငုံ့စောင်းပေးပြီးသားပါ။ သူများတွေလို မကြောက်ပါဘူး။ စကားအဆိုရှိတာကတော့ အရိုးကွဲမှ အသည်းစွဲတယ်တဲ့။ လင်းဆစ်ကတော့ သူတစ်ခါရိုက်တိုင်း တစ်ခါပိုပြီး အမုန်းတွေ ကြီးထွားချင်လို့ပါ။ အဲဒါမှ သူ့ကို စိတ်ဒုက္ခ ပြန်ပေးလို့ရမှာပေါ့။

အခိက…

ဒေါသထွက်ရင် စိတ်မထိန်းတတ်တာမှန်ပေမယ့် ခဏခဏတော့ မရိုက်ရက်ပေ။ ချစ်လို့ပဲ ရအောင်ယူထားခဲ့တာ ရိုက်ရက်ပါ့မလား။ ဒါကြောင့် ရွယ်တဲ့လက်ကို အောက်ချလိုက်စဉ်…



www.burmeseclassic.com

www.burmeseclassic.com



"ရိုက်လေ…ရိုက်ပါ"

"မင်း…ငါ့စိတ်ကို ဆွမပေးနဲ့နော်…လင်းဆစ်"

"……….."

လင်းဆစ်မျက်နှာကို စိုက်ကြည့်နေရင်း အချစ်စိတ်ကြောင့် ဒေါသတွေ အားပျော့သွားကာ…

"အင့်"

လင်းဆစ်ကိုယ်လေးကို ဆွဲဖက်လိုက်တာ ရင်ဘတ်ချင်း ပစ်တိုက်မိသလိုပါပဲ။

"လင်းဆစ်ရယ်…မင်းကို ကိုယ် အရမ်းချစ်လွန်းလို့ပါကွာ"

"……….."

"မင်း…ကိုယ့်ကို ထားခဲ့မှာ ကိုယ် အရမ်းကြောက်တယ်။ အဲဒါကြောင့် ရအောင်ယူခဲ့တာကို နားလည်ပေးပါ"

စကားအဆုံးမှာ မွှတ်သိမ့်သောအနမ်းတွေ ပါးပြင်ပေါ်ကို ကျရောက်လာခဲ့ပေမယ့်…

လင်းဆစ်ရင်ထဲမှာ…

ရင်ခုန်သံတွေ ပျောက်ဆုံးနေခဲ့ပြီ။





# အခန်း (၃၂)

မင်္ဂလာပွဲက စီစဉ်ထားတာ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ပါ။ စင်ထရယ်ဟိုတယ်မှာ ဆောင်ကြမှာလေ။ အဲဒီမင်္ဂလာပွဲပြီးတာနဲ့ သူ လင်းဆစ်ကို အတိအကျ ပိုင်သွားပြီပေါ့။ အဲဒီအရေးကို တွေးပြီး လင်းဆစ် ကျခဲ့တဲ့မျက်ရည်မိုးက ဒီနေ့လည်း သဲရပြန်ပြီ။

စာအုပ်ကလေးကို ဖွင့်လိုက်တော့…

လင်းဆစ်ကိုယ်တိုင် ရေးစပ်ထားတဲ့ 'မောင်' ကဗျာလေးပါ။ စာကာယ်ပဲ ဝေးကြရပြီ မောင်ရေ…သစ္စာတွေ၊ ကတိတွေ ဘယ်လိုပဲ တည်ခဲ့တည်ခဲ့ ဖျက်သူရှိတော့ ပျက်ခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

မောင်…
ဘယ်လောက်ဝေးဝေး
ရင်မှာနှောင်ဖွဲ့
တစ်ရက်ထက်တစ်ရက်
ပို…ပိုပြီး ချစ်လာတယ် မောင်…။
ထာဝရမခွဲ
မောင့်အနားမှာပဲနေချင်တယ်။
မောင့်ပခုံးထက်မှေးစက်
ဝေးရက်တွေအတွက် အလွမ်းဖြေပါရစေ
ရင်ထဲမှာမောင်
နှောင်အခါမှာလည်း
မောင်သာ နှလုံးသားမှာတည်မြဲ
လမ်းမခွဲကြေးနော်…မောင်…။

ကဗျာလေးပေါ်မှာ မျက်ရည်တွေ စိုစွတ်သွားလေသည်။ ဒီဘဝ မှာ မပေါင်းကြရလို့ နောင်ဘဝဆိုတဲ့ မသေချာသောဆုကိုလည်း လင်းဆစ် မိုက်မိုက်မဲမဲ မတောင်းပါဘူး မောင်ရယ်။ တစ်ပါးသူနဲ့ ရင်ခွင်ထဲကနေလည်း မောင့်ကို မလွမ်းချင်ပါဘူး။ အဲဒီတော့ လင်းဆစ် မှာ လုပ်စရာနည်းလမ်းတစ်ခုပဲ ရှိပါတယ်။

အဲဒီနည်းလမ်းအတွက်…

အားလုံးပဲ လင်းဆစ်ကို ခွင့်လွှတ်ကြပါ။ ရှင်တော်မြတ်ဘုရား





ဘုရားတပည့်တော်မှာ ဝဋ်ကြွေးတွေရှိရင် ဒီဘဝ ဒီမျှနဲ့ပဲ ကျေပါစေ တော့ဘုရား။

နောက် အမှတ်တရရှိနေတာက…

ဘူးလေးနဲ့ စုထည့်ထားတဲ့ ကုံကော်ပန်းအခြောက်ကလေးတွေ။

"အပေါ်ကို မော့ကြည့်လိုက်စမ်း"

"ဘာလဲ"

"ကြည့်လေ…ကြည့်ရင် မြင်မှာပေါ့"

ကြားယောင်မိတဲ့စကားကြောင့် လင်းဆစ် ယောင်ယမ်းပြီး ခေါင်းလေး မော့ကြည့်မိလိုက်တော့ မျက်လုံးက မြင်လိုက်ရတာ ကုံကော်ပန်းတွေတော့ မဟုတ်ဘူးပေါ့လေ။

"ဟယ်…ကုံကော်ပန်းတွေ ပွင့်နေတယ်"

"နင့်နှာခေါင်းပဲ အနံ့မရဘူးလား"

"အမယ်…အနံ့ခံရအောင် ငါက ခွေးမှမဟုတ်တာ"

"လာပြီ…အဲဒါ နင့်ကိုယ်နင် နှိုင်းတာနော်"

"တက်ခူးပေးလေ"

"ငါမှ သစ်ပင်မတက်တတ်တာ"

"အမယ်…မျောက်လောင်းကများ"

သက်တံ ကုံကော်ပင်ကို မော့ကြည့်လိုက်ပြီး…

"အပင်က မြင့်တယ်ဟ"

"သစ်ပင်ပဲ မြင့်မှာပေါ့၊ ဒီထက်မကမြင့်တဲ့ အပင်တွေအောင် နင် တက်လာတာမဟုတ်လား။ ဘာလဲ…နင် ခူးမပေးချင်ဘူးလား…



www.burmeseclassic.com

www.burmeseclassic.com



ရတယ်"

"ဟာ…ဟော့"

လင်းဆစ် စိတ်ကောက်မှာကို သက်တံက အဲဒီလို သေမလောက်ကြောက်တဲ့သူ။ အရာရာမှာ လင်းဆစ်ဆန္ဒ၊ လင်းဆစ်သဘောအတိုင်းပါပဲ။ လင်းဆစ် တစ်ခုခုအမှားလုပ်လို့ အပြစ်ပေးခံ့ရပြီဆိုလည်း သူပါ အပြစ်ပေးခံပြီး အဖော်လုပ်ပေးခဲ့သူ။ အဲဒီလောက် မေတ္တာအကြင်နာ ကြီးမားသူနဲ့…

ချစ်ပါတယ်ဆိုပြီး…

ထစ်ကနဲဆို လက်ပါတတ်သူ…ကလေးများတောင် မသိတတ်သေးပေယ့် အချော့ကြိုက်ကြသည်မဟုတ်လား။ လင်းဆစ်ကလည်း သူချော့တာ မခံချင်ပါဘူး။ ငယ်ငယ်ကတည်းက သက်တံလိုဆိုရင်တော့ မသိဘူးပေါ့လေ။

"လက်စသတ်တော့ မင်းက ငါ့အကြံတွေကို သိသွားပြီထင်တယ်။ သိလည်း မင်း နောက်ကျသွားပြီ သက်တံ။ ပြန်လာပြီးရင် တော်သလိုနေ။ သူများမယားကို ကြာကူလီလုပ်မယ်တော့ မကြံနဲ့"

"ကိုကိုကြီး"

"နှင့်ပါးစပ်ကို ပိတ်ထားစမ်း"

"ကိုကိုကြီး သက်တံကို မတရားမပြောပါနဲ့။ ကိုကိုကြီးက သူများအချစ်ကို လုယူခဲ့တဲ့ ဒသဘီလူး"

"ဘာ"

"…………"





"ငါးပိကောင်ဖြစ်နေတာတောင် အမြီးလှုပ်ချင်သေးတဲ့ မိန်းမ…တဲ"

"ဖြန်း"

ဒါတွေကို မြင်ယောင်ကြားယောင်မိတော့ လင်းဆစ် အံကြိတ်လိုက်မိ၏။ ရှေ့ဆို ဒီထက်ပိုဆိုးဦးမှာ။ သူ လိုချင်တာတွေ လင်းဆစ်ပေးနိုင်ပါဘူး။ ဒီတစ်သက်လုံးပါပဲ။

"တိုယ့်အသည်းလေး လိုချင်ရင် ခူးပေးမှာပေါ့။ မိုးပေါ်ကိုပဲ လှေကားထောင်တက်ရ…တက်ရ"

"ကြည့်စမ်း…အသားယူတာ"

"အင်…နှင့်အသား ငါ ဘယ်လိုလုပ်ယူလို့ရမှာလဲ။ တစ်ကိုယ်လုံးယူမှရမှာ"

"သက်တံရုတ်…စကားကို အကောင်းကိုမပြောဘူး"

"ကဲပါ…သခင်မကို ဆက်သဖို့ ကျွန်တော်မျိုး တက်ခူးပေးပါ့မယ်နော်"

အဲဒီလို အမြဲတမ်း လင်းဆစ်အတွက် အလိုလိုက်အကြိုက်ဆောင်ခဲ့တဲ့ မောင်…ခုတော့လည်း ဝေးကြရပြီပေါ့ မောင်ရယ်။

"နင်နဲ့ငါ့ကြားမှာ ကျေးဇူးတင်တယ်ဆိုတဲ့စကား ပြောစရာလိုလို့လား လင်းဆစ်ရဲ့။ အဲဒီစကားအတွက် ငါ ဘယ်လိုခံစားရနိုင်လဲ…နင်း တွေးမိရဲ့လား"

"ကျေးဇူးတင်လို့ တင်တယ်ပြောတာကို ခံစားစရာလား။ နှင့်ကိုက ရှုပ်ကြီးချိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"မဟုတ်လို့လား"

"နှင် ပြောရက်လိုက်တာ လင်းဆစ်ရယ်...သက်တံဆိုတဲ့ ကောင်က နှင်နဲ့ပတ်သက်လာရင် ဘာမဟုတ်တဲ့ အသေးအမွှားကိစ္စ ကအစ အလေးထားခဲ့သူပါဟ...အဲဒါကို နှင်က ပုံကြီးချဲ့တယ်လို့ ထင်လိုက်တာလား။ ရပါတယ်...ထင်ပါ။ ငါကတော့ နှင်နဲ့သက်ဆိုင် သမျှအရာအားလုံး ပုံကြီးချဲ့နေဦးမှာပဲ။ တစ်သက်လုံး ထာဝရသောတဲ့ အထိပေါ့။ အဲဒါ ဘာဖြစ်လို့လဲ သိလား"

"ပြောပါဦး...ဘာဖြစ်လို့လဲ"

အရာအားလုံးက စလိုးမိုးရှင်းပြကွက်တွေလိုပါပဲ။ မမေ့နိုင် အောင် ကြင်နာယုယခဲ့တော့ မမေ့နိုင်ဘူးပေါ့လေ။ ထားခဲ့ဖူးတဲ့ ကတိတွေ၊ ခိုင်မြဲသော သစ္စာတရားတွေကို သက်သေပြဖို့အတွက် လင်းဆစ် ရှုန်းစားရတော့မယ် မောင်။ မောင့်ရင်ထဲကနေ အပြီးအပိုင် အထုတ်ခံရမယ့်အစား တစ်သက်လုံး လွမ်းတသသဖြစ်နေတာမျိုးပဲ လင်းဆစ် လိုချင်တယ်။

ခုလို ဆုံးဖြတ်တဲ့အတွက်...

မိုက်ရူးရဲဆန်တယ်လို့ ဘယ်သူမှ မသနားကြရင်နေပါစေတော့။ ကိုယ့်ဘဝနဲ့ကိုယ့်အကြောင်းပဲပေါ့လေ။

"တစ်လောကလုံးမှာ နှင် အားအကိုးချင်ဆုံးယောက်ျားက ငါပဲ ဆိုတာ သေချာလား လင်းဆစ်"

"သေချာတာပေါ့"





"ငါကလည်း တစ်လောကလုံး ရှိရှိသမျှ မိန်းမတွေအများကြီး ထဲမှာ နှင်တစ်ယောက်တည်း အားကိုးတာကိုပဲ ခံချင်တာဟ။ အဲဒီ တော့ နှင်နဲ့ငါ တစ်သက်လုံးမခွဲဘဲ အတူနေကြရအောင်လေ...နော်။ ပျော်ရွှင်စရာမိသားစုဘဝလေးကို တည်ဆောက်ကြတာပေါ့။ တစ်ယောက်အပေါ်တစ်ယောက် နားလည်မှုတွေ အပြည့်နဲ့ပေါ့ဟာ"

"နှင် ငါ့ကို ရည်းစားစကား ပြောနေတာလား သက်တံ"

"မဟုတ်ပါဘူး"

"ဒါဆို"

"ချစ်ရေးဆိုတာလေ...ချစ်တဲ့အကြောင်း ပြောတာ။ နှင့်ကို ငါ ချစ်တယ်။ လက်ထပ်ချင်တယ်။ မင်္ဂလာဆောင်ချင်တယ်။ သင်မယားဖြစ်ချင်တယ်"

"သက်တံ"

"ဟင်...ဘာလဲ"

"ထောင်တန်တဲ့စကား ရယ်ရင်ပေါ့တဲ့။ နှင်ပြောပုံက လေးလေး နက်နက်မရှိဘူး...သိလား"

"ဟုတ်လား...ဒါဆို ဆန်နှစ်အိတ်လောက်ထမ်းပြီး ပစိဖိတ် သမုဒ္ဒရာထဲကို ဆင်းပြောမယ်လေ"

"သက်တံ"

"အား"

စစနောက်နောက်နဲ့ အဲဒီလိုပြောခဲ့ပေမယ့် တကယ်တမ်းမှာ လေးနက်ခဲ့ကြပါတယ်။ ဒီထက်ပိုပြီး လေးနက်ရဦးမှာ ဘာရှိသေးလဲ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး ခုတော့ မျက်ရည်နဲ့မျက်ခွက်ဖြစ်ပြီး နီးလျက်ဝေးနေရတာ။

နေခဲ့တော့ မောင်…

နေလက်စနဲ့ မောင် နေရစ်ခဲ့ပါတော့။ လင်းဆိတ် ထွက်သွားတော့မှာပေမယ့် မောင့်ရင်ထဲမှာ ထာဝရ တည်တံ့နေမယ်ဆိုတာ လင်းဆိတ်ယုံကြည်ပါတယ်။

အချစ်ဆိုတာ…

လင်းဆိတ်တို့အတွက် ခါးသက်မှောင်မိုက်မှုတွေပါ။ ဒီကဗျာလေးထဲကလို လမ်းမခွဲချင်ပေမယ့် နှုတ်ဆက်ခဲ့ပါတယ် မောင်။

လင်းဆိတ်ကို သွားခွင့်ပြုပါတော့…

အလွမ်းဆိုတာ…

စမ်းရေထဲမျှောလို့ရတဲ့ပန်းတွေ မဟုတ်ဘူးချစ်သူ။ ဒါကြောင့် အလွမ်းဆိုတဲ့ဝေဒနာကို မခံစားနိုင်ခြင်းတို့နှင့်အတူ…





## အခန်း (၃၃)

"လင်းဆိတ်ရေ…သမီး"

"…………"

"ဒေါက်…ဒေါက်"

"လင်းဆိတ်"

"…………"

"သမီးရဲ့ကိုကိုကြီး ခေါ်နေတယ်…ထွက်လာခဲ့ပါဦးကွယ်"

"…………"

"သမီး…လင်းဆိတ်"

တကြော်ကြော် ခေါ်နေပေမယ့် လင်းဆိတ်ထံမှ တုံ့ပြန်သံ ဘာမှမကြားရပေ။ ထို့ကြောင့် စေ့နေတဲ့တံခါးကို တွန်းကြည့်လိုက်တော့ အလွယ်တကူ ပွင့်သွားလို့ ဝင်လာခဲ့စဉ်…



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"............"

"ဟင်"

မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ဒေါ်ထားထား ရင်တွေခောင့်ချ ပြီး မျက်လုံးများပင် ပြာဝေသွားလေသည်။ ကုတင်ပေါ်မှာ လင်းဆစ် က အဆန့်သားကြီး အိပ်ပျော်နေပြီး အောက်မှာပြုတ်ကျနေတာက အိပ်ဆေးပုလင်းဆိုတော့...

"အမယ်လေး...သမီးလေး"

ရင်ဘတ်စည်တီးပြီး ငိုလည်းငိုကာ ဒေါ်ထားထား လင်းဆစ်ကို ပြေးပွေ့လေတော့၏။ တစ်ဖက်မှာတော့...

"ကိုကိုကြီး...ကျွန်တော့်ကို ဘာပြောမှာလဲ ပြောပါ၊ ကျွန်တော် က ကိုကိုကြီးမွေးတဲ့မျောက်ပါ။ ကိုကိုကြီးကို ပြန်မခြောက်ပါဘူး"

"အေး... အဲဒါဆို ငါ ရှင်းရှင်းပဲပြောမယ်"

သက်တံ နားစွင့်နေလိုက်၏။ သူမယားလိုချင် သူ့လင် လုံးနှိုက် ဆိုတာမျိုးမဟုတ်ပေမယ့် လင်းဆစ်ကို လိုချင်တာနဲ့ ကိုယ်က နိုင်ငံခြား ကို အပို့ခံရသူ။

အခု...

ဒီအိမ်ကနေထွက်သွားလို့ ပြောမလား။ သတ်ပစ်လောက်တဲ့အထိ တော့ မဖြစ်နိုင်ပါဘူး။

"မင်း...လင်းဆစ်နဲ့ ဝေးရာကို ထွက်သွားပါ။ အဲဒီထက်ပိုပြီး ငါ ဘာမှမပြောချင်ဘူး။ ပြောရရင်လည်း လက်ပါမိလိမ့်မယ်။ အဲ





တော့ ကိုယ့်အသိနဲ့ကိုယ် မင်း ဆုံးဖြတ်ပြီး ထွက်သွားပါ သက်တံ"

"ကျွန်တော် ထင်ပါတယ်"

"ဘာကိုလဲ"

"ဒီစကားပဲပြောမယ်ဆိုတာ"

"ကြိုသိနေရင်လည်း ထွက်သွားပါတော့လား"

"သွားမှာပါ"

"မနက်ဖြန် တို့မင်္ဂလာဆောင်တော့မှာ။ ဘာလဲ မင်းက မပိုင်ဆိုင်လိုက်ရတဲ့ သတို့သမီးမျက်နှာကို တစ်သက်စာအတွက် ထိုင်ငေးသွားချင်သေးလို့လား"

"ဟုတ်တယ်ဆိုရင် ကိုကိုကြီး သဝန်မတိုနဲ့ပေါ့"

"ဘာကွ"

ချစ်ပါတယ်ဆိုမှတော့ သဝန်တိုတာပေါ့။ သဝန်တိုလို့ပဲ ခုလို မပြောချင်တာတွေ ပြောနေရတာမဟုတ်ဘူးလား။ ဒါကို အညွှန့်တက် မေးနေတာကို ဒေါ်သက ထပ်အပြစ်မြင်ချင်မိ၏။ အမှတ်မရှိတဲ့ကောင်။

ကိုယ်မရနိုင်တော့ဘူးဆိုမှတော့...

ယောက်ျားမောနဲ့ ဥပေက္ခာပြုလိုက်ပါတော့လား။ အခုတော့...

"အမယ်လေး...ကယ်ကြပါဦး။ သားရေ...ကို...ကယ်ကြ ပါဦး"

"မေမေ"

"သား"

ဘာမှန်းမသိ သက်တံ မေမေ့ဆီကိုသွားလိုက်တော့ မေမေက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုသာဖက်ပြီး ငိုလေတော့၏။

"မေမေ ဘာဖြစ်လို့လဲ"

"သားရယ်…လင်းဆစ်…လင်းဆစ်"

"ဗျာ"

"လင်းဆစ် ဘာဖြစ်လို့လဲ"

"လင်းဆစ်…သေပြီ သားရဲ့"

"ဗျာ"

"ဘာ"

"သူ အိပ်ဆေးတွေ အလွန်အကျွံသောက်ပြီး…အီး…"

ပထမတော့ သက်တံရော အဓိကပါ ကြောင်နေကြပြီး…

နောက်တော့…

"လင်းဆစ်"

"လင်းဆစ်"

နှစ်ယောက် အပြေးအလွှားပဲ လင်းဆစ်ဆီသို့ သွားကြလေသည်။ လင်းဆစ်က ကိုယ့်ကိုယ်ကိုယ် သတ်သေသတဲ့လား။ လုပ်ရက်လိုက်တာ…လုပ်ရက်လိုက်တဲ့ လင်းဆစ်ရယ်။

"လင်းဆစ်"

သက်တံက အရင်ရောက်တာမို့ လင်းဆစ်ခန္ဓာကိုယ်လေးကို ပြေးပွေ့လိုက်မိ၏။

"လင်းဆစ်ရယ်"

မခုံဆည်းကြတော့ပေမယ့် မျက်နှာလေးမြင်နေရရင်တောင်





ကျေနပ်နိုင်ပါသေးတယ်။ ခုတော့ အရာအားလုံးကို ကျောခိုင်းထွက်သွားပြီပေါ့။ ခွင့်လွှတ်ပါတယ်လို့ အတန်တန်ပြောထားတဲ့ကြားက အသက်ရှုသံလေးပင် ငွေ့ငွေ့မကြားရ၊ အလွမ်းပြေကြည့်စရာ မျက်နှာလေးတောင် မပြတော့ဘူးလား အချစ်ရယ်။

တစ်ပါးသူရင်ခွင်ထဲကိုရောက်နေလည်း…

ကမ္ဘာမြေရဲ့ တစ်ထောင့်တစ်နေရာမှာ နင် အသက်ရှင်လျက်ရှိနေမယ်ဆိုရင် ငါ ကျေနပ်နိုင်ပါတယ် လင်းဆစ်ရယ်။ ငါ့အတွက်က အချစ်ဆိုတာ ခွင့်လွှတ်နားလည်ပေးနိုင်ခြင်းပါ။

ရက်စက်လိုက်တာ ကံကြမ္မာရယ်။

ဖြစ်နိုင်ရင် ကျွန်တော့်ချစ်သူကို ပြန်လည်နိုးထခွင့်ပေးပါ။

"လင်းဆစ်…နင် ဘာလို့ အဲဒီလိုလုပ်ရတာလဲဟာ"

"…………….."

"နင် မသိဘူးလားဟာ…နင် ဘယ်သူ့ရင်ခွင်ထဲကိုပဲ ရောက်နေ နင် အသက်ရှင်လျက်ရှိနေသေးရင် ငါ ကျေနပ်နိုင်ပါသေးတယ်။ ခုတော့"

စကားမဆက်နိုင်ဘဲ မျက်ရည်တွေသာကျလျက် ရင်ထဲမှာက နွေဆယ်နွေ။

"တောက်"

အဓိက ခံပြင်းစွာ တက်ခေါက်လိုက်မိ၏။ လက်သီးကို ကျစ်နေအောင်ဆုပ်ထားမိပြီး ကြိုကနဲ့နေအောင် အံလည်းကြိတ်လိုက်မိသည်။ အသက်ကိုရင်းတဲ့အထိ ကိုယ့်ကို မုန်းသွားတဲ့မိန်းမ။ ယောက်ျားနက



www.burmeseclassic.com

www.burmeseclassic.com



မနေခြောဘူးဆိုတဲ့စိတ်ပဲ ဖြစ်တည်၏။ ချစ်လွန်းတော့ မခံစားရဘူးတော့ မရှိပါဘူး။

ဒါပေမယ့်…

လွမ်းတာကို နာတာနဲ့ဖြေမယ်။ မနက်ဖြန် မင်္ဂလာဆောင်တော့ မယ့်ဆဲဆဲ ဒါ…ကိုယ့်ကို အရှက်ခွဲလိုက်ခြင်းပဲပေါ့။ ပြောကြတော့ မယ်လေ ပတ်ဝန်းကျင်က သို့လော သို့လော စကားသံတွေနဲ့အတူ ကြည့်လာကြမယ့် မျက်လုံးတွေကို ရင်ဆိုင်နိုင်အောင် ငါ ကြိုးစားမယ် လင်းဆစ်နှယ်။

မင်း သေသွားတဲ့အတွက်…

ငါ မနေခြောဘူး။

"မင်း နိုင်ပါတယ်…သက်တံ"

ဒါပဲပြောပြီး လှည့်ထွက်သွားလေတော့၏။ သက်တံမှာတော့ တစ်ခုပြီးတစ်ခု ဆုံးရှုံးခြင်းတွေနဲ့ လင်းဆစ်ကိုယ်လေးကို ဖက်ထားမိ ကာ…

အနိုင်အရှုံးဆိုတာ သူ မသိ။

ရင်ထဲမှာ မချိတာတော့ တကယ်ပြင်းပြင်းရှုရှိုး ရက်စက်လိုက် တာ ချစ်သူရယ်လို့သာ ညည်းတွားရင်း ရှေ့ဆက်ရမည့်ခရီးသည် အထီးကျန်ခြောက်သွေ့စွာ…။

**ပရိသတ်များကို ထာဝရချစ်ခင်လေးစားလျက်…**

**မိုးစက်ပွင့်**







www.burmeseclassic.com